# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ပထမဝါဆိုလပြည့်ကျော် (၁၃)ရက် ၊ တနင်္ဂနွေနေ့ ၊ (12-7-2026) ၊ အတွဲ (၃၅) ၊ အမှတ် (၀၇၃)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖွင့်လှစ်ပေး






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အနီးစခန်းလေဆိပ် အဆောက်အအုံသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၁**

ခရီးသွားဧည့်သည်များ အချိန်တို အတွင်း အဆင်ပြေချောမွေ့စွာလာရောက် လည်ပတ်နိုင်စေရေးနှင့် ဒေသခံပြည်သူ များ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက် ရေးအတွက် ရည်ရွယ်၍ အဆင့်မြှင့်တင် တည်ဆောက်ပြီးစီးခဲ့သည့် ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ် ဖွင့်ပွဲအခမ်းအနား ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးပြီး အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ဒုတိယဗိုလ်ချုပ်ကြီးညွှန့်ဝင်းဆွေဦးဆန်းဦး၊ ဦးမျိုးသန့်၊မန္တလေးတိုင်းဒေသကြီးဝန်ကြီး ချုပ် ဦးမျိုးအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကိုကိုဦး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လေကြောင်းလိုင်းများမှ တာဝန်ရှိသူများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ များနှင့် မြို့၏ အစဉ်အလာကောင်းများ စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်ရေး ဆွေးနွေးမှာကြား


စာမျက်နှာ - ၂၀

## နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဇူလိုင် ၁၁**

ယနေ့နံနက် ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် ယနေ့နံနက်မှ ဇူလိုင် ၁၈ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊

**စာမျက်နှာ ၂၂ ကော်လံ ၁**




မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာန WRF မော်ဒယ်လ်၏ဇူလိုင်၁၀ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲ အချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဇူလိုင် ၁၂ ရက်မှ ၁၅ ရက်ထိ မိုးရွာသွန်းမှု ခန့်မှန်းချက်ပြပုံ။

## ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်းများ ထုတ်ပေးမည့်အစီအစဉ် ကြေညာ

၁။ ၂၀၂၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအမှတ်စာရင်းများကို Online မှ ကြိုတင်လျှောက်ထားသည့်စနစ်ဖြင့် ထုတ်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်ထားပါသည်။ ဇူလိုင် ၁၄ ရက်(အင်္ဂါနေ့)မှစတင်၍ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၏ DME Online Service Portal ဖြစ်သော https://osp.dme.gov.mm တွင် ကြိုတင်ရက်ချိန်း ရယူလျှောက်ထားနိုင်ပါမည်။

၂။ အဆိုပါအမှတ်စာရင်းများကို ဇူလိုင် ၁၆ ရက်(ကြာသပတေးနေ့)မှစတင်၍ မိမိလျှောက်ထားခဲ့သည့် **မြန်မာနိုင်ငံစာစစ်ဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၅၂) နေပြည်တော် သို့မဟုတ် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ရုံးခွဲ) (၁၂)ရပ်ကွက် ပါရမီလမ်း လှိုင်မြို့နယ် ရန်ကုန်မြို့**တို့တွင် DME Online Service Portal က ထုတ်ပေးသည့် QR Code နှင့် လုပ်ငန်းစဉ်နံပါတ်ပြသ၍ လာရောက်လျှောက်ထားထုတ်ယူရပါမည်။

၃။ လာရောက်ထုတ်ယူရန် အခက်အခဲရှိသူများအနေဖြင့် DME Online Service Portal တွင် လျှောက်ထားပါက မြန်မာ့စာတိုက်လုပ်ငန်း၏ စာပို့စနစ်ဖြင့် ပို့ဆောင်ပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**

## နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်း အကောင်အထည်ဖော်တည်ဆောက်ပြီးစီးခဲ့သည့် ရွှေမြို့ ၁၅ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲကျင်းပ

စာမျက်နှာ - ၂၂

ရတနာပုံ
၂၀၂၆ ခုနှစ် ဇူလိုင် ၁၂ ရက်
အယ်ဒီတာ့အာဘော်

# အနာဂတ်မျိုးဆက်သစ်တို့အတွက် ကျောင်းအခြေပြု ရောဂါကာကွယ်ရေး

မိုးရာသီ၏သဘာဝအရ စွတ်စိုထိုင်းမှိုင်းမှု၊ ရေဝပ်ဧရိယာများပြားမှု၊ ခြင်၊ ပိုးလောက်လမ်း အစရှိသည်တို့ ခိုအောင်းပေါက်ဖွားမှုနှင့်အတူ သွေးလွန်တုပ်ကွေးကဲ့သို့သော ကူးစက်ရောဂါအန္တရာယ်များသည်လည်း တွဲဖက်ပါရှိလာတတ်ရာ ၎င်းသည်အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားရေးနှင့် ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိသည်။

ကလေးသူငယ်များသည် နိုင်ငံတော်၏ အဖိုးတန်ရတနာများဖြစ်ကြသည့်အလျောက် ၎င်းတို့၏ ကျန်းမာကြံ့ခိုင်ရေးသည် နိုင်ငံတော်တည်ဆောက်ရေး၏ အခြေခံအကျဆုံး လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် နှစ်စဉ် ဩဂုတ်လတွင်ရောက်ရှိလာမည့် "ကျောင်းကျန်းမာရေးရက်သတ္တပတ်" ကို ကြိုဆိုသောအားဖြင့်လည်းကောင်း၊ မိုးရာသီအတွင်း အဖြစ်များသော ရောဂါဘယများကို တားဆီးရန်အတွက်လည်းကောင်း ကျောင်းအခြေပြု ကျန်းမာရေးစောင့်ရှောက်မှုနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် Aedes Aegypti (ခြင်ကျား)ကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး စာသင်ကျောင်းများနှင့် နေအိမ်ပတ်ဝန်းကျင်ရှိ ရေတင်ကျန်နိုင်သောနေရာများသည် ခြင်၊ ယင်များ ပေါက်ဖွားရာ အဓိကဇာစ်မြစ်များဖြစ်ကြသည်။ ထို့ကြောင့် စာသင်ခန်းများအတွင်း အလင်းရောင်နှင့် လေဝင်လေထွက်ကောင်းမွန်စေရေး၊ ကျောင်းတွင်းနှင့် ကျောင်းပတ်ဝန်းကျင်ရှိ ရေမြောင်းများ၊ ဘုရားပန်းအိုးများ၊ ရေစည်ရေအိုးများနှင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျ ရှင်းလင်းရေးစသည့် "ဖုံး၊ သွန်၊ လဲ၊ စစ်" လုပ်ငန်းစဉ်များကို နေ့စဉ်နှင့်အမျှ အလေ့အထတစ်ခုကဲ့သို့ အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုအပ်သည်။

ကျောင်းကျန်းမာရေးလုပ်ငန်းများ အောင်မြင်ရန်အတွက် မိဘ၊ ဆရာနှင့် ကျောင်းသားဟူသော သုံးပွင့်ဆိုင် ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးဆုံးသော သော့ချက်ဖြစ်သည်။ ဆရာ၊ ဆရာမများအနေဖြင့် ကျောင်းသား၊ ကျောင်းသူများကို တစ်ကိုယ်ရေသန့်ရှင်းရေး၊ သွားနှင့်ခံတွင်း ကျန်းမာရေးတို့ကို နေ့စဉ်စစ်ဆေးပေးခြင်း၊ ကျန်းမာရေးအသိပညာများ မြှင့်တင်ပေးခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ မိဘအုပ်ထိန်းသူများကလည်း မိမိတို့၏ အိမ်ဂေဟာကို ခြင်ကင်းစင်သော ပတ်ဝန်းကျင်ဖြစ်အောင် ဖန်တီးပေးကြရမည်ဖြစ်သည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ကျောင်းအခြေပြု သန်ချဆေးတိုက်ကျွေးခြင်းနှင့် သံဓာတ်အားဖြည့်ဆေးများ တိုက်ကျွေးခြင်းလုပ်ငန်းများကိုလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ကျန်းမာခြင်းသည် တန်ဖိုးမဖြတ်နိုင်သော လာဘ်ကြီးတစ်ပါးဖြစ်သည်။ အသိပညာဗဟုသုတများကို ဆည်းပူးနိုင်ရန်အတွက် ကိုယ်စိတ်နှစ်ပါးစလုံး ကျန်းမာကြံ့ခိုင်နေရမည်ဖြစ်သည်။ စာသင်ကျောင်းများသည် စာပေပညာတတ်မြောက်ရုံမျှမကဘဲ ကျန်းမာအသက်ရှည်စွာဖြင့် လူ့ဘောင်အဖွဲ့အစည်းကို အကျိုးပြုနိုင်မည့် ဗလငါးတန်နှင့်ပြည့်စုံသော နိုင်ငံသားကောင်းများကို မွေးထုတ်ပေးရာနေရာလည်း ဖြစ်သင့်ပေသည်။

အနာဂတ်၏ ခေါင်းဆောင်ငယ်များဖြစ်ကြသည့် ကျောင်းသား၊ ကျောင်းသူများ ရောဂါဘယဘေးမှကင်းဝေးပြီး စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူတစ်ရပ်လုံးက မိမိတို့ကျရာကဏ္ဍမှနေ၍ "ကျောင်းကျန်းမာရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး" လှုပ်ရှားမှုများတွင် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် တက်ကြွစွာ ဝိုင်းဝန်းလက်တွဲ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း နှိုးဆော်တိုက်တွန်းအပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း သင်တန်းအမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲ ကျင်းပ



**မန္တလေး ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း သင်တန်းအမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲနှင့် အောင်လက်မှတ် အသိအမှတ်ပြုလွှာ ဆက်ကပ်ပွဲအခမ်းအနားကို ဇူလိုင် ၁၀ ရက် မွန်းလွဲပိုင်းက အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီး ကျောင်းထိုင်ဘုန်းကြီး သင်တန်းကျောင်း ရွှေအင်းဝဗိမာန်တော်၌ ကျင်းပပြုလုပ်သည်။

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဓမ္မသမိဒ္ဓိကျောင်းဆရာတော် အမှူးပြုသော ပင့်သံဃာဆရာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး မန္တလေးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လူမှုရေးရာဝန်ကြီး ဦးလှကြွယ်နှင့်လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးသာသနာရေး ဦးစီးမှူး၊ အောင်မြေသာစံခရိုင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက် ကြည်ညိုကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဆရာတော်ထံက ငါးပါးသီလခံယူဆောက်တည်၍ ဩဝါဒကထာ နာယူကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မန္တလေးမြို့ မစိုးရိမ်တိုက်သစ်မဟာနာယက ဆရာတော် အမှူးပြုပြီး နာယကဆရာတော်ကြီးများ၊ နည်းပြဆရာတော်ကြီးများနှင့် အထူးအောင် သံဃာတော်များအား တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အလှူရှင်များက လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော်ကြီး၊ နိုင်ငံတော်ဩဝါဒါစရိယ မြတောင်တိုက်ဆရာတော်ကြီးနှင့် ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ကျောင်းအုပ်ဆရာတော်ကြီးတို့က ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း အမှတ်စဉ်(၁၉)သင်တန်း၌ သင်တန်းဆင်းသံဃာတော်အပါး ၆၀ ကို သင်တန်းဆင်းအောင်လက်မှတ် အသိအမှတ်ပြုလွှာများ ဆက်ကပ်ခဲ့ကြပြီးနောက် ရေစက်ချတရားနာယူကြည်ညိုကာ အမျှပေးဝေခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၆၈၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

**ကန့်ဘလူ ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၆၈၄ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကန့်ဘလူမြို့နယ်တွင် ဟင်းသီးဟင်းရွက် ၁၉၆၃ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၆၈၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ ဟင်းသီးဟင်းရွက် ဧက ၁၉၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၆၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာထုပ် စတဲ့သီးနှံတွေဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# သာစည်မြို့နယ် ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**သာစည် ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မန်ကျည်းခွ ကျေးရွာအုပ်စု ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ် ဦးစီးမှူးဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်း တာဝန်ခံဝန်ထမ်းများက ဘုန်းတလုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဘုန်းတလုတ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၆၉ ဦးကို ငွေကျပ် ၂၃ ဒသမ ၇၅ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၃ ဦးကိုငွေကျပ် ၇ ဒသမ ၈၅ သိန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၈၃ ဦးကို ငွေကျပ် ၂၈ ဒသမ ၄ သိန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၇၅ ဦးကို ငွေကျပ် သန်း ၆၀ ထုတ်ချေးပေးထားကြောင်း သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၊ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။
Yadanarbon newspaper

# ရမည်းသင်းမြို့နယ် ဘုမ္မကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

ရမည်းသင်း ဇူလိုင် ၁၁

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘုမ္မကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရမည်းသင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးဝင်းက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို မိတ်ဆက်ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့သည်။

အဆိုပါ ဘုမ္မကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြုကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင်ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ချိုသန်းညွန့်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၃၃ လမ်း၊ ၆၈x၆၉ လမ်းကြားနေ ဦးခင်မောင်ကြီး-ဒေါ်ခင်မေလင်းမိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀ သိန်း လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၁၇၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



စစ်ကိုင်း ဇူလိုင် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၁၇၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၆၃၃ ဧက စိုက်ပျိုးရန်လျာထားပြီး မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၁၇၁၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းမြို့နယ်မှာ နှမ်းဧက ၂၄၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်နဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြသည်။

စစ်ကိုင်းမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့်နည်းစနစ်မှန်ကန်ရေး၊ GAP နည်းစနစ်ဖြင့်စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးရေး၊ ပိုးမွှားအန္တရာယ် ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းဆောင်ရွက်သင့်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ရေချိုဘူတာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

မလှိုင် ဇူလိုင် ၁၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ရက် ၁၀၀ စီမံချက်ဖြင့် ရေချိုဘူတာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဇူလိုင် ၁၀ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရေချိုဘူတာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က အဆိုပါကွန်ကရစ်လမ်းကို ရေရှည်တည်တံ့အောင်ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ရေချိုဘူတာကျေးရွာတွင် လမ်းအရှည် ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့်ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရန်ပုံငွေကျပ် သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၇၇ ဒသမ ၁ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နည်းပညာပံ့ပိုး၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် မေလဒုတိယပတ်မှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးသက်သက်ခိုင်က ပြောပြ၍ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ကြံခင်းမြို့နယ်တွင် နှံ့ကားဆန်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

ကြံခင်း ဇူလိုင် ၁၁

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် နှံ့ကားဆန်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း ကြံခင်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြ၍ သိရသည်။

ကြံခင်းမြို့နယ်တွင် ယခုနှစ် ဇူလိုင်လပထမပတ်မှ ယနေ့ထိ နှံ့ကားဆန်များ ဝယ်ယူမှုအားကောင်းနေပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ နှံ့ကားဆန်များ ဝယ်ယူမှုအားကောင်းလာခြင်းသည် ဒေသဈေးကွက်က အဝယ်လိုက်လာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"ကြံခင်းမြို့နယ်မှာ အခြားဆန်တွေထက် နှံ့ကားဆန်က ဝယ်ယူမှုပိုအားကောင်းလာပါတယ်။ အခုဇူလိုင်လရဲ့ ပထမပတ်ကနေစပြီး အဝယ်လိုက်လာတာဖြစ်ပါတယ်။ ပြည်တွင်းဈေးကွက်ကလဲ နှံ့ကားဆန်တွေ အဝယ်လိုက်နေပြီး အရောင်းအဝယ် ကောင်းလာပါတယ်။ ပြည်တွင်းမှာ အဝယ်လိုက်နေတာကလဲ ပြည်တွင်းဆန်ကြိတ်လုပ်ငန်းနဲ့ဆက်စပ်တဲ့လုပ်ငန်းတွေ ပြန်လည်လည်ပတ်လာလို့ပါ။ နှံ့ကားဆန်တွေ အရောင်းအဝယ်ကောင်းမွန်လာတော့ ပွဲရုံပိုင်ရှင်တွေ၊ တောင်သူတွေ အဓိကအဆင်ပြေလာပါတယ်"ဟု ကြံခင်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

ကြံခင်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက်နှံ့ကားစပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်အဖြစ် တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ အရောင်းအဝယ်ကောင်းနေသည့် နှံ့ကားဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၈၈၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါ နှံ့ကားဆန်များ ဝယ်ယူမှုအားကောင်းလာခြင်းကြောင့် တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ဝယ်ယူသူ၏ ယုံကြည်မှုရရှိစေရေး

မျိုးသူ(ကုန်သွယ်မြှင့်)

မသေချာမရေရာမှုများသည် အရောင်းအဝယ်တစ်ခုလုပ်ရာ၌ အများအပြားရှိသည်။ အမှန်တကယ်ငွေချေပစ္စည်းပေးပြီးမှ သေချာသောအရောင်းဖြစ်သည်။ ဝယ်ယူသူ၏ ဝယ်မည်ဟု ဆုံးဖြတ်ချက်ချဖြစ်အောင် လုပ်ကိုင်ရမှုသည် ပညာအပါဆုံးလုပ်ငန်းဟုဆိုကြသည်။ ကြည့်လာအောင်လုပ်ရမည်၊ ကြည့်ရာမှစဉ်းစားလာအောင်လုပ်ရမည်၊ စိတ်ဝင်စားအောင်လုပ်ရမည်၊ ကြိုက်အောင်လုပ်ရမည်၊ ဝယ်ချင်အောင်လုပ်ရမည် စသည်တို့နောက်တွင် ဝယ်ရန်ဆုံးဖြတ်ချက်ချရေးလုပ်ရမည်။ ထိုသို့ ဝယ်ယူမည့်ဆုံးဖြတ်ချက်ချလာစေရန်အတွက် ဆောင်ရွက်ရမည့် နည်းလမ်းကိုအချက်လေးချက်ဖြင့် အတိုချုပ်မှတ်သားနိုင်သည်။

**စစ်မှန်ကြောင်းအချက်ပြပါ**

ယနေ့ခေတ်တွင် AI နည်းပညာကြောင့် မည်သည်က အစစ်ဖြစ်သည်ကို ဖန်သားပြင်တွင်မြင်ရုံဖြင့် သိရန်ခက်ခဲလာသည်။ Social Media များတွင်မြင်တွေ့နေရသည့် အချက်အလက်များသည် အစစ်အမှန် သို့မဟုတ် အတုဖြစ်သည်ကို ခွဲခြားရခက်ခဲသည်။ ဥပမာ– တိရစ္ဆာန်များက လိမ္မာရေးခြားရှိလွန်းနေခြင်းများသည် အစစ်ဟုပြောရန်ပင်ခက်ခဲနေသည်။ တစ်နှစ်၊ နှစ်နှစ် ကလေးငယ်များ ကနေသည်များက အစစ်ဟုပြောရန် အလွန်ခက်နေသည်။ ထို့ကြောင့် ကြော်ငြာများသည် လွယ်လွယ်ကူကူကော်ပီပွား၍ တုပနိုင်သဖြင့် ယုံကြည်ရန်ခက်ခဲလာသည်။ ဤသို့သောခေတ်တွင် မိမိ၏ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုသည် အစစ်အမှန်ဖြစ်သည်ဆိုသော အချက်ပြမှုကို ခိုင်ခိုင်မာမာ ပြသရန်လိုအပ်သည်။ စားသုံးသူက ယုံကြည်လာစေရန်အတွက် ဆောင်ရွက်ရမည့် ပထမအချက်ပြမှုမှာ လူထုထောက်ခံချက်ရရှိရန်ဖြစ်သည်။ စားသုံးသူတစ်ဦး၊ ဝယ်ယူသူတစ်ဦးသည် မိမိတစ်ဦးတည်းရှိနေသောဆိုင်တစ်ဆိုင်တွင် ဝယ်ယူရန်ဆုံးဖြတ်ရသည်မှာ ခက်ခဲနေတတ်သည်။ စားသောက်ဆိုင်များတွင်လည်း လူနည်းသောဆိုင်ထက် လူအများ စားသောက်နေသောဆိုင်ကို ပို၍ရွေးချယ်တတ်ကြသည်။ ထို့ကြောင့် လူအများက ဝယ်ယူရန် ဆုံးဖြတ်ထားပြီးသော ဆိုင်၊ တစ်နည်းအားဖြင့် လူအများက ယုံကြည်ရွေးချယ်ထားသောဆိုင်သည် ယုံကြည်စိတ်ချရန် အချက်ပြနေသော အချက်အလက်ဖြစ်သည်ဟု ဝယ်လိုသူက ဆုံးဖြတ်တတ်သည်။

ထို့ပြင် အခြားသောသူများက ကောင်းသည်၊ မှန်သည်ဟု ပြောကြားသည်များကိုလည်း ယုံကြည်လက်ခံနိုင်သည့် အချက်ပြမှုအဖြစ် မှတ်ယူပြီး ယုံကြည်တတ်လာသည်။ ဤနည်းသည် လူအချင်းချင်းပေးသော၊ မြင်ရသော သတင်းအချက်အလက်မှန်ဖြစ်သည်ဟု ဝယ်ယူလိုသူက မှတ်ယူတတ်သည်။ ထိုအချက်သည် ဈေးကွက်ဖော်ဆောင်ရေးအတွက် အရေးကြီးသောယုံကြည်မှု၊ တည်ဆောက်မှုအခြေခံတစ်ခုဖြစ်သည်။ ထို့ပြင် လူမှုရေးဆောင်ရွက်ချက်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတွင် ပါဝင်ဆောင်ရွက်နေသည်များ၊ ဆုတံဆိပ်များ စသည်တို့သည်လည်း ယုံကြည်လောက်သည်ဟု ဖောက်သည်များနှင့် ဝယ်ယူသူများအတွက် အချက်ပြမှုများဖြစ်တတ်သည်။ ယုံကြည်အားကိုးထိုက်သည်ဟု ထင်မြင်စေသည်။ ဌာနဆိုင်ရာများ၏ဖော်ပြချက်၊ စစ်ဆေးချက်များသည်လည်း အရေးပါသည်။

ဥပမာအားဖြင့် ရောင်းသူက မိမိ၏စားသောက်ကုန်သည် FDA လက်မှတ်ရပြီးဖြစ်သည်ဟုဆိုလျှင် ဝယ်ယူမည့်သူက ယုံကြည်လောက်သည်ဟုသတ်မှတ်၍ FDA လက်မှတ်မရှိသူထက် ရှိသူ၏စားသောက်ကုန်ကို ပိုမိုဝယ်ယူလိုစိတ်ဖြစ်စေသည်။ သက်ဆိုင်သည့်ဌာနများ၏ စစ်ဆေးချက်မှတ်တမ်းများ၊ အရည်အသွေး စံသတ်မှတ်ချက်မှန်ကန်ကြောင်း လက်မှတ်များသည် စားသုံးသူများအတွက် ယုံကြည်မှုရှိသည့် အချက်များတွင် တစ်ခုပါဝင်သည်။ ထို့ပြင် ဖောက်သည်များနားလည်သည့် ဘာသာစကားဖြင့် မိမိကုန်ပစ္စည်းကို ရှင်းလင်းပြသခြင်းသည်လည်း နားလည်လွယ်စေပြီး ယုံကြည်မှုကို ရရှိစေသည်။ ဥပမာအားဖြင့် ဈေးကွက်ဖော်ဆောင်သူတစ်ဦးက ဝယ်ယူမည့်သူ၏ဇာတိကို မေးမြန်းပြီး အဆိုပါဇာတိရပ်ရွာသားဖြစ်လျှင်လည်းကောင်း၊ ထိုဇာတိရပ်ရွာ၏ကောင်းသတင်းများကို ပြောနိုင်လျှင်လည်းကောင်း ဇာတိတူသူ သို့မဟုတ် တစ်ရပ်တည်းသားအဖြစ် ဝယ်သူက လက်ခံလျှင် ယုံကြည်ရသူအဖြစ် လက်ခံပြီး ဝယ်ယူရန်ဆုံးဖြတ်ချက်ကို ပိုမိုချမှတ်ဖြစ်စေတတ်သည်။

❖ ဝယ်သူ၏ယုံကြည်မှုကိုရယူပြီး နောက်တစ်ဆင့်လုပ်ရန်အချက်မှာ ဆွဲဆောင်မှုကိုလုပ်ရန်ဖြစ်သည်။ မူလယုံကြည်မှုအပေါ် မည်သို့ထပ်မံအားဖြည့်မည်ကို စဉ်းစားရပါမည်။ ထပ်မံအားဖြည့် ဆွဲဆောင်ခြင်းကို ဝယ်ယူသူကို မိမိတို့ကုန်ပစ္စည်းသည် ငွေကြေးတန်ဖိုးတစ်ခုသာမက အခြားသောတန်ဖိုးများ၊ အကျိုးကျေးဇူးများရရှိနိုင်ကြောင်း အသိပေးရမည်ဖြစ်သည်။ ပစ္စည်းတစ်ခုမဝယ်ယူမီတွင် အမျိုးအစားတူပစ္စည်းဖြင့်သော်လည်းကောင်း၊ ဝယ်ယူသူပိုင်ဆိုင်သည့် ပစ္စည်းဖြင့်သော်လည်းကောင်း နှိုင်းယှဉ်ကြည့်တတ်သည်။ ထိုနှိုင်းယှဉ်မှုသည် ယခုဝယ်ယူမည့်ပစ္စည်းက သာသည်ဟူသောအချက်ကို ဖော်ပြနိုင်ရန်လိုအပ်သည်။ ❖

**ဆွဲဆောင်မှုကို မြှင့်တင်ပါ**

ဝယ်သူ၏ယုံကြည်မှုကိုရယူပြီး နောက်တစ်ဆင့်လုပ်ရန်အချက်မှာ ဆွဲဆောင်မှုကိုလုပ်ရန်ဖြစ်သည်။ မူလယုံကြည်မှုအပေါ် မည်သို့ထပ်မံအားဖြည့်မည်ကို စဉ်းစားရပါမည်။ ထပ်မံအားဖြည့် ဆွဲဆောင်ခြင်းကို ဝယ်ယူသူကို မိမိတို့ကုန်ပစ္စည်းသည် ငွေကြေးတန်ဖိုးတစ်ခုသာမက အခြားသောတန်ဖိုးများ၊ အကျိုးကျေးဇူးများရရှိနိုင်ကြောင်း အသိပေးရမည်ဖြစ်သည်။ ပစ္စည်းတစ်ခုမဝယ်ယူမီတွင် အမျိုးအစားတူပစ္စည်းဖြင့်သော်လည်းကောင်း၊ ဝယ်ယူသူပိုင်ဆိုင်သည့် ပစ္စည်းဖြင့်သော်လည်းကောင်း နှိုင်းယှဉ်ကြည့်တတ်သည်။ ထိုနှိုင်းယှဉ်မှုသည် ယခုဝယ်ယူမည့်ပစ္စည်းက သာသည်ဟူသောအချက်ကို ဖော်ပြနိုင်ရန်လိုအပ်သည်။ ဥပမာအားဖြင့် မီးစက်နှင့် ဆိုလာစွမ်းအင်ကိုနှိုင်းယှဉ်ရာတွင် လက်ငင်းအခြေအနေတွင် မီးစက်က ဈေးသက်သာပြီး အားသာသယောင်ရှိသော်လည်း ရေရှည်တွင် ဆိုလာစွမ်းအင်က အားသာချက်များစွာရှိကြောင်းကို သဘောပေါက်ခြင်းဖြင့် ဆိုလာစွမ်းအင်ကို ယုံကြည်မှုပိုရလာစေခြင်းမျိုးဖြစ်သည်။ ထို့ပြင် အတွေးပုံရိပ်တွင် မိမိကုန်ပစ္စည်း၏ အားသာချက်များသည် ထင်ထင်ရှားရှားပေါ်လွင်နေစေရန် ဆောင်ရွက်နိုင်ရမည်။ ထိုအချက်သည် ဝယ်ယူမည့်သူ၏ အလုံးစုံသောယုံကြည်မှုကို သိမ်းပိုက်နိုင်မည်ဖြစ်သည်။ ဝယ်ယူမည့်သူ၏ ယုံကြည်မှုကိုရရှိပြီး ဝယ်ယူရန်ဆုံးဖြတ်ချက်ချမှတ်လိုက်ရန်အတွက် အကောင်းဆုံးနည်းလမ်းမှာ ဝယ်ယူသူနှင့် မကြာခဏထိတွေ့ခြင်း၊ ဝယ်ယူသူယုံကြည်လောက်သည့် အကျိုးကျေးဇူးများ ပြသနိုင်ခြင်းပင်ဖြစ်သည်။

**သံသယကိုလျှော့ချပါ**

ဝယ်ယူသူစိတ်တွင် သံသယဟူ၍ မရှိအောင် ဆောင်ရွက်နိုင်ရမည်။ ချီတုံချတုံနှင့် ဝယ်ယူရန်ချိန်ဆနေခြင်းသည် ယုံကြည်ရန် လိုအပ်နေသေးခြင်းဖြစ်သည်။ မိမိဘက်သို့ ဝယ်ယူသူက ရဲရဲကြီးလိုက်ပါယုံကြည်ပြီး ဝယ်ရန်ဆုံးဖြတ်ချက်ပြတ်ပြတ်သားသားချမှတ်ရန်လိုအပ်သည်။ ထိုသို့ဝယ်ယူခြင်း အပြည့်အဝဖြစ်စေရန်အတွက် လိုအပ်ချက်မှာ ကျန်ရှိနေသောသံသယကို အပြီးသတ်လျှော့ချပေးရန်လိုအပ်သည်။ ဝယ်မိလျှင်မမှားဟု ခံယူသွားရန်လိုအပ်သည်။ ထိုသို့ဖြစ်ရန်အတွက် ရလဒ်ကို အာမခံပေးနိုင်ရမည်။ ဥပမာအားဖြင့် "ဝယ်ယူပြီး ပစ္စည်းကို ရက်ပေါင်း ၃၀ အတွင်း မကြိုက်လျှင် ငွေအပြည့်ပြန်အမ်းပေးမည်" "တစ်နှစ် အာမခံပေးသည်၊ ပျက်လျှင် ပြန်လျော်မည်" စသည့်အာမခံချက်မျိုးဖြစ်သည်။ မဝယ်ခင် စမ်းသပ်မောင်းနှင်ကြည့်နိုင်သည်ဟူသော စကားမျိုးသည်လည်း သံသယများကို ချေဖျက်ပေးနိုင်သော နည်းလမ်းများဖြစ်သည်။

ထို့ပြင် တိကျခိုင်မာသော သက်သေများကို ပြသနိုင်ရမည်။ ဥပမာအားဖြင့် ဝယ်ယူသွားသူများ၏ အဆင်ပြေနေမှုများကို ပြသပေးခြင်းမျိုး။ ဤနေရာတွင် သက်သေသာဓကသည် AI နည်းပညာကိုသုံး၍ လိမ်လည်ခြင်းမျိုးမဟုတ်ကြောင်း ခိုင်လုံစွာပြသ၍ သံသယကို လျှော့ချနိုင်ရမည်။ မိမိကုန်ပစ္စည်းများကို တစ်ဆင့်ပြန်ရောင်းမည့်လုပ်ငန်းရှင်ကို ရောင်းချပေးရမည်ဆိုပါက "ဤပစ္စည်းကို ဝယ်ယူသွားပြီး ပြန်ရောင်းချလျှင် အကျိုးအမြတ်မည်သို့ရရှိနိုင်သည်၊ ရင်းနှီးထားရသည့်ငွေသည် လပေါင်းမည်မျှအတွင်း အရင်းကျေနိုင်သည်"စသည်ဖြင့် ကိန်းဂဏန်းအချက်အလက်ဖြင့် သေချာရှင်းပြနိုင်ရမည်။

**လုပ်ဖြစ်အောင် လမ်းညွှန်ပါ**

ဝယ်ယူမည့်သူ၏ ယုံကြည်မှုကိုလည်း ရရှိနိုင်ပြီ၊ သံသယများလည်းနည်းအောင် ဆွဲဆောင်နိုင်ပြီဆိုပါက ဝယ်လိုက်ရန်သာ ကျန်သည်။ ထိုသို့ဝယ်ဖြစ်အောင် သေချာလမ်းပြရမည်ဖြစ်သည်။ ဥပမာအားဖြင့် ဝယ်ယူမည့်အခြေအနေထိရောက်နေပြီး ငွေချေရာတွင် ၁၀ ရာခိုင်နှုန်းခန့်ပေးရန် လိုအပ်နေသည်မျိုးဖြစ်ပါက ဝယ်မည့်သူနှင့် ငွေကြေးစိုက်ထုတ်မည့်သူ (ဥပမာ – ဘဏ်၊ အသေးစားငွေချေးသူ)တို့နှင့် ချိတ်ဆက်ပေးခြင်းဖြင့် အပြီးသတ်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဤနေရာတွင် ဝယ်ယူသူအတွက် ရှင်းလင်းပြတ်သားသော လမ်းညွှန်ချက်မျိုးကိုပေးရန် လိုအပ်သည်။ စိတ်ဝင်စားလျှင် ဆက်သွယ်နိုင်ပါသည် ဆိုသည့်စကားမျိုးထက်၊ အခုဝယ်လိုက်ပါ၊ Submit ခလုတ်နေရာကိုနှိပ်ပြီး အခုမှာလိုက်ပါ စသည်ဖြင့် ပြောနိုင်ရမည်ဖြစ်သည်။ စက်ပစ္စည်းကြီးများဖြစ်လျှင် ယခုဝယ်လျှင် အိမ်သို့လာပို့မည်၊ လာရောက်ပြီး ချက်ချင်းတပ်ဆင်ပေးမည် စသည်ဖြင့် ခိုင်ခိုင်မာမာ ပြောနိုင်၊ လမ်းညွှန်နိုင်ရန် လိုအပ်သည်။

လူတို့၏ စိတ်ပိုင်းဆိုင်ရာခံစားချက်တွင် အခွင့်အရေးတစ်ခုကို လက်လွှတ်ဆုံးရှုံးရမည်ကိုလည်း ကြောက်ရွံ့တတ်ကြသည်။ ဤစိတ်ပိုင်းဆိုင်ရာအပြုအမူပေါ်လိုက်၍ ဈေးရောင်းသူအနေဖြင့် "ယခုလကုန်ထိသာ ဤဈေးနှင့်ရောင်းပါမည်၊ လကုန်ပြီးလျှင် ဤဈေးထက်မြင့်သော ဈေးဖြစ်မည်"ဟုဆိုပါက ယုံကြည်ပြီး သံသယရှင်းသောဝယ်ယူမည့်သူသည် ဆုံးဖြတ်ချက်ကို တုံ့ဆိုင်းမနေဘဲ လျင်လျင်မြန်မြန် ချမှတ်ဖြစ်သွားမည်ဖြစ်သည်။ ထို့ပြင် ဝယ်ယူမည့်လမ်းကြောင်း ချောမွေ့နေလေလေ ဝယ်ယူသူအနေဖြင့် ဝယ်ယူရန်ဆုံးဖြတ်ချက် ခိုင်မာလေလေ၊ ဝယ်ဖြစ်လေလေဖြစ်သည်။ မဝယ်ယူမီ အဆင့်ဆင့်သော အမေးအဖြေများ ပြုလုပ်ရခြင်း၊ ငွေလက်ငင်းသာလက်ခံခြင်း၊ အွန်လိုင်းဖြင့် ပေးခြင်းများတွင် အကန့်အသတ်ထားခြင်း စသည်တို့ကြုံရလျှင် ဝယ်ယူသူဘက်က ဝယ်လိုစိတ်လျော့ပါးစေတတ်သည်။ ဝယ်ယူခြင်း ပျက်ပြားသွားတတ်သည်။

**S–E–L–L**

ဝယ်ယူမည့်သူ၊ ဖောက်သည်အနေဖြင့် ဝယ်ယူစိတ်က ဆုံးဖြတ်ချက်ချမှတ်ခိုင်မာပြီး ဝယ်ဖြစ်သွားစေရန်အတွက် ဆောင်ရွက်သင့်သည့်နည်းလမ်းလေးသွယ်ကို အလွယ်မှတ်မိစေရန်အတွက် အောက်ပါစကားလုံးဖြင့် မှတ်သားထားနိုင်သည်–

- **S = Signal Credibility (စစ်မှန်ကြောင်းအချက်ပြပါ)**
- **E = Elevate the Pitch (ဆွဲဆောင်မှုကို မြှင့်တင်ပါ)**
- **L = Lessen Doubt (သံသယကိုလျှော့ချပါ)**
- **L = Lead to Action (လုပ်ဖြစ်အောင် လမ်းညွှန်ပါ။)**

ကုန်ပစ္စည်းတစ်ခုကို ဝယ်ယူဖြစ်ခြင်းသည် တစ်ခါတစ်ရံတွင် လိုအပ်ချက်ထက် လိုချင်စိတ်ကြောင့် ဖြစ်တတ်သည်။ မည်သို့ပင်ဖြစ်စေ ဝယ်ယူသူအနေဖြင့် ဝယ်လိုစိတ်ခိုင်မာပြီး အမှန်တကယ်ဝယ်ယူဖြစ်မှသာ ရောင်းသူအနေဖြင့် အောင်မြင်သည်ဟုဆိုနိုင်သည်။ ထို့ကြောင့် နည်းပညာ၏ အထောက်အပံ့များကိုသုံး၍ ဆွဲဆောင်ရာတွင် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုသည် အမှန်အကန်ဖြစ်ပြီး လိမ်လည်မှုတစ်စုံတစ်ရာ မပြုလုပ်ထားကြောင်း ခိုင်မာစွာ ရှင်းလင်းပြသရန်လည်း လိုအပ်သည်။ အထက်ပါ နည်းလမ်းလေးသွယ်ဖြစ် အမှန်တကယ်ဝယ်ဖြစ်အောင် လုပ်နိုင်ရမည်။ တစ်ခါဝယ်ဖူးသူများ ထပ်ကာထပ်ကာဝယ်ဖြစ်အောင် လုပ်ကိုင်နိုင်ရမည်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

– Philip Kotler's Marketing 7.0

# လမ်းလျှောက်ခြင်းဖြင့် အဆုတ်အားကောင်းစေနိုင်သည်



လမ်းလျှောက်တဲ့အခါမှာ မိမိတို့ရဲ့အဆုတ်က အောက်ဆီဂျင်ကို ပိုမိုရရှိပါတယ်။ ရရှိလာတဲ့ အောက်ဆီဂျင်တွေကို သွေးနီဥတွေကရယူပြီး ခန္ဓာကိုယ်တစ်လျှောက်ကို သယ်ဆောင်သွားပေးပါတယ်။

ဒါ့အပြင် အဆိပ်အတောက်တွေကိုလည်း ဖယ်ရှားပေးနိုင်တဲ့အတွက် အဆုတ်ရဲ့ လုပ်ငန်းလည်ပတ်မှုကိုလည်း အားကောင်းစေတာကြောင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေ ဖြစ်ပွားနိုင်မှုကိုလည်း လျှော့ချပေးနိုင်ပါတယ်။

# လမ်းမှန်ရွေးချယ် လျှောက်စို့ကွယ်

– လမ်းမှန်ကို ရွေးချယ်လို့
လျှောက်ကြစို့ လူငယ်တွေ၊
ဘဝမှာ စမ်းတဝါးဝါးနဲ့
လမ်းများရှောင်လေ၊
သိဥာဏ်အလင်း တောက်ပစေ
နောက်မကျပေ ဘဝလမ်း၊
ပျော်ရွှင်စွာ အားမာန်သစ်ဖြင့်
ထုဆစ်လျှောက်လှမ်း။

– စိတ်သန္တာန်မှာ မညှိုးနွမ်း
တန်ခိုးလွှမ်း အစဉ်သာ၊
မိမိကိုယ်ကို တန်ဖိုးထား
ကြိုးစားကြပါ၊
ပျင်းရိခြင်း ရှောင်ကြဉ်ကာ
ရည်မှန်းရာ ခရီးဆက်၊
ပညာတွေကို သင်ယူရင်း
ဂုဏ်လင်းစေလျက်။

– စွမ်းဆောင်ရည် နှစ်ဆတက်
ဘဝအတွက် ရှင်သန်ကွယ်၊
ခွန်အားတွေကို ရင်မှာပျိုးလို့
နိုးကြားသင့်တယ်၊
အောင်မြင်မှု ပန်းတိုင်ရယ်
လှမ်းနိုင်တကယ် ဘယ်မဝေး၊
ယုံကြည်ရာ လမ်းမှန်ရောက်လို့
ထွန်းတောက်စေလေး။ ။

ရဲသွေးနီ(တက်ဝန်)

# တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**တန့်ဆည် ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၀၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၅၂ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါဟင်းသီးဟင်းရွက်စိုက်ပျိုးမှုကို ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၂၁ ဧကထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ ဟင်းသီးဟင်းရွက်ဧက ၁၃၀၀ ကျော် စိုက်ပျိုးဖို့လျာထားခဲ့ပါတယ်။ ဒီနေ့မှာ ဧက ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်နေပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့ သီးနှံတွေ စိုက်ပျိုးကြပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင် ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်၊ စိုက်နည်းစနစ်မှန်ကန်ရန်၊ ပိုးမွှားကျရောက်မှုကင်းစင်ရန်၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေး ပြုလုပ်သုံးစွဲရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း တန့်ဆည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအုန်းကျော်မြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# စဉ့်ကိုင်မြို့နယ် ရှမ်းကန်(တ)ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**စဉ့်ကိုင် ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရှမ်းကန်(တ)ကျေးရွာ၌ ပြည်ထောင်စုရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ရီရီဦးနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ရှမ်းကန်(တ)ကျေးရွာ၌ ကျေးလက် ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရေရရှိရေး လုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ပြီးစီးရေး လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့သည်။

အဆိုပါ ရှမ်းကန်(တ)ကျေးရွာ၌ အနက်ပေ ၃၀၀၊ အကျယ် လေးလက်မခွဲရှိ စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းကို ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေကျပ် ၁၁ ဒသမ ၁၁၅ သန်း အသုံးပြုကာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ် မေ ၁၉ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာရေရရှိရေး လုပ်ငန်းပြီးစီးပါက ရှမ်းကန်(တ) ကျေးရွာရှိ ဒေသခံပြည်သူများနှင့် ကျွဲ၊ နွားတိရစ္ဆာန်များအတွက် ရာသီမရွေး သောက်သုံးရေဖူလုံစွာ ရရှိနိုင်တော့မည်ဖြစ်ကြောင်း ကျောက်ဆည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# မိတ္ထီလာမြို့နယ် ဆင်မိကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မိတ္ထီလာ ဇူလိုင် ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆည်ကုန်းအုပ်စု ဆင်မိကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၀ ရက်က အဆိုပါကျေးရွာ၌ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထိုက်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများနှင့် လုပ်ငန်းစဉ်များ၊ စီမံကိန်းလက်စွဲစာစောင်ပါ ကော်မတီရွေးချယ်ရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်များ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာတာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ သိရှိလိုသည်များ မေးမြန်းရာ ဦးစီးအရာရှိက ပြန်လည် ရှင်းလင်းဖြေကြားခဲ့ပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)



## နိုင်ငံတကာ သတင်းများ

# အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့် နယူးဇီလန်ဝန်ကြီးချုပ်တို့ တွေ့ဆုံဆွေးနွေး



ဝယ်လင်တန် ဇူလိုင် ၁၁

နယူးဇီလန်နိုင်ငံသို့ ရောက်ရှိနေသာ အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ယနေ့တွင် နယူးဇီလန်ဝန်ကြီးချုပ် ခရစ္စတိုဖာလူဇွန်နှင့် အုတ်ကလန်းမြို့၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း Xinhua သတင်းဌာနက ဖော်ပြထားသည်။

အုတ်ကလန်းမြို့ဆွေးနွေးပွဲတွင် အိန္ဒိယဝန်ကြီးချုပ်နှင့် နယူးဇီလန်ဝန်ကြီးချုပ်တို့သည် အိန္ဒိယနှင့် နယူးဇီလန်နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးအဆင့်ကို မြှင့်တင်ခဲ့ကြကြောင်း အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အာရှ- ပစိဖိတ်ဒေသနိုင်ငံများနှင့်ဆက်ဆံရေးမြှင့်တင်ရန် အိန္ဒိယနိုင်ငံက ကြိုးပမ်းနေစဉ် နယူးဇီလန်နိုင်ငံသို့ အိန္ဒိယဝန်ကြီးချုပ်မိုဒီ ရောက်ရှိနေခြင်းဖြစ်သည်။

အုတ်ကလန်းမြို့ဆွေးနွေးပွဲတွင် မိမိတို့အနေဖြင့် အိန္ဒိယနှင့် နယူးဇီလန် နှစ်နိုင်ငံဆက်ဆံရေးကို မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးအဆင့်သို့ မြှင့်တင်နိုင်ခဲ့ကြောင်း ဆွေးနွေးပွဲအပြီး ထုတ်ပြန်ခဲ့သော ပူးတွဲကြေညာချက်၌ အိန္ဒိယဝန်ကြီးချုပ်နှင့် နယူးဇီလန် ဝန်ကြီးချုပ်တို့က ပြောကြားထားသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် အင်ဒိုနီးရှားနှင့် ဩစတြေးလျနိုင်ငံတို့သို့ သွားရောက်ခဲ့ပြီးနောက် ဇူလိုင် ၁၀ ရက် ညပိုင်းတွင် နယူးဇီလန်နိုင်ငံသို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါခရီးစဉ်သည် အိန္ဒိယဝန်ကြီးချုပ်တစ်ဦး၏ နှစ် ၄၀ အတွင်း ပထမဆုံး နယူးဇီလန်ခရီးစဉ်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဘဟားမားစ်၌ လေယာဉ်တစ်စင်းပျက်ကျ လူ ၁၀ ဦးသေဆုံး

နာဆော ဇူလိုင် ၁၁

ဘဟားမားစ် ကျွန်းစုနိုင်ငံ၌ ဇူလိုင် ၁၀ ရက်က လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လူ ၁၀ ဦး သေဆုံးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ပျက်ကျခဲ့သည့် လေယာဉ်မှာ ဘဟားမားစ်အခြေစိုက် ပြည်တွင်းလေကြောင်း ကုမ္ပဏီတစ်ခုဖြစ်သော ဖလာမင်ဂိုအဲလေကြောင်းလိုင်းမှ လေယာဉ်ဖြစ်ကြောင်း ဘဟားမားစ်အစိုးရ တာဝန်ရှိသူများက ပြောကြားထားသည်။

အဆိုပါ ဆက်စနာ ၄၀၂ လေယာဉ်သည် နာဆောမြို့ အနောက်ဘက် နော့သ်အန်းဒရော့စ်ခရိုင်၌ ပျက်ကျခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေယာဉ်သည် နာဆောမြို့ လင်ဒန်ပင်ဒလင် နိုင်ငံတကာလေဆိပ်မှ စန်အန်ဒရော့စ်လေဆိပ်သို့ ပျံသန်းနေစဉ် ပျက်ကျခဲ့ခြင်းဖြစ်သည်။

အဆိုပါ လေယာဉ်ပျက်ကျမှု ဖြစ်ပွားခဲ့ပြီးနောက် ဖလာမင်ဂိုအဲ လေကြောင်းလိုင်း၏ လေယာဉ်ခရီးစဉ်များကို ဘဟားမားစ်အစိုးရက ယာယီရပ်ဆိုင်းထားကြောင်း သိရသည်။

ထိုလေယာဉ် ပျက်ကျမှုသည် ဘဟားမားစ်နိုင်ငံ၏ ၅၃ နှစ်မြောက် လွတ်လပ်ရေးနေ့တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သဖြင့် မိမိတို့အတွက် ဝမ်းနည်းဖွယ်ကိစ္စတစ်ရပ်ဖြစ်ခဲ့သည်ဟု ဘဟားမားစ်ဝန်ကြီးချုပ် ဖီးလစ်ဘရေ့ဗ်ဒေးဗစ်က ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပရန် အီရန်၏တောင်းဆိုချက်ကို သဘောတူထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ပြောကြား



ဝါရှင်တန် ဇူလိုင် ၁၁

ပြီးခဲ့သည့် ရက်များအတွင်း စစ်ရေးပဋိပက္ခများ ဖြစ်ပွားခဲ့သည့်တိုင် ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ဆက်လက်ကျင်းပရန် အမေရိကန်နှင့် အီရန်နိုင်ငံတို့က သဘောတူထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇူလိုင် ၁၀ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

သို့ရာတွင် ပြီးခဲ့သည့်လအတွင်း အီရန်နှင့် ရယူထားသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မှာ အဆုံးသတ်သွားပြီဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား ဇူလိုင် ၇ ရက်မှစ၍ သုံးရက်ကြာ စစ်ရေးပဋိပက္ခများဖြစ်ပွားခဲ့ပြီးနောက် သမ္မတ ဒေါ်နယ်ထရမ့်၏ ထိုသို့ပြောကြားချက် ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ဆက်လက်ကျင်းပရန် အီရန်၏ တောင်းဆိုမှုကို မိမိတို့သဘောတူထားကြောင်း၊ သို့ရာတွင် ဇွန် ၁၇ ရက်တွင် ရရှိထားသော အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်မှာ အဆုံးသတ်သွားပြီဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ၎င်း၏ လူမှုကွန်ရက်စာမျက်နှာ၌ ရေးသားဖော်ပြထားသည်။

ဇူလိုင် ၇ ရက်တွင် အီရန်တော်လှန်ရေး အစောင့်တပ်က ဟော်မုဇ် ရေလက်ကြားအတွင်း ဖြတ်သန်း သွားလာနေသည့် သင်္ဘောများကို တိုက်ခိုက်ခဲ့ရာ အမေရိကန်နိုင်ငံကလည်း အီရန် ပစ်မှတ်များကို တုံ့ပြန်တိုက်ခိုက်ခဲ့သည်။

ဇွန် ၁၇ ရက်တွင် ရယူထားသည့် အီရန်စစ်ရေးပဋိပက္ခ ပြီးဆုံးရေး ယာယီ သဘောတူညီချက်အရ အမေရိကန်နှင့် အီရန်နိုင်ငံတို့သည် ရက် ၆၀ ကြာ အပစ်အခတ်ရပ်စဲထားပြီး ထိုကာလအတွင်း ဟော်မုဇ် ရေလက်ကြား ရေလမ်းကြောင်းများကို ဖွင့်လှစ်ပေးထားရမည် ဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ပြန်ပေးဆွဲခံထားရသောကျောင်းသားများနှင့် ကျောင်းဆရာများကို နိုင်ဂျီးရီးယားလုံခြုံရေးတပ်ဖွဲ့ဝင်များ ပြန်လည်ကယ်တင်

အဘူဂျာ ဇူလိုင် ၁၁

နိုင်ဂျီးရီးယားနိုင်ငံ အနောက်တောင်ပိုင်း အိုယိုပြည်နယ်၌ သေနတ်သမားများ၏ ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသော ကျောင်းသား၊ ကျောင်းသူ ၃၉ ဦးနှင့် ကျောင်းဆရာ ခြောက်ဦးတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည် ကယ်တင်နိုင်ခဲ့ကြောင်း နိုင်ဂျီးရီးယားသမ္မတရုံး ပြောရေးဆိုခွင့်ရှိသူက ဇူလိုင် ၁၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ကျောင်းသားများနှင့် ကျောင်းဆရာများကို လက်နက်ကိုင်များက အိုယိုပြည်နယ် အော်ရိုင်ရီခရိုင်အတွင်းရှိ စာသင်ကျောင်းများမှ ယခုနှစ် မေ ၁၅ ရက်တွင် ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်သည်။

သို့ရာတွင် အဆိုပါ ကျောင်းသားများနှင့် ကျောင်းဆရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ကယ်တင်နိုင်ခဲ့ပြီ ဖြစ်ကြောင်း နိုင်ဂျီးရီးယားသမ္မတရုံး ပြောရေးဆိုခွင့်ရှိသူက ပြောကြားထားသည်။

ပြန်ပေးဆွဲ ခံထားရသော ကျောင်းဆရာများအနက် တစ်ဦးမှာ ဖမ်းဆီးခံထားရစဉ်အတွင်း သေဆုံးခဲ့ကြောင်း နိုင်ဂျီးရီးယား တာဝန်ရှိသူများက ပြောကြားထားသည်။

နိုင်ဂျီးရီးယား လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျောင်းသား၊ ကျောင်းသူ ၃၉ ဦးနှင့် ကျောင်းဆရာများကို ကယ်တင်နိုင်ခဲ့သည့်အပြင် ပြန်ပေးဆွဲသမား ရှစ်ဦးကိုလည်း ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

လက်နက်ကိုင် အုပ်စုများ၏ လူအစုအပြုံလိုက် ပြန်ပေးဆွဲမှုများသည် မကြာသေးမီနှစ်များအတွင်း နိုင်ဂျီးရီးယားနိုင်ငံအတွက် အဓိကလုံခြုံရေး ပြဿနာတစ်ရပ် ဖြစ်လာခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ဗီယက်နမ်နိုင်ငံ ဖူးကွတ်ကျွန်းကမ်းလွန်၌ ရေယာဉ်တိမ်းမှောက်၊ ခရီးသွား ၁၅ ဦးသေဆုံး

ဟန္တိုင်း ဇူလိုင် ၁၁

ဗီယက်နမ်နိုင်ငံ တောင်ပိုင်း ဖူးကွတ်ကျွန်းကမ်းလွန်၌ ယနေ့တွင် ရေယာဉ်တစ်စီး တိမ်းမှောက်ခဲ့ရာ အိန္ဒိယနိုင်ငံသား ခရီးသွားသည့်သည့် ၁၅ ဦး သေဆုံးခဲ့ကြောင်း ဗီယက်နမ်မီဒီယာများက သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

အဆိုပါရေယာဉ် တိမ်းမှောက်မှုအတွင်း ခရီးသွား ၂၁ ဦး အသက်ရှင်ခဲ့ကြောင်း ဗီယက်နမ် မီဒီယာများ၏ အဆိုအရသိရသည်။

နစ်မြုပ်ခဲ့သော ရေယာဉ်ပေါ်တွင် ခရီးသွားသည့်သည် ၃၆ ဦး လိုက်ပါလာပြီး အိန္ဒိယနိုင်ငံသား ၃၂ ဦးပါဝင်ကြောင်း ဗီယက်နမ် တာဝန်ရှိသူများက ပြောကြားထားသည်။



အဆိုပါရေယာဉ်သည် ဟွန်မေရပ်ကျွန်းမှ ဖူးကွတ်ကျွန်း အန်ဆွိုင်းဆိပ်ကမ်းသို့ ဦးတည်မောင်းနှင်နေစဉ် တိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ် တာဝန်ရှိသူများ၏ အဆိုအရ ထိုရေယာဉ်သည် ဆိပ်ကမ်းနှင့် မီတာ ၄၀၀ ခန့် အကွာတွင် တိမ်းမှောက်ခဲ့ခြင်း ဖြစ်သည်။

ရေယာဉ် တိမ်းမှောက်ချိန်တွင် ဖူးကွတ်ကျွန်းအနီး ပင်လယ်ရေပြင်အတွင်း လှိုင်းများပြင်းထန်နေသည်ဟု ဗီယက်နမ် တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက လောင်းမတ်ချ်-၁၀ဘီ ဒုံးပျံကို လွှတ်တင်ပြီး ဒုံးပျံ၏ပထမအဆင့်ပင်မဒုံးယာဉ်ကို ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာပြန်လည်ရယူနိုင်ခဲ့



ပေကျင်း ဇူလိုင် ၁၁

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ဇူလိုင် ၁၀ ရက်တွင် လောင်းမတ်ချ်-၁၀ဘီ ဒုံးပျံကို လွှတ်တင်ပြီး ၎င်းဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်ကိုလည်း ပထမဆုံးအကြိမ်အဖြစ် အောင်မြင်စွာပြန်လည်ရယူနိုင်ခဲ့ကြောင်း သိရသည်။

တရုတ်အမျိုးသားအာကာသအေဂျင်စီသည် လောင်းမတ်ချ်-၁၀ ဘီဒုံးပျံကို တရုတ်နိုင်ငံတောင်ပိုင်း ဝန်ချန်အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၁၀ဘီ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပင်လယ်ပြင်အတွင်းစောင့်ဆိုင်းနေသော ရေယာဉ်တစ်စင်းပေါ်သို့ အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း တရုတ်အမျိုးသားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

လောင်းမတ်ချ်-၁၀ဘီ ဒုံးပျံကို အဆင့်နှစ်ဆင့်ဖြင့် တည်ဆောက်ထားပြီး ပထမအဆင့်ပင်မဒုံးယာဉ်ကို ဝိုင်အက်-၁၀၀ ကေအမျိုးအစား ဒုံးအင်ဂျင်ခုနစ်လုံး တပ်ဆင်ထားကြောင်း သိရသည်။

လောင်းမတ်ချ်-၁၀ဘီ ဒုံးပျံများသည် အလေးချိန် ၁၆ တန်ရှိ ဂြိုဟ်တုနှင့် အာကာသယာဉ်များကို ကမ္ဘာပတ်လမ်းအနိမ့်ပိုင်းသို့ ပို့ဆောင်ပေးနိုင်ကြောင်း၊ တရုတ်အမျိုးသား အာကာသအေဂျင်စီသည် ၂၀၃၀ ပြည့်နှစ်မတိုင်မီ လကမ္ဘာပေါ်သို့ လူသားများစေလွှတ်နိုင်ရေးအတွက် လောင်းမတ်ချ်-၁၀ ဘီဒုံးပျံများကို အသုံးပြုရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## UB Tech စက်ရုပ်နည်းပညာကုမ္ပဏီက မျိုးဆက်သစ်လူတုစက်ရုပ်တစ်မျိုးကို ထုတ်ဖော်ပြသ

ပေကျင်း ဇူလိုင် ၁၁

တရုတ်နိုင်ငံအခြေစိုက် UB Tech စက်ရုပ်နည်းပညာကုမ္ပဏီသည် မျိုးဆက်သစ်လူတုစက်ရုပ်တစ်မျိုးကို ထုတ်ဖော်ပြသခဲ့ကြောင်း ဇူလိုင် ၁၀ ရက် သတင်းများအရ သိရသည်။

U world U 1 ဟူ၍ အမည်ပေးထားသည့် အထက်ပါလူတုစက်ရုပ်ကို ဇီဝအရေပြားတုဖြင့် တည်ဆောက်ထားရာ ထိတွေ့ကြည့်ပါက လူသားအစစ်၏အရေပြားနှင့် ထိတွေ့ရသကဲ့သို့ပင် ခံစားနိုင်မည်ဖြစ်ကြောင်း UB Tech စက်ရုပ်နည်းပညာကုမ္ပဏီတာဝန်ရှိသူများက ပြောကြားထားသည်။



အလားတူ အထူးပုံစံထုတ် တည်ဆောက်ထားသော ကျောရိုးစနစ်ကြောင့် U world U 1 လူတုစက်ရုပ်သည် လူသားတို့၏လှုပ်ရှားမှုပုံစံများကို ၉၀ ရာခိုင်နှုန်းထိ တုပ လုပ်ဆောင်နိုင်ကြောင်း သိရသည်။

အမျိုးသမီးအသွင် U world U1လူတုစက်ရုပ်များမှာ အရပ်အမြင့် ၁၆၅ စင်တီမီတာရှိပြီး အမျိုးသားအသွင်စက်ရုပ်မှာ အရပ်အမြင့် ၁၈၃ စင်တီမီတာထိ ရှိကြောင်း၊ ကိုယ်အလေးချိန်မှာ လူသားအစစ်များကိုယ်အလေးချိန်၏ ထက်ဝက်မျှရှိကြောင်း UB Tech ကုမ္ပဏီ တာဝန်ရှိသူများကပြောကြားသည်။

UB Tech ကုမ္ပဏီသည် U world U 1 လူတုစက်ရုပ်များကို လုပ်သားစက်ရုပ်များအဖြစ် တည်ဆောက်ထားခြင်းမဟုတ်ဘဲ အဖော်အပေါင်းအဖြစ် အသုံးပြုနိုင်မည့် စက်ရုပ်များဖြစ်ကြောင်း၊ U world U 1 လူတုစက်ရုပ်ကို လှုပ်ရှားနိုင်သည့် အရိုးအဆစ် ၈၈ ခုဖြင့်ဖွဲ့စည်းထားပြီး အစိတ်အပိုင်းအရေအတွက် ထောင်နှင့်ချီ၍ ထည့်သွင်းထားကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## စကိုင်းဖော့အာကာသယာဉ် လေထုလွှာပွတ်အား အပူဒဏ်ကာကွယ်ရေးဒိုင်း တည်ဆောက်ရေး Firefly Aerospace ကုမ္ပဏီကို နာဆာရွေးချယ်

ဝါရှင်တန် ဇူလိုင် ၁၁

စကိုင်းဖော့အာကာသယာဉ် လေထုလွှာပွတ်အား အပူဒဏ်ကာကွယ်ရေးဒိုင်းကို တည်ဆောက်ရေးအတွက် အမေရိကန်အစိုးရအမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)က Firefly Aerospace ကုမ္ပဏီကို ရွေးချယ်ထားကြောင်း ဇူလိုင် ၁၀ ရက် သတင်းများအရ သိရသည်။

အဆိုပါလေထုလွှာပွတ်အား အပူဒဏ်ကာကွယ်ရေးဒိုင်းသည် စကိုင်းဖော့အာကာသယာဉ် အင်္ဂါဂြိုဟ်ပေါ်သို့ ထိုးဆင်းစဉ်လေထုလွှာပွတ်အား အပူဒဏ်ကို ကာကွယ်ပေးမည် ဖြစ်ကြောင်း သိရသည်။

စကိုင်းဖော့ အာကာသယာဉ်သည် နာဆာ၏ ပထမဆုံးသော နျူကလီးယားစွမ်းအင်သုံး ဂြိုဟ်ချင်းဖြတ် အာကာသယာဉ်ဖြစ်ကြောင်း သိရသည်။

Firefly Aerospace ကုမ္ပဏီသည် စကိုင်းဖော့အာကာသယာဉ် ဂြိုဟ်ဆင်းယာဉ်၏ အပူဒဏ်ကာကွယ်ရေးဒိုင်းကို ကိုယ်တိုင်ပုံစံထုတ်တည်ဆောက်ပေးရမည်ဖြစ်ကြောင်း သိရသည်။

Firefly Aerospace ကုမ္ပဏီသည် ၂၀၂၅ ခုနှစ်တွင် ဘလူးဂို့စ် အမည်ရှိ လဆင်းယာဉ်ကို လွှတ်တင်ခဲ့ဖူးရာ ၎င်းအတွေ့အကြုံကို အခြေခံ၍ စကိုင်းဖော့ဂြိုဟ်ဆင်းယာဉ်လေထုလွှာပွတ်အား အပူဒဏ်ကာကွယ်ရေးဒိုင်းကို တည်ဆောက်ပေးရမည် ဖြစ်ကြောင်း သိရသည်။

နာဆာအဖွဲ့သည် စကိုင်းဖော့ အာကာသယာဉ်ကို ၂၀၂၈ ခုနှစ်တွင် လွှတ်တင်ရန် စီစဉ်ထားကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

# HEALTH

## အလုပ်ခွင်၌ရှုန်းကန်နေရခြင်း၊ အလုပ်လုပ်နိုင်စွမ်း ကျဆင်းလာခြင်းတို့က Dementia ရောဂါ ဖြစ်ပွားမှု၏ ရှေ့ပြေးလက္ခဏာဖြစ်နိုင်

ဟယ်လ်ဆင်ကီး ဇူလိုင် ၁၁

အလုပ်ခွင်၌ရှုန်းကန်နေရခြင်း၊ အလုပ်လုပ်နိုင်စွမ်း ကျဆင်းလာခြင်းတို့သည် ဦးနှောက်စွမ်းဆောင်ရည်ထိခိုက်ပျက်စီးမှုရောဂါ(Dementia)ရောဂါ ဖြစ်ပွားမှု၏ ရှေ့ပြေးလက္ခဏာဖြစ်နိုင်ကြောင်း သုတေသနပညာရှင်များက ဇူလိုင် ၁၀ ရက်တွင် ပြောကြားသည်။

ဖင်လန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အလုပ်ခွင်၌ အလုပ်လုပ်နိုင်စွမ်း ကျဆင်းမှုသည် Dementia ရောဂါ အချိန်စောဝင်ရောက်မှု၏ ရှေ့ပြေးလက္ခဏာ ဖြစ်နိုင်ကြောင်း သိရသည်။

အသက် ၆၅ နှစ်မပြည့်မီ Dementia ရောဂါဖြစ်ပွားမှုကို Dementia အချိန်စောဝင်ရောက်မှုအဖြစ် သုတေသနပညာရှင်များက သတ်မှတ်ထားသည်။

ဖင်လန်သုတေသနပညာရှင်များသည် Dementia ရောဂါပုံမှန်ထက်စော၍ ဝင်ရောက်နေသူ လူနာ ၈၀၀ ခန့်နှင့် ကျန်းမာရေးကောင်းမွန်သူ ဦးရေ ၇၀၀၀ တို့ကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အလုပ်ခွင်၌ အလုပ်လုပ်နိုင်စွမ်းကျဆင်းလာမှုသည် Dementia ရောဂါဖြစ်ပွားနိုင်ခြေ၏ ရှေ့ပြေးလက္ခဏာဖြစ်နိုင်ကြောင်း ဖင်လန်သုတေသနပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ လူတစ်ဦး၏ အလုပ်ခွင်စွမ်းဆောင်ရည်ကို စောင့်ကြည့်ခြင်းဖြင့် Dementia ရောဂါဝင်ရောက်နိုင်မှုကို ၁၅ နှစ်မျှ ကြိုတင်ဖော်ထုတ်နိုင်ဖွယ်ရှိကြောင်း ဖင်လန်သုတေသန ပညာရှင်များက သုံးသပ်ထားသည်။

Ref : Russia Today
Trs : KKO

## Shigellosis ခေါ် ကူးစက်ရောဂါတစ်မျိုးက ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်လာ

လန်ဒန် ဇူလိုင် ၁၁


လိင်ဆက်ဆံမှုမှတစ်ဆင့် ကူးစက်တတ်သော Shigellosis ခေါ် ကူးစက်ရောဂါတစ်မျိုးသည် ပြည်သူ့ကျန်းမာရေးပြဿနာတစ်ရပ် ဖြစ်လာနေပြီဖြစ်ကြောင်း ဗြိတိန်သုတေသနပညာရှင်များက ဇူလိုင် ၁၀ ရက်တွင် ပြောကြားသည်။

Shigellosis ရောဂါသည် အစာခြေလမ်းကြောင်းစနစ် ကူးစက်ရောဂါတစ်မျိုးဖြစ်ပြီး Shigella ခေါ် လိင်ဆက်ဆံမှုမှတစ်ဆင့် ကူးစက်တတ်သော ရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

ပြင်းထန်သည့် ဝမ်းပျက်ဝမ်းလျှောပြဿနာကိုဖြစ်ပွားစေတတ်သည့် Shigellosis ရောဂါသည် လက်ရှိအချိန်တွင် ဖြစ်ပွားမှုနှုန်း မြင့်တက်လာသကဲ့သို့ ပဋိဇီဝဆေးဒဏ်ကိုလည်း ခံနိုင်ရည်ရှိလာကြောင်း ကိန်းဘရစ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

ဗြိတိန်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ Shigellosis ရောဂါ ဘက်တီးရီးယားကူးစက်ရောဂါအတွက် ပုံမှန်အသုံးပြုနေသော ပဋိဇီဝဆေးများမှာ ၎င်းဘက်တီးရီးယားကို ဖျက်ဆီးရှင်းလင်းရာတွင် ထိရောက်မှုပိုအားနည်းလာကြောင်း၊ ဗြိတိန်နိုင်ငံ၌ Shigellosis ဘက်တီးရီးယားကူးစက်မှုနှုန်း မြင့်မားလာချိန်တွင် ဆေးပညာရှင်များ၏ အထက်ပါသတိပေးချက်ပေါ်ထွက်လာခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO






# WBC Silver လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အတွက် ဝစ်တိတ်ကာက ဝေါလေ့စ်နှင့် ထိုးသတ်မည်

လန်ဒန် ဇူလိုင် ၁၁

WBC Silver လိုက်ဟဲဗီးဝိတ်တန်း ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အတွက် ဗြိတိန်လက်ဝှေ့သမား ဝစ်တိတ်ကာက ဩစတြေးလျလက်ဝှေ့သမား ဝေါလေ့စ်နှင့် ထိုးသတ်ရန် သဘောတူညီချက် ရရှိခဲ့ကြောင်း talkSPORT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဝေါလေ့စ်သည် လက်ရှိချန်ပီယံကို စိန်ခေါ်ခွင့်ရရှိထားသည့် လက်ဝှေ့သမားတစ်ဦးဖြစ်ပြီး စည်းမျဉ်းစည်းကမ်းအရ မဖြစ်မနေ လက်ခံရမည် ဖြစ်သည့်အတွက် ဝစ်တိတ်ကာက စိန်ခေါ်မှုကို လက်ခံဆွေးနွေးကာ သဘောတူညီမှုရရှိခဲ့ခြင်းဖြစ်သည်။

ဝစ်တိတ်ကာက "လက်ရှိချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ်အတွက် ဝေါလေ့စ်က စိန်ခေါ်လာတဲ့အတွက်ကြောင့် စိန်ခေါ်မှုကို မဖြစ်မနေ လက်ခံရပါမယ်။ ကျွန်တော့်အနေနဲ့ကလဲ လက်ရှိ ချန်ပီယံခါးပတ် ကာကွယ်ပွဲစဉ် ထိုးသတ်ပြီးသွားရင် ကျွန်တော့်ရဲ့ အိပ်မက်ဖြစ်တဲ့ ဘီဗိုလ်နဲ့ ထိုးသတ်သွားဖို့ပါ။ လက်ရှိ ချန်ပီယံကို အောင်မြင်စွာ ကာကွယ်နိုင်ရင်တော့ ဘီဗိုလ်နဲ့ ထိုးသတ်ခွင့်ရမှာဖြစ်ပါတယ်။ ဝေါလေ့စ်ကလဲ ဒီပွဲစဉ်ကို စောင့်ဆိုင်းနေတာကြာနေပါပြီ။ သဘောတူညီချက် ရရှိထားတဲ့အတွက် အကောင်းဆုံးပုံစံနဲ့ ရင်ဆိုင်နိုင်အောင် ကြိုးစားသွားပါမယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : talkSPORT

Trs : AZL




# အသက် ၃၅ နှစ်အောက် မြို့နယ်ပေါင်းစုံ မိုးရာသီ ကွင်းတွင်းစက်ဘီးစီးပြိုင်ပွဲကို ရန်ကုန်မြို့တွင် ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်တိုင်းဒေသကြီး စက်ဘီးဆိုင်ကော်မတီက ကြီးမှူးကျင်းပမည့် အသက် ၃၅ နှစ်အောက် မြို့နယ်ပေါင်းစုံ မိုးရာသီ ကွင်းတွင်းစက်ဘီးစီးပြိုင်ပွဲကို လာမည့် ဩဂုတ် ၁ ရက် နံနက် ၇ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း စက်ဘီးလေ့ကျင့်ရေးကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲ စသည့် ပြိုင်နှစ်ရပ် ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲ အမျိုးအစားများအဖြစ် မီတာ ၈၀၀ နှင့် မီတာ ၁၆၀၀ လူရွေးချယ်ပွဲကို စတင်ကျင်းပပြီးနောက် မီတာ ၄၈၀၀ နှင့် မီတာ ၁၀၀၀၀ ဗိုလ်လုပွဲစဉ်ကို ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် စည်းကမ်းချက်များအဖြစ် ပြိုင်ပွဲဝင်ကစားသမားများအနေဖြင့် Cog Only ချိန်းသေ ကွင်းတွင်းပြိုင်စက်ဘီးကိုသာ အသုံးပြုရမည်ဖြစ်ပြီး အမျိုးသား၊ အမျိုးသမီး မြန်မာ့လက်ရွေးစင် စက်ဘီးအားကစားသမားများ ဝင်ရောက်ယှဉ်ပြိုင်နိုင်မည်မဟုတ်ဘဲ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ စက်ဘီးအားကစားသမားများကိုသာ ခွင့်ပြုသွားမည်ဖြစ်သည်။

အသက် ၃၅ နှစ်အောက် မြို့နယ်ပေါင်းစုံ မိုးရာသီကွင်းတွင်းစက်ဘီးစီးပြိုင်ပွဲတွင် ဆုတံဆိပ်၊ ငွေသားဆု၊ အကောင်းဆုံးကစားသမားဆုတို့ကို ချီးမြှင့်သွားမည်ဖြစ်ပြီး ပြိုင်ပွဲအသေးစိတ်ကို ရန်ကုန်တိုင်းဒေသကြီး စက်ဘီးဆိုင်ကော်မတီက ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သိရသည်။

STA

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၈)တွင် ဒဂုံစတားအသင်းနှင့် သစ္စာအားမာန်အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ

ရန်ကုန် ဇူလိုင် ၁၁




မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ရန်ကုန်မြို့တွင် ကျင်းပခဲ့ရာ ဒဂုံစတားအသင်းနှင့် သစ္စာအားမာန် အသင်းတို့ နိုင်ပွဲကိုယ်စီ ရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၈) ပွဲစဉ်များအဖြစ် ယနေ့ ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSC အားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ကစားခဲ့ရာ ဒဂုံစတားအသင်းက ခုနစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ရှစ်မိနစ်နှင့် ၄၈ မိနစ်တွင် စောအောင်မျိုးမင်းသိန်း၊ ပွဲချိန် ၁၉ မိနစ်တွင် ပြည့်ဖြိုးကို၊ ပွဲချိန် ၂၂ မိနစ်တွင် သျှားကိုကို၊ ပွဲချိန် ၈၃ မိနစ်နှင့် ၈၇ မိနစ်တွင် မင်းမင်းခန့်၊ ပွဲချိန် ၈၈ မိနစ်တွင် နေသူရဖြိုးတို့က သွင်းယူခဲ့ပြီး မြဝတီအက်ဖ်စီအသင်း အတွက်သွင်းဂိုးကို ပွဲချိန် ၃၄ မိနစ်တွင်ဘိုသိန်းတို့က သွင်းယူခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲက သီဟဒီပ အားကစားကွင်းတွင် သစ္စာအားမာန်အသင်းနှင့် ရောဝတီယူနိုက်တက်အသင်းတို့ကစားခဲ့ရာ သစ္စာအားမာန်အသင်းက လေးဂိုး နှစ်ဂိုးဖြင့် အနိုင်ရပြီး သစ္စာအားမာန် အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၇ မိနစ်တွင် ရာဇာအောင်ဟိန်း၊ ပွဲချိန် ၄၅ မိနစ်နှင့် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို သုံးမိနစ်တွင် ဝင်းခန့်ပိုင်ဖြိုး၊ ပွဲချိန် ၇၁ မိနစ်တွင် ထက်ထက်အောင်တို့က သွင်းယူခဲ့ပြီး ရောဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၈ မိနစ်တွင် ခွန်ဇော်သိန်းနှင့် ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပို တစ်မိနစ်တွင် ကောင်းမြတ်စံတို့က သွင်းယူခဲ့ကြောင်း သိရသည်။

STA

# ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ် ဖျော်ဖြေရေးအစီအစဉ်တွင် ရှာကီရာနှင့် ဂျက်စတင်ဘီဘာတို့အပါအဝင် အနုပညာရှင်အများအပြားဖျော်ဖြေမည်

ဝါရှင်တန် ဇူလိုင် ၁၁

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ် ဖျော်ဖြေရေးအစီအစဉ်၌ ကမ္ဘာ့ထိပ်တန်းအဆိုတော်များဖြစ်ကြသည့် ရှာကီရာနှင့် ဂျက်စတင်ဘီဘာတို့ အပါအဝင် အနုပညာရှင်အများအပြား ပါဝင်ဖျော်ဖြေသွားမည် ဖြစ်ကြောင်း The Athletic သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကမ္ဘာ့ဖလား ပြိုင်ပွဲများတွင် အများအားဖြင့် ဖွင့်ပွဲအခမ်းအနား၊ ဗိုလ်လုပွဲနှင့်အတူ ပိတ်ပွဲအခမ်းအနားတို့တွင် ပွဲစဉ်မစတင်မီ ဖျော်ဖြေရေးအစီအစဉ်ကို ထည့်သွင်းကျင်းပခြင်း ဖြစ်သော်လည်း ယခုကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်၌ ပွဲစဉ်မစတင်မီနှင့် ပထမပိုင်းအပြီးတို့တွင် ဖျော်ဖြေရေး အစီအစဉ်များ ထည့်သွင်းကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ရှာကီရာ၊ ဂျက်စတင်ဘီဘာတို့အပြင် မက်ဒေါနား၊ ကိုးလ်ပလေး၊ BTS အဖွဲ့၊ ဘာနာဘွိုင်း၊ ဒူဒါမယ်၊ PS22 Chorus အဖွဲ့ အစရှိသူများက ပါဝင်သီဆို ဖျော်ဖြေသွားမည် ဖြစ်သည်။

ကမ္ဘာ့ဘောလုံး အဖွဲ့ချုပ်က အဆိုပါဖျော်ဖြေပွဲမှ ရရှိသည့် ငွေကြေးများမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကို ကမ္ဘာလုံးဆိုင်ရာ ပညာရေးရန်ပုံငွေ အစီအစဉ်သို့ လှူဒါန်းသွားမည်ဖြစ်သည်။

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ကို ဇူလိုင် ၂၀ ရက်တွင် အမေရိကန်နိုင်ငံ နယူးဂျာစီ ပြည်နယ်ရှိ နယူးယောက်နယူးဂျာစီ အားကစားကွင်းတွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

Ref : The Athletic

Trs : STA

# U-12 Junior Soccer World Challenge ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၂ အသင်း ကစားသမားရွေးချယ်ပွဲကို ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် ကျင်းပ

မန္တလေး ဇူလိုင် ၁၁

ဂျပန်နိုင်ငံတွင် ကျင်းပမည့် U- 12 Junior Soccer World Challenge ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့်မြန်မာ ယူ-၁၂ အသင်းဖွဲ့စည်းရန် ကစားသမားရွေးချယ်ပွဲကို ယနေ့တွင် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျင်းပခဲ့ကြောင်း သိရသည်။

မြန်မာ ယူ-၁၂ သင်း အနေဖြင့် U-12 Junior Soccer World Challenge ပြိုင်ပွဲကို နှစ်စဉ် ဝင်ရောက်ယှဉ်ပြိုင်နေပြီး ယခုနှစ်တွင် စတုတ္ထအကြိမ်မြောက်အဖြစ် ဝင်ရောက်ကစားသွားမည်ဖြစ်သည်။



မြန်မာ ယူ-၁၂ အသင်း ဖွဲ့စည်းရန် ကစားသမားရွေးချယ်ပွဲကို နှစ်ရက်တာ ကျင်းပသွားမည် ဖြစ်ပြီး ယနေ့ ပထမရက်တွင် ရန်ကုန်မြို့ရှိ ရန်ကုန်အမျိုးသား ဘောလုံးအကယ်ဒမီတွင် ၃၉ ဦး နှင့် မန္တလေးမြို့ရှိ မြန်မာဘောလုံး အကယ်ဒမီ(မန္တလေး)တွင် ဦးရေ ၂၀ လာရောက် အရွေးချယ်ခံခဲ့ကြသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်က မြန်မာ ယူ-၁၂ အသင်းဖွဲ့စည်းရန် အသက်ပြည့်မီသည့် မည်သူမဆို ဝင်ရောက် အရွေးချယ်ခံနိုင်ရန် ကစားသမားရွေးချယ်ပွဲကို ကျင်းပခြင်းဖြစ်ပြီး ဒုတိယမြောက်နေ့အဖြစ် ဇူလိုင် ၁၂ ရက်တွင်လည်း ရန်ကုန်မြို့ရှိ ရန်ကုန်အမျိုးသား ဘောလုံးအကယ်ဒမီနှင့် မန္တလေး မြို့ရှိ မြန်မာဘောလုံးအကယ်ဒမီ (မန္တလေး)တို့တွင် ဆက်လက် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

STA

# Fire Dragon Futsal Championship 2026 ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ




ရန်ကုန် ဇူလိုင် ၁၁

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖုဆယ်နှင့် သဲသောင်ပြင်ကော်မတီ၊ Fire Dragon တို့ ပူးပေါင်းကျင်းပသည့် Fire Dragon Futsal Championship 2026 ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ MFF Futsal Stadium တွင် ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌဦးဇော်ဇော်၊ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးချိုထွန်းအောင်၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖုဆယ်နှင့် သောင်ပြင်ကော်မတီ ဥက္ကဋ္ဌ ဦးကြည်မင်းသိန်း၊ ဒုတိယ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးနိုင်သောင်းထိုက်၊ ဦးဖြိုးမောင်မောင်၊ Fire Dragon မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် အားကစားသမားများ၊ ပရိသတ်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ အခမ်းအနားကို နံနက် ၁၀ နာရီမှစတင်ပြီး အနုပညာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များနှင့် စတင်ခဲ့ပြီးနောက် အဆိုပါ ဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အသင်းများမှ ကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြပြီး အမှတ်တရဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

ထို့နောက် အဆိုပါဖွင့်ပွဲအခမ်းအနားသို့ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများက အဖွင့်ပွဲစဉ် ယှဉ်ပြိုင် ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး အဖွင့်ပွဲစဉ်တွင် YCDC Dream Team အသင်းက Warm Brother FC အသင်းကို ၁၃ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

STA

# မြန်မာအမျိုးသမီးအသင်းဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၆ အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုမဲခွဲမှုကို ဇူလိုင် ၂၃ ရက်တွင် ပြုလုပ်မည်

ရန်ကုန် ဇူလိုင် ၁၁

မြန်မာ အမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် ၂၀၂၆ခုနှစ် အာရှအားကစားပြိုင်ပွဲ အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စုမဲခွဲမှုကို ဇူလိုင် ၂၃ ရက်တွင် ဂျပန်နိုင်ငံရှိ Hilton Nagoya ဟိုတယ်၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ၂၀၂၆ ခုနှစ် အာရှအားကစားပြိုင်ပွဲ၏ အမျိုးသမီးဘောလုံးပြိုင်ပွဲကို လာမည့် စက်တင်ဘာလတွင် ကျင်းပသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီ(AINAGOC)က ထုတ်ပြန်ပြီး အာရှအိုလံပစ်ကောင်စီ(OCA) က တရားဝင် အတည်ပြုခဲ့သည့် ပြိုင်ပွဲ ဝင်ခွင့်ရ(NOCs) နိုင်ငံများ စာရင်းအရ မြန်မာအမျိုးသမီး ဘောလုံးအသင်းသည် အာရှ ထိပ်သီးအသင်းများနှင့်အတူ ပါဝင် ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ယခုနှစ် အာရှအားကစားပြိုင်ပွဲ အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ၂၀၂၆ AFC အမျိုးသမီးအာရှဖလား ပြိုင်ပွဲရလဒ်များအပေါ် အခြေခံ၍ ခြေစစ်ပွဲသတ်မှတ်ချက်များ ချမှတ်ခဲ့ခြင်းဖြစ်သော်လည်း အာရှဖလား ပြိုင်ပွဲတွင် ပါဝင်ခဲ့ကြသည့်အသင်းများအနက် ပြိုင်ပွဲဝင်အသင်းအချို့နုတ်ထွက်ခဲ့ကြသည့်အတွက် ၎င်းတို့၏နေရာတွင် အာဆီယံဒေသတွင်းမှ မြန်မာအသင်းနှင့် ထိုင်းအသင်းတို့ အစားထိုးဝင်ရောက်ယှဉ်ပြိုင်ခွင့် ရရှိခဲ့ကြခြင်းဖြစ်သည်။

အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲကို ဂျပန်နိုင်ငံရှိ ဖူကူရှီးမား၊ အိုဆာကာ၊ ဂီဖူ၊ နာဂိုယာ၊ ကာရိယ စသည့်မြို့ကြီးငါးမြို့တွင် လာမည့် စက်တင်ဘာ ၁၄ ရက်မှ အောက်တိုဘာ ၂ ရက်ထိ ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

STA

# ကမ္ဘာ့ဖလားပြိုင်ပွဲရှုံးထွက်အဆင့်၌ လူစားဝင်လာပြီး နှစ်ပွဲဆက် အနိုင်ဂိုးသွင်းယူနိုင်သည့် ပထမဆုံးကစားသမားအဖြစ် စပိန်အသင်းမှ မီရီနိုရပ်တည်

မက်ဒရစ် ဇူလိုင် ၁၁

စပိန်အသင်းကွင်းလယ် ကစားသမား မီရီနိုသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ် အဖြစ်ကစားခဲ့သည့် စပိန်အသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့ပွဲစဉ်တွင် လူစားဝင်ကစားခဲ့ပြီး အသင်းအတွက် အနိုင်ဂိုး သွင်းယူခဲ့ပြီးနောက် ရှုံးထွက်အဆင့်၌ လူစားဝင်လာပြီး နှစ်ပွဲဆက် အနိုင်ဂိုး သွင်းယူနိုင်သည့် ပထမဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း 365 Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။




မီရီနိုသည် စပိန်အသင်းက ဘယ်လ်ဂျီယံအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်ပွဲစဉ်၌ ပွဲချိန် ၈၆ မိနစ်တွင် အသင်းဖော် အိုမိုနှင့် လူစားလဲပါဝင်ကစားခဲ့ပြီးနောက် နှစ်မိနစ်အကြာ ပွဲချိန် ၈၈ မိနစ်၌ အသင်းအတွက် အနိုင်ဂိုးသွင်းယူနိုင်ခဲ့သည်။

ထို့ပြင် မီရီနိုသည် ပြီးခဲ့သည့် ၁၆ သင်းရှုံးထွက်အဆင့်ပွဲစဉ်အဖြစ် ကစားခဲ့သည့် စပိန်အသင်းနှင့် ပေါ်တူဂီအသင်းတို့ပွဲစဉ်တွင်လည်း ဂိုးမရှိ သရေရလဒ် ထွက်ပေါ်နေချိန် ပွဲချိန် ၈၅ မိနစ်၌ အသင်းဖော် အိုမို၏နေရာတွင် လူစားဝင် ပါဝင်ကစားခဲ့ပြီးနောက် ပွဲချိန် မိနစ် ၉၀ ပြည့်ပြီး အချိန်ပိုတစ်မိနစ်တွင် အသင်းအတွက် အနိုင်ဂိုး သွင်းယူခဲ့ပြီး စပိန်အသင်းသည် မီရီနို၏ သွင်းဂိုးဖြင့် ပေါ်တူဂီအသင်းကို အနိုင်ရခဲ့ခြင်းဖြစ်သည်။

အလားတူ မီရီနိုသည် ဘယ်လ်ဂျီယံအသင်းနှင့် ပွဲစဉ်တွင်လည်း လူစားဝင်ပါဝင်ကစားခဲ့ပြီး အသင်းအတွက် အနိုင်ဂိုးကို ထပ်မံသွင်းယူခဲ့သည့်အတွက် ကမ္ဘာ့ဖလားပြိုင်ပွဲ ရှုံးထွက်အဆင့်တွင် လူစားဝင် ကစားပြီး နှစ်ပွဲဆက် အနိုင်ဂိုး သွင်းယူနိုင်သည့် ပထမဆုံး ကစားသမား ဖြစ်လာခဲ့ကြောင်း သိရသည်။

Ref : 365 Scores
Trs : STA

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်သို့ ဂျန်နစ်ခ်ဆင်နာ တက်ရောက်

လန်ဒန် ဇူလိုင် ၁၁

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပနေသည့် ဝင်ဘယ်ဒန် တင်းနစ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် တစ်ပွဲအဖြစ် လက်ရှိ ချန်ပီယံ ကမ္ဘာ့အဆင့်(၁) အီတလီတင်းနစ် ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ဆားဘီးယား တင်းနစ်ကစားသမား ဂျိုကိုဗစ်တို့ ယှဉ်ပြိုင်ခဲ့ရာ ဂျန်နစ်ခ်ဆင်နာက (၆-၄၊ ၆-၄၊ ၆-၃)ရလဒ်ဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ခ်ဆင်နာအတွက် လက်ရှိ ချန်ပီယံကို ကာကွယ်နိုင်ရေး ရည်မှန်းချက်ကို အကောင်အထည် ဖော်နိုင်ရန် နီးစပ်လာပြီး ၎င်း အနေဖြင့် ဂျိုကိုဗစ်နှင့်ပွဲစဉ်တွင် အကောင်းဆုံး စွမ်းဆောင်ပြခဲ့သကဲ့သို့ စဝေးဘောများလည်း ကောင်းမွန်ခဲ့ပြီး Ace ရိုက်ချက် ၁၆ ကြိမ်ထိ ရရှိခဲ့သည်။

ဂျန်နစ်ခ်ဆင်နာက "ဒီပြိုင်ပွဲဟာ တင်းနစ်ကစားသမားတိုင်းအတွက် အထူးပြိုင်ပွဲတစ်ရပ်ဖြစ်သလို ဒီလိုပြိုင်ပွဲရဲ့ ဆီမီးဖိုင်နယ်အဆင့်မှာ ဂျိုကိုဗစ်လိုကစားသမားမျိုးနဲ့ ယှဉ်ပြိုင်ကစားခွင့်ရတာ သိပ်ကိုဂုဏ်ယူပါတယ်။ ဂျိုကိုဗစ်ဟာ လူငယ်ကစားသမားတိုင်းအတွက် လေးစားအတုယူဖွယ် စံပြကစားသမားကြီးပါ။ နောက် မျိုးဆက်သစ်တွေအနေနဲ့လဲ တင်းနစ်လောကမှာ ဂျိုကိုဗစ်ဘာတွေ လုပ်ပြနိုင်ခဲ့လဲဆိုတာကို မြင်တွေ့ရရင် သိပ်ကို အံ့ဩကြမှာပါ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : TSN
Trs : AZL



# Genesis Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် မက်အီရွိုင်း၊ တွမ်ကင်မ်၊ ဂျော်ဒန်စမစ်တို့က အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်

ဒဗ္ဗလင် ဇူလိုင် ၁၁

စကော့တလန် နိုင်ငံတွင် ကျင်းပနေသည့် Genesis Scottish Open ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့အပြီးတွင် မြောက်အိုင်ယာလန် ဂေါက်သီးရိုက်ကစားသမား မက်အီရွိုင်း၊ တောင်ကိုရီးယား ဂေါက်သီးရိုက်ကစားသမား တွမ်ကင်မ်၊ အင်္ဂလန်ဂေါက်သီးရိုက် ကစားသမား ဂျော်ဒန်စမစ်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယားကို ပူးတွဲဦးဆောင်နေကြောင်း Golf Magic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဩစတြေးလျ ဂေါက်သီးရိုက် ကစားသမား လီမင်ဂူနှင့် အင်္ဂလန် ဂေါက်သီးရိုက် ကစားသမား ဖစ်ဇ်ပက်ထရစ်တို့က စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေသည်။

ထို့ပြင် ကမ္ဘာ့အဆင့်(၁) အမေရိကန် ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာသည် ပထမနေ့နှင့် ဒုတိယနေ့ နှစ်ရက်စလုံး၌ ရလဒ်ဆိုးရွားခဲ့သည့်အတွက် Cut စာရင်းတွင် ပါဝင်သွားခဲ့ပြီး ပြိုင်ပွဲမှ ထွက်ခွာခဲ့ရသည်။

စကော့တီရှက်ဖလာက "ပထမနေ့နဲ့ ဒုတိယနေ့မှာပါ အရာအားလုံးက အလွဲအမှားတွေချည်းပါပဲ။ ဂေါက်ကွင်းကလဲ ကစားရခက်ခဲပါတယ်။ ရလဒ်တွေ မကောင်းခဲ့ပေမဲ့ ကျွန်တော့်ရဲ့ ကစားပုံက ဒီလောက်ထိ ဆိုးရွားတယ်လို့တော့ မခံစားမိပါဘူး။ ဒီပြိုင်ပွဲမှာတော့ အခြေအနေ သိပ်ကို ဆိုးရွားသွားခဲ့ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Golf Magic
Trs : AZL

# နည်းပညာဖြင့် အဂတိလိုက်စားမှုကို တားဆီးကာကွယ်ခြင်း

လင်းလက်

**နည်းပညာ၏ အရေးပါမှု**

နည်းပညာဆိုသည်မှာ ပညာရပ်ဆိုင်ရာ နည်းနာဖြစ်သည်။ ထို့ပြင် "လူသားတို့ နေ့စဉ်ကြုံတွေ့နေရသည့်စိန်ခေါ်မှုနှင့် အခက်အခဲများကို ဖြေရှင်းရန်၊ ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်စေရန် သို့မဟုတ် လူသားတို့၏ ပတ်ဝန်းကျင်ကို လိုက်လျောညီထွေဖြစ်အောင် ပြုပြင်ဖန်တီးရန်အတွက် သိပ္ပံပညာရပ်ဆိုင်ရာ အသိပညာများကို လက်တွေ့နယ်ပယ်တွင် အသုံးချခြင်း"ပင်ဖြစ်သည်။ နည်းပညာသည် လူသားတို့၏ လိုအင်ဆန္ဒနှင့် လိုအပ်ချက်ကွက်လပ်များကို လူသားတို့ကိုယ်စား ဖြည့်ဆည်းပေးနေသည့် အရာတစ်ခုပင်ဖြစ်သည်။ ဉာဏ်ရည်တုနည်းပညာဟုလူသိများသည့် အေအိုင်နည်းပညာသည် လူသားတို့၏ နေ့စဉ်လူနေမှုဘဝဖြစ်စဉ်များကို လွယ်ကူချောမွေ့စေရေး အကူအညီပေးနိုင်သည်ထိ ဖြစ်လာပြီဖြစ်သည်။

နည်းပညာသည် လူသားအကျိုးပြုအရာတစ်ခုဖြစ်သော်လည်း နည်းပညာကို မကောင်းသည့်ဘက်တွင် အသုံးချလိုသည့်သူများလက်အတွင်း ရောက်သွားသည့်အခါတွင် အဖျက်စွမ်းအားကြီးမားသည့် လက်နက်ဖြစ်သွားနိုင်သည်။ အဂတိလိုက်စားမှုဖြစ်စဉ်များတွင်လည်း နည်းပညာကို တလွဲအသုံးချကျူးလွန်ကြသည်များလည်း ရှိလာနေပြီဖြစ်သည်။ လူသားအကျိုးပြုနည်းပညာကို လမ်းလွဲအသုံးချသူများရှိနေသည်ကလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်သူများအတွက် အဟန့်အတားတစ်ခုပင်ဖြစ်သည်။

အဂတိလိုက်စားမှုများကို မဖြစ်ခင်က ကြိုတင်ကာကွယ်တားဆီးရေး အတွက် ဆောင်ရွက်ရာတွင်လည်း နည်းပညာကို မေ့ထား၍မရပေ။ အဂတိလိုက်စားမှုများ ဖြစ်ပွားရခြင်း၏ အခြေခံအကြောင်းတရားများမှာ အဂတိလိုက်စားမှုကို လွယ်လင့်တကူ ကျူးလွန်နိုင်သည့်အခွင့်အလမ်းများ ရှိနေခြင်း၊ လူသားတို့လိုအင်ဆန္ဒနှင့် လိုအပ်ချက်များက အဂတိ လိုက်စားမှုကျူးလွန်ရန် ဖိအားများဖြစ်နေခြင်းတို့ပင်ဖြစ်သည်။ ထိုအခွင့်အလမ်းများကို နည်းပညာအသုံးချ၍ တားဆီးကာကွယ်နိုင်မည်ဆိုပါက အဂတိလိုက်စားမှုများ အထိုက်အလျောက် လျော့နည်းသွားမည်ဖြစ်သည်။

**e-Government စနစ် အကောင်အထည်ဖော်ခြင်း**

e-Government သို့မဟုတ် Electronic Government ဆိုသည်မှာ အစိုးရ၏ သတင်းအချက်အလက်များနှင့် ဝန်ဆောင်မှုများကို ပြည်သူများထံသို့ပေးပို့ရာတွင် အင်တာနက်နှင့် World Wide Web (WWW) နည်းပညာကို အသုံးပြုဆောင်ရွက်ခြင်းဟု အဓိပ္ပာယ်ရသည်။ ကွန်ပျူတာများ၊ မိုဘိုင်းဖုန်းများ စသည့်အီလက်ထရွန်နစ် နည်းပညာသုံးစက်ပစ္စည်းများ၊ အိုင်တီနည်းပညာနှင့် အင်တာနက်နည်းပညာများ စသည်တို့ကိုအသုံးပြုကာ အစိုးရကပြည်သူများထံသို့ပေးပို့လိုသော သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုများကို လျင်မြန်ကောင်းမွန်စွာပံ့ပိုးပေးသော စနစ်တစ်ရပ်ဖြစ်သည်။ အစိုးရ၏လုပ်ငန်းများကို ကုန်ကျစရိတ်သက်သာစွာဖြင့် လျင်လျင်မြန်မြန် ဆောင်ရွက်နိုင်ခြင်း၊ တာဝန်ယူမှု၊ တာဝန်ခံမှုကို ပိုမိုမြင့်မားစေခြင်း၊ ပွင့်လင်းမြင်သာမှုကို တိုးပွားစေခြင်း၊ အစိုးရနှင့် ပြည်သူကြား အလှမ်းကွာဝေးမှုကို လျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများစွာကို ရရှိနိုင်သည်။

e-Government စနစ် အကောင်အထည်ဖော်ခြင်းသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ပုံမှန်ထက်မြန်ဆန်သွက်လက်စေရုံသာမက အဂတိလိုက်စားမှုများကိုလည်း လျှော့ချပေးသည်။ လူ့စွမ်းအားအရင်းအမြစ်အသုံးချမှုကို လျှော့ချနိုင်သကဲ့သို့ အဂတိလိုက်စားမှုများကြောင့် လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးမှုများကို တားဆီးကာကွယ်နိုင်သဖြင့် e-Government စနစ်ကို စနစ်တကျ အကောင်အထည်ဖော်ရမည်ဖြစ်သည်။

**အခြေခံအချက်များကို သိရှိစေခြင်း**

ကုလသမဂ္ဂအဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းပါ တားဆီးကာကွယ်ရေးပြဋ္ဌာန်းချက်များကို လေ့လာကြည့်ရာတွင် အဂတိလိုက်စားမှုအပေါ်ပြည်သူလူထု၏ သဘောထားအမြင်စစ်တမ်းများကောက်ယူခြင်း၊ အဂတိလိုက်စားနိုင်ခြေအန္တရာယ်ရှိမှု ဆန်းစစ်လေ့လာခြင်း၊ အများပြည်သူသို့သတင်းအချက်အလက်များ ထုတ်ပြန်ခြင်းနှင့် အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ အများပြည်သူသို့ အသိပညာပေးခြင်းတို့သည် မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းများပင်ဖြစ်သည်။

> ❖ နည်းပညာသည် လူသားအကျိုးပြုအရာတစ်ခုဖြစ်သော်လည်း နည်းပညာကို မကောင်းသည့်ဘက်တွင် အသုံးချလိုသည့်သူများလက်အတွင်း ရောက်သွားသည့်အခါတွင် အဖျက်စွမ်းအားကြီးမားသည့်လက်နက် ဖြစ်သွားနိုင်သည်။ အဂတိလိုက်စားမှုဖြစ်စဉ်များတွင်လည်း နည်းပညာကိုတလွဲအသုံးချ၍ ကျူးလွန်ကြသည်များလည်း ရှိလာနေပြီဖြစ်သည်။ လူသားအကျိုးပြုနည်းပညာကို လမ်းလွဲအသုံးချသူများရှိနေသည်ကလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆောင်ရွက်သူများအတွက် အဟန့်အတားတစ်ခုပင်ဖြစ်သည်။ ❖

အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ ပြည်သူလူထု၏သဘောထားအမြင်ကို သိရှိနိုင်ရေးကလည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်သူများအတွက် အလွန်အရေးကြီးသည်။ ပြည်သူလူထု၏ သဘောထားအခြေအနေနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေးအတွက် နည်းလမ်းရှာဖွေရမည်ဖြစ်သည်။ စစ်တမ်းများကောက်ယူရာတွင် နည်းပညာအခြေပြု စစ်တမ်းကောက်ယူခြင်းကအစပြု၍ အစီရင်ခံစာများပြုစုခြင်းတို့ထိ နည်းပညာကို အသုံးပြုနိုင်သည်။ မည်သည့်ကဏ္ဍ၌မဆို မှန်ကန်တိကျသည့် သတင်းအချက်အလက်များရရှိမှသာ မှန်ကန်တိကျပြီး ထိရောက်သည့် မူဝါဒများချမှတ်နိုင်မည်ဖြစ်သည်။ နည်းပညာသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်သည့်အခြေခံအချက်များကို လွယ်လင့်တကူ ရှာဖွေနိုင်သည့်အပြင် ဖြေရှင်းနိုင်မည့်နည်းလမ်းများကိုလည်း လွယ်လင့်တကူ ရှာဖွေနိုင်သည်။

**သတင်းအချက်အလက်များဖြန့်ဝေခြင်း**

အများပြည်သူဆိုင်ရာ လုပ်ငန်းဌာနများတွင် သတင်းအချက်အလက်များကို ပြည်သူထံသို့ ဖြန့်ဝေပေးခြင်းကလည်း အလွန်အရေးကြီးသည်။ လျှောက်လွှာ တင်သွင်းခြင်း၊ ခွင့်ပြုမိန့်များ ထုတ်ပေးခြင်း၊ အခွန်အခများနှင့် ဝန်ဆောင်ခများ ပေးဆောင်ခြင်းတို့ကဲ့သို့သော ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် လျှို့ဝှက်ထိန်းသိမ်းထားရမည့် သတင်းအချက်အလက်များမှအပ သိသင့်သိထိုက်သော သတင်းအချက်အလက်များကို အများပြည်သူသို့ချပြပေးရမည်ဖြစ်သည်။

အများပြည်သူဆိုင်ရာ ဘဏ္ဍာရန်ပုံငွေများကို ခွဲဝေချထားမှု၊ အသုံးပြုမှု စသည့်ဘတ်ဂျက်အသုံးစရိတ်များကို အများပြည်သူသို့ ပွင့်လင်းမြင်သာစွာ ချပြရမည်ဖြစ်သည်။ နည်းပညာကို အသုံးပြု၍ တရားဝင်ဝက်ဘ်ဆိုက်များ လူမှုမီဒီယာပလက်ဖောင်းများမှတစ်ဆင့် အများပြည်သူ သိရှိနိုင်ရေးထုတ်ပြန်နိုင်သည်။ အဂတိလိုက်စားမှုနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ အချိန်မီရရှိရေးသည် အလွန်အရေးကြီးသည်။ နည်းပညာကို အသုံးပြု၍ အများပြည်သူအတွင်း ပျံ့နှံ့နေသည့် သတင်းအချက်အလက်များကို စောင့်ကြည့်စစ်ဆေးခြင်းတို့ကိုပြုလုပ်နိုင်သည်။ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဆောင်ရွက်ချက်များကို အများပြည်သူသို့ ထုတ်ပြန်ပေးရမည်ဖြစ်သည်။ ထိုကဲ့သို့ ထုတ်ပြန်ရာတွင် ခေတ်မီနည်းပညာများကို အသုံးပြု၍ လူမှုမီဒီယာပလက်ဖောင်းမျိုးစုံမှ ထုတ်ပြန်နိုင်ရေး ဆောင်ရွက်ရမည်ဖြစ်သည်။ သို့မှသာ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးဆောင်ရွက်ချက်များကို ပြည်သူများသိရှိပြီး ပူးပေါင်းဆောင်ရွက်လာမည်ဖြစ်သည်။

**အသိပညာပေးခြင်း**

အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍ ဆိုးကျိုးသက်ရောက်မှုများ၊ ထိခိုက်ဆုံးရှုံးမှုများ၊ အများပြည်သူလူမှုစီးပွားဘဝတိုးတက်မှုများကို အဟန့်အတားဖြစ်သည့်ကိစ္စရပ်များကို အများပြည်သူ သိရှိနိုင်ရေးထုတ်ပြန်သင့်သည်။ အဂတိလိုက်စားမှုနှင့်စပ်လျဉ်းသည့် အသိပညာဗဟုသုတများရှိမှသာ ကိုယ်တိုင်အဂတိလိုက်စားမှုကို ရှောင်ကြဉ်နိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှုကျူးလွန်သူများ တွေ့ရှိချိန်တွင်လည်း သတင်းပေးပို့တိုင်ကြားခြင်း လုပ်ငန်းများ ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ပြည်သူလူထုတစ်ရပ်လုံး၏ အတွေးအခေါ်နှင့် ခံယူချက်များပြုပြင်ပြောင်းလဲနိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းစဉ်များကလည်း အလွန်အရေးကြီးသည်။

လူငယ်လူရွယ်များမှအစပြု၍ ပြည်သူတစ်ရပ်လုံး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအသိပညာများ ပိုမိုရရှိစေရေးအတွက် လူမှုမီဒီယာများတွင် သတင်းများ၊ ဆောင်းပါးများ ရေးသားဖော်ပြခြင်း၊ အသိပညာပေး ရုပ်သံဇာတ်လမ်းများဖော်ပြခြင်းတို့ဖြင့်ဆောင်ရွက်နိုင်သည်။ နည်းပညာကို အသုံးပြု၍ ကလေးသူငယ်များ၊ လူငယ်များ စိတ်ပါဝင်စားနိုင်သည့်ပိုစတာများ၊ ဗွီဒီယိုများ၊ ဇာတ်လမ်းတိုများ၊ ကာတွန်းများကို ဖန်တီး၍ အသိပညာပေးနိုင်သည်။ အေအိုင်ကဲ့သို့သော နည်းပညာများကို အသုံးပြု၍ အသိပညာပေးနည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်သည်။ လူမှုကွန်ရက်မီဒီယာအသုံးပြု၍ အသိပညာပေးခြင်း စသည့်နည်းလမ်းပေါင်းစုံသုံး၍အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးကို အလေးထားဆောင်ရွက်နိုင်သည်။

**နည်းလမ်းရှာခြင်း**

လူသားတို့၏ နေ့စဉ်လူမှုဘဝအခက်အခဲနှင့် စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်း နိုင်ရေးအတွက် နည်းပညာဖြင့် ကူညီပေးနိုင်သည်။ အဂတိလိုက်စားမှုသည် လူသားတို့၏နေ့စဉ်လူနေမှုဘဝများကို အခက်အခဲဖြစ်စေ သဖြင့် နည်းပညာကိုအသုံးပြု၍ အဂတိလိုက်စားမှုများကို တားဆီးကာကွယ်သွားရမည်ဖြစ်သည်။ အဂတိလိုက်စားမှုကို လွယ်လင့်တကူ ကျူးလွန်နိုင်သည့်အခွင့်အလမ်းများကို နည်းပညာဖြင့် ရှာဖွေဖော်ထုတ်၍ နည်းပညာဖြင့်ပင် တားဆီးကာကွယ်နိုင်သည်။

e – Government စနစ် အကောင်အထည်ဖော်ခြင်းမှအစပြု၍ နည်းလမ်းများရှာဖွေခြင်းတို့ထိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးတွင်နည်းပညာကို အကျိုးရှိရှိအသုံးချရန်လိုသည်။ သတင်းအချက်အလက်များကို အများပြည်သူသို့ အချိန်နှင့်တစ်ပြေးညီထုတ်ပြန်ခြင်း၊ စိတ်ဝင်စားဖွယ်ဖြစ်သော လက်ကမ်းစာစောင်များ၊ ပိုစတာများ၊ ဇာတ်လမ်းတိုများ၊ ကာတွန်းဇာတ်လမ်းတိုများဖန်တီး၍ အသိပညာပေးခြင်း၊ မိုဘိုင်းဖုန်းဆော့ဝဲများ တီထွင်ဖန်တီး၍တားဆီးကာကွယ်ရေး ဆောင်ရွက်နိုင်သည်။ ထို့ပြင် အများပြည်သူဆိုင်ရာ ရုံးဌာနအဖွဲ့အစည်းများအနေဖြင့် မိမိတို့ရုံးဌာန၊ အဖွဲ့အစည်းများ၏ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အရည်အသွေးတိုးတက်ပြီး အဂတိလိုက်စားမှုများ ကင်းစင်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ သို့ဖြစ်ရာ အဂတိလိုက်စားမှု တားဆီးကာကွယ်ခြင်းများကို နည်းပညာအသုံးပြု၍ ပိုမိုထိရောက်စွာဆောင်ရွက် နိုင်မည်ဖြစ်ပေသည်။

**ကိုးကား**


- ကုလသမဂ္ဂ။ (၂၀၀၃)။ ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း (United Nations Convention against Corruption – UNCAC)၊



## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# President of the Republic of the Union of Myanmar U Min Aung Hlaing commissions Anisakhan Airport into service in Pyin Oo Lwin




**President U Min Aung Hlaing delivers a speech at the inauguration of Anisakhan Airport in Pyin Oo Lwin.**

**Nay Pyi Taw July 11**

A ceremony to inaugurate Anisakhan Airport built in Pyin Oo Lwin took place at the venue this morning, attended by President of the Republic of the Union of Myanmar U Min Aung Hlaing who delivered a speech on the occasion.

The ceremony aimed to enable travellers to conveniently visit there and to improve socioeconomic life of residents.

Also present at the ceremony were Union Ministers U Khin Maung Yi, U Mya Tun Oo, General Tun Aung, Lt-Gen Nyunt Win Swe, U Hsan Oo and U Myo Thant, Mandalay Region Chief Minister U Myo Aung, Chief of the General Staff (Army, Navy and Air) General Ko Ko Oo, the commander of the Central Command, deputy ministers, regional ministers, departmental heads, officials from airlines, town elders, residents, students and guests.

On arrival at Anisakhan Airport, the President was warmly welcomed by ethnic cultural troupes, a student band and pom-pom dance troupes.

Union Minister for Transport and for Digital Development and Communications U Mya Tun Oo, Union Minister for Defence General Tun Aung, Union Minister for Construction U Myo Thant and Mandalay Region Chief Minister U Myo Aung cut the ribbon to open the ceremony.

The President unveiled the signboard of the airport and sprinkled scented water on the plaque.

In the second session of the ceremony held at the first floor of the new airport lounge, the President delivered a speech, saying that today marks an important and historic day for domestic and international tourism, as it opens a new chapter in the history of the peaceful and beautiful flower city of Pyin Oo Lwin. The inauguration of Anisakhan Airport is not only a significant step forward in the development of the country's aviation sector, but also a milestone effort contributing to regional development and the promotion of tourism.

Anisakhan Airport is an airport with a rich historical legacy, having been constructed and in existence since the pre-independence period. After independence, it was maintained by the Department of Civil Aviation. Between 1952 and 1957, it was used for flight operations by Dakota aircraft and Fokker F-27 aircraft of the Tatmadaw (Air). Previously, it was merely a gravel and earth runway measuring 4,450 feet in length and 200 feet in width.

In 2004, the original runway was extended northward to achieve a total length of 10,000 feet. A concrete aircraft apron measuring 600 feet in length and 300 feet in width was also constructed, and the project was completed in 2006. As a result, aircraft were able to resume safe landing and operations at the airport.

At present, the newly elected government that has assumed responsibility is actively working to provide and develop the necessary infrastructure to transform the country into a modern, comprehensively developed nation. In carrying out such infrastructure development, the aviation transport sector, which plays a crucial role in the country's economic growth and development, has been designated as a priority sector. Therefore, projects for the expansion and construction of new infrastructure, including airports, are being implemented at an accelerated pace.

Currently, Myanmar has three international airports and 28 domestic airports operating regular flight services. The Anisakhan Airport, which is being inaugurated today, will proudly become an airport that further strengthens the domestic airport network.

Pyin Oo Lwin is situated at an altitude of over 3,500 feet above sea level. It has a moderate climate throughout the year, with blooming flowers and lush greenery, making it a beautiful and pleasant city. In addition, it has naturally created scenic recreational sites and offers opportunities to experience ancient architectural works, which have made it a renowned and attractive destination among domestic and international tourists throughout the ages. PyinOoLwin is being developed as a prestigious city representing the nation, with aspirations for it to become a hill resort city, a city of cherry blossoms, a coffee city, a health city, and an education city. Therefore, in order to enable tourists to visit the city conveniently and smoothly within a short period of time, the government began an upgrading project for Anisakhan Airport in 2023 to ensure that it meets all the required standards and functions of a fully developed airport.



**President U Min Aung Hlaing sprinkles scented water on the plaque of Anisakhan Airport.**

In carrying out this work, a new two-story steel structure airport building measuring 120 feet in length and 80 feet in width, capable of handling 100,000 passengers per year for arrivals and departures, has been constructed. Additionally, the aircraft parking apron has been expanded to 600 feet in length and 550 feet in width to accommodate three aircraft at the same time, such as the Boeing 737-800. A new air traffic control tower measuring 30 feet in length, 20 feet in width, and 56 feet in height has also been built. Furthermore, landing aid guidance systems, runway lighting systems, and aircraft position indicating navigation aids have been successfully installed. For these achievements, the Ministry of Transport, the Department of Civil Aviation, the Ministry of Defence, and the Directorate of Military Engineering are honored and recognized.

In particular, this Anisakhan Airport is not only crucial for the tourism sector of the Pyin Oo Lwin region but will also serve as a strategic gateway for the development of the nation's Information and Communication Technology (ICT) sector. It is intended to help realize the "Yadanabon Cyber City" as a world-class Silicon Valley, serving as a key aviation connectivity gateway. By enabling local and international technology experts and investors to travel in and out of Yadanabon Cyber City quickly and smoothly in a short time, it will significantly accelerate the country's technological development and digital economy sector.

Furthermore, high-quality agricultural products requiring freshness, such as premium flowers, coffee, and strawberries—which are the main pride of the floral capital, Pyin Oo Lwin—can now be exported directly and in a timely manner to both domestic and international markets using the Air Cargo and Cold Chain Logistics system. This situation will create numerous new economic opportunities for local farmers and entrepreneurs, thereby promoting regional development and the modern agricultural economy.

Therefore, plans are in place to continue developing Anisakham Airport into a modern airport capable of accommodating larger aircraft in the future. It is already planned to progressively build and upgrade essential infrastructure, including rapid exit taxiways, cargo aircraft parking areas, and cargo warehouses.

*See Page 15*

# President of the Republic of the Union of Myanmar U Min Aung Hlaing inspects undertakings for urban development and socioeconomic development of Pyin Oo Lwin



**President U Min Aung Hlaing gives guidance to officials during his inspection tour of Yadanabon Cyber City Project.**

**Nay Pyi Taw July 11**

President of the Republic of the Union of Myanmar U Min Aung Hlaing, accompanied by members of the entourage, the Mandalay Region chief minister, the Central Command commander and officials, inspected progress in implementing the undertakings for urban development and socioeconomic development of Pyin Oo Lwin this morning.

**New entrance road project of central fire services training school**

The President and party inspected the progress in construction of an entrance road to the training school from the Mandalay-Lashio road. The Union Minister for Construction and officials conducted them around the project site.

In response, the President said the government will implement necessary infrastructures for socioeconomic development of the people of the country including the residents of Pyin Oo Lwin area. All the projects must be implemented systematically for sustainability and usefulness. Drainages must be built along the entrance road for proper flow of water. Taring and road shouldering construction needs careful attention. Road areas must be methodically designated, large tree species, shade trees and winder breakers should be grown in the area through correct methods to help improve the weather and green the area. All the training schools along the road must be within their demarcated areas and should properly erect fences. Zeebingyi basic education high school should have a standard sports ground. The President also looked into other requirements.

The President observed road construction projects along the route and building of bridges and looked around the compound of the training school in a motorcade.

**Yadanabon New Town Project and Yadanabon Cyber City Project**

Afterward, the President arrived at the Yadanabon Teleport building within the Yadanabon New Town Project near Pyin Sar Village, where Union Minister for Construction U Myo Thant explained the formation and operations of committees and working committees, the implementation of guidance provided during the State Leader's inspection visit, the development of Ever Green areas within Yadanabon Cyber City, the verification process of checking whether non-operating companies wish to continue operations according to regulations while allowing factories already built on industrial plots within the Cyber City Project to continue normal operations, the ongoing feasibility study for 2,200 acres of Phase (1) of the Yadanabon Cyber City Project, the measures being taken to ensure compliance with regulations on northern residential plots within the Cyber City Project area, and the invitations being extended to local and foreign companies to conduct industrial activities within the project, while Union Minister for Transport and for Digital Development and Communications U Mya Tun Oo explained the implementation status of the Yadanabon Cyber City Project, the renovation of buildings within the project for continued use, the interest of local technology companies to lease and utilize training halls and staff hostels, the ongoing business operations of existing factories within the project, the invitation of new investments, and the status of discussions aimed at attracting investments from foreign technology companies within the project.

In response to the explanations, the President gave guidance noting that land plots newly applied for by businesses to operate within the Yadanabon Cyber City Project need to be permitted and processed in accordance with regulations, that local and foreign companies investing in the project must be systematically scrutinized, selected, and approved to ensure they can provide good support for the development of the State's interests, and that this project must be able to provide employment opportunities for skilled tech students graduating from technological universities and colleges in the region, along with other necessary directives.

Subsequently, the Union Minister for Construction explained facts regarding the 3,000-acre land area of the Yadanabon New Town Project, *See Page 14*



**President U Min Aung Hlaing hears reports on the new entrance road project of the central fire services training school.**



**President U Min Aung Hlaing observes the culture of silk worms.**



**President U Min Aung Hlaing views production process at Silk Yarn Factory (Pyin Oo Lwin).**

# President of the Republic of the Union of Myanmar U Min Aung Hlaing holds a meeting with officials and town elders committee of Pyin Oo Lwin

## Continuously preserve the unique natural environment of Pyin Oo Lwin, complete with fine historical traditions, and valuable exceptional features



**President U Min Aung Hlaing meets with officials and members of the town elders committee of Pyin Oo Lwin.**

**Nay Pyi Taw July 11**

President of the Republic of the Union of Myanmar U Min Aung Hlaing held a meeting with officials and members of the town elders committee at the briefing hall of National Kandawgyi Gardens in Pyin Oo Lwin on 10 July afternoon and discussed means for regional development and continuous maintenance and preservation of the fine traditions of the town.

Also present at the meeting together with the President were union ministers, U Khin Maung Yi, U Mya Tun Oo, General Tun Aung, Lt-Gen Nyunt Win Swe, U Hsan Oo, U Myo Thant, Mandalay Region Chief Minister U Myo Aung, Chief of General Staff (Army, Navy and Air) General Ko Ko Oo, the Central Command commander, deputy ministers, and departmental personnel of Pyin Oo Lwin.

First, the President expressed his pleasure in meeting with members of the town elder's committee of Pyin OO Lwin, saying that Pyin Oo Lwin is a historically famous hill station, with its various names including flower city and recreation city. The good traditions of the town must be preserved throughout the coming generations. Living styles changes alongside the changing eras and systems. Rapid development in residential areas, other structures, roads and bridges can be witnessed. As Pyin Oo Lwin is a beautiful town with unique geography and natural conditions, the onus to continuously preserve its find traditions is on the local people. Hence, the President said he led to the formation and operation of the town elders committee. 72.5 percent of the population of Pyin Oo Lwin is natives and the remaining persons are migrants. Anyhow, every resident is responsible for the continuous preservation and protection of their hometown.

Pyin Oo Lwin is a recreation city, witnessing a drop in its forest areas due to advancing lifestyles and modernizing process and increase in population in the areas in and around the town. The President has given guidance for the Revival of Pyin Oo Lwin as a Cherry City and provided means for facilitation of the work. Groves of pine, silver oak and Jacaranda trees, which suits to the weather of the area, must be planted to restore a balanced climate and lushness and greenness of the environment. the town's unique features must be revitalized to restore its names Cherry City and Flower City. The town is also being updated as a Health City and Coffee City, alongside its lush environment and cool and pleasant weather. Pyin Oo Lwin coffee has won a good reputation internally and externally and has the market demand. Because of its good soil and abundance of water resources, agriculture is gaining success in Pyin Oo Lwin.

Pyin Oo Lwin is an area that has a good reputation in the education sector, and it's now becoming an education city. Because of its excellent features and beauties, more and more tourists are visiting the areas in and around Pyin Oo Lwin. As the saying goes, "A pleasant home has visitors" all the residents from individual to groups should make efforts for cleanness and pleasantness of the town and for providing excellent accommodation and food services. the town elder's committee should find ways for the betterment of their hometown through coordination on all angles.

**Official of the committee presents report**

On behalf of the officials and members of the committee, its Chairman U Aung Myin reported on the formation of the committee in accord with the guidance of the President, discussions and actions to serve the interest of the areas in and around the town, the provision of assistance to health, education, religious and social fields to the most possible degree, the need to upgrade the Kandawlay ring road that is deteriorating at present, ongoing efforts to realize the health city program, and the requirement of State's assistance in building school sport grounds, swimming pools, and tennis courts, proper water flow of the Gallon Creek due to the State's assistance and the need to build retaining walls and payments at the required places for its sustainability, provision of inputs and capital for further progress of agricultural activities, repairing and upgrading of bad ward/village to ward/village roads, and requirements for regional development.



**President U Min Aung Hlaing gives guidance to officials during his inspection tour of the National Kandawgyi Gardens in Pyin Oo Lwin.**

The President made necessary instructions on the reports and discussed regional development and conservation of heritage of great historical value, saying roads that require upgrading among inter-ward and -village roads will be identified and their needs will be fulfilled by relevant ministries and development committees. Daily food, shelter and clothing need of humans play an important role and respective countries in the world are placing emphasis on solving the issues related to security of food, clothing and basic needs like our country. To fulfill the food and shelter needs of individuals, production tasks must be encouraged and carried out unavoidably. Only when there are products, will there be marketable goods and the money circulate properly. For the security of food, clothing and basic needs of residents of Pyin Oo Lwin region, it is necessary to carry out agriculture and livestock breeding tasks must be carried out systematically and proactively. Measures are being taken to supply sufficient potable water and conservation tasks must be carried out for water sources of irrigation facilities and creeks.

In connection with the pleasantness of the town, it is necessary to create clean and pleasant environs and greenness. *See Page 15*

# Vice President U Nyo Saw addresses 2026 World Population Day commemoration ceremony



Vice President U Nyo Saw addresses 2026 World Population Day commemoration ceremony.

**Nay Pyi Taw July 11**

The 2026 World Population Day commemoration ceremony was held at 9 a.m. on July 11 at the Jade Hall of the Myanmar International Convention Centre-1 in Nay Pyi Taw, with Vice President U Nyo Saw attending and delivering the keynote address.

The ceremony was attended by Vice President Daw Nan Ni Ni Aye, Pyithu Hluttaw Speaker U Khin Yi, Amyotha Hluttaw Speaker U Aung Lin Dwe, Union-level officials, Union ministers, Chairman of the Nay Pyi Taw Council, deputy ministers, diplomats from foreign embassies in Myanmar, representatives from UN agencies, and invited guests.

In his address, Vice President U Nyo Saw expressed his honor at attending the World Population Day commemoration ceremony and delivering a speech on behalf of the President of the Republic of the Union of Myanmar. He highlighted that Myanmar is commemorating World Population Day for the 37th time, noting that the occasion provides an important opportunity to review population awareness, policies, and practical measures in response to current conditions, while supporting the effective implementation of long-term national development strategies.

He emphasized that demographic changes are closely connected with the Sustainable Development Goals set by the United Nations. He said that efforts to reduce poverty, improve healthcare, expand access to quality education, promote gender equality, create decent employment opportunities, and strengthen social protection systems require a comprehensive understanding of population structures and demographic trends. Therefore, national development strategies should carefully consider current population conditions, future projections, and regional demographic differences.

The Vice President also stressed the importance of obtaining accurate and comprehensive demographic and socio-economic data from all regions of the country to support effective decision-making. He noted that population censuses, surveys, and statistical systems serve as essential foundations for policymaking, investment prioritization, improving public services, and developing local development plans.

He added that demographic change presents both challenges and opportunities for Myanmar, providing a chance to strategically shape the nation's future. He called on government departments, development partners, experts, civil society organizations, and the public to work together to build a fair, inclusive, and hopeful socio-economic society based on human dignity and rights.

Following the address, Union Minister for Immigration and Population U Myint Kyaing presented Myanmar's demographic transition process. The ceremony concluded with the screening of an animated video commemorating World Population Day 2026.

After the ceremony, Vice President U Nyo Saw and attendees visited a commemorative exhibition on World Population Day 2026 displayed at the Jade Hall.

MNA

*From Page 12*

the status of field inspections conducted based on current conditions, and data concerning villages within the project area, to which the President gave guidance noting that the 3,000-acre land area of the Yadanabon New Town Project has been designated and implemented as government-owned project land since 2006, that markers must be installed along the designated project area boundaries and evergreen trees must be planted along the boundaries, that unauthorized construction and trespassing of buildings within the project area must be scrutinized and processed in accordance with the prescribed regulations, along with other necessary directives.

Thereafter, the President and members arrived at and inspected the Myanmar Posts and Telecommunications, Yadanabon New Town Telecommunications Station Incubation Center (IC) building within the Yadanabon New Town Project area, and upon the explanations of officials, gave directives that the building, water system, and electricity system need to be systematically renovated and prepared, and that when planting trees near the buildings, they must be grown in a way that causes no damage to the structures.

Afterward, they toured and inspected the cleanliness, neatness, and beauty of the Yadanabon New Town Project, the planting of trees to sustainably maintain a green environment, and the development of factories, workshops, and housing by motor vehicles.

**Silk Yarn Factory (Pyin Oo Lwin)**

Subsequently, the President arrived at the Silk Yarn Factory (Pyin Oo Lwin) under the Cotton and Fiber Crops Division, Department of Agriculture, Ministry of Agriculture, Livestock and Irrigation, where he was welcomed by responsible officials. Then, in the meeting hall of the factory, the factory manager explained the background history and objectives of the factory, land utilization, planting of mulberry trees by fiscal year, silkworm rearing, production of silk cocoons, production and sales of silk yarn, silk fabrics, and value-added products, ongoing business operations, and requirements of the factory.

After hearing the reports, the President said it is necessary to conduct research for the development of sericulture. As silk threads and textile can be produced not only for the domestic demand but also for export, it is necessary to boost silk production and to consistently nurture human resources for further development of silk industry. The President also gave other necessary instructions.

Then, the President and party attentively observed silk and silk products and culture of silk worms in the exhibition hall of the factory, cultivation of various kinds of mulberries in plantations, silk production process including selection, reeling, spinning and production silk textile of the factory and conservation of ancient silk spinning machines and discussed matters of interest with officials on their reports.

Afterward, the President presented cash rewards for staff of the factory to the manager.

MNA

# DPRK denounces NATO's "intention for inter-camp confrontation"

**Pyongyang July 11**

The Democratic People's Republic of Korea (DPRK) condemned "the United States and its vassal forces" for inter-camp confrontation intention displayed at the NATO summit, a foreign ministry spokesperson said Saturday.

The spokesperson made the remarks in a press statement reported by the official Korean Central News Agency, saying the trans-Atlantic bloc is exacerbating the security environment of Europe and creating instability in the Asia-Pacific.

The U.S.-led NATO allies and their partners incited confrontation throughout the NATO summit, held earlier this week in Ankara, Türkiye, the statement said, calling it a clear proof that the organization is "a war and confrontation body that goes against international peace and security in all parts of the world while pursuing exclusive geopolitical interests."

Xinhua


# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

*From Page 11*

This airport will firmly stand as a facility that supports flight networks connecting with airports across Myanmar, including those in Shan State, and will contribute to the socio-economic development of the people through trade and the flow of technology.

The Anisakhan Airport upgrade project is one of the nation's key infrastructure projects and was successfully implemented within the first 100 days of the new government's term. On behalf of the State, special thanks are extended to the Ministry of Transport, the Mandalay Region Government, the engineers from the Department of Civil Aviation, military engineers, relevant departmental officials, and all local residents who cooperatively contributed to this success.

The State has invested a significant amount of public funds to build Anisakhan Airport for the socio-economic development of the people. I would like to urge everyone to collectively preserve and maintain the airport for its long-term sustainability, to ensure smooth transportation operations utilizing the airport, and to cooperate in regional development efforts.

Afterwards, the Union Minister for Transport and for Digital Development and Communications explained the details regarding the new airport building, followed by a speech of thanks from the Chief Minister of Mandalay Region.

Following this, the President and attendees watched a video documentary of the airport upgrade works and a commemorative opening ceremony song performance.

Next, the Union Minister for Transport and for Digital Development and Communications presented a commemorative souvenir to the President in honour of the opening of the Anisakhan Airport building.

Subsequently, the President and those attending the ceremony posed for a group photo.

After that, the President viewed documentary photos of the Anisakhan Airport upgrade works, with explanations provided by the Union Minister for Transport and for Digital Development and Communications, and the Union Minister for Construction.

The President then toured and inspected the newly completed airport building and aircraft parking areas, providing necessary guidance on the reports presented by responsible officials.

MNA

*From Page 13*

Pleasantness and greenness must be conserved by respecting disciplines by each and every household, road, ward and village, growing trees and flowering plants and carrying out sanitation tasks. Good reputation of the town can be preserved by efforts of responsible officials and staff of the development affairs committee and the cooperation of the town residents. Measures are being taken to plant cherry trees again, which have an inseparable fine tradition with Pyin Oo Lwin. Encouraging people to plant cherry trees again can enormously contribute to pleasantness and greenness. As green and pleasant scenes amount to an invaluable landmark of Pyin Oo Lwin region, residents are required to conserve them conscientiously.

With serenity and pleasantness of the region, migrants and visitors to it will increase and the socioeconomic life of the region can be lifted but security consciousness and awareness must always be raised for urban security. While measures for urban development must be consistently taken, efforts must also be made for socioeconomic development of rural areas and residents. As ancient buildings in Pyin Oo Lwin region are invaluable heritage, consistent maintenance and conservation tasks to preserve their original architectures must be carried out systematically. Although big trees thrived in Pyin Oo Lwin region in the past, it can be seen that the number of them has decreased due to various reasons. If trees that pose danger and trees that encroach on road areas have to be cleared when necessary, sustainable greenness must be preserved by replanting trees and forests.

As for education, as the education system of our country must be reformed without fail, emphasis is being placed on the education sector. Complementary education is being enforced for KG+9 and Pyin Oo Lwin has fine traditions in education and students, parents and teachers all are required to exert efforts for higher pass percentages. The President also gave necessary instructions in his remarks.

After the meeting, the President cordially greeted town elders in Pyin Oo Lwin.

Then, the President and party inspected greening tasks, conservation of the bamboo forest trail, conservation of the Siberia cider tree given as present by Novosibirsk regional government of the Russian Federation to strengthen friendly relations and to reflect the emphasis on the Republic of the Union of Myanmar, conservation of the cherry tree planted at the centenary of the park and trees and flowering plants in the National Kandawgyi Gardens by buggy and gave necessary instructions on reports of officials.

Afterward, the President and party arrived at the Pyin Oo Lwin District Sport Ground and inspected the site for the swimming pool before giving necessary instructions on reports of officials.

MNA

# Myaung Township earmarks cultivation of more than 4,000 acres of rainfed paddy



**A thriving monsoon paddy plantation.**

**Myaung July 11**

Statistics of Myaung Township Agriculture Department stated that local authorities earmarked cultivation of 4,002 acres of rainfed paddy in Myaung Township of Sagaing Region this year.

During the 2026-2027 monsoon crop season, a plan has been made to cultivate 4,002 acres of rainfed paddy in Myaung Township. The cultivation of monsoon paddy will be carried out from July to September this year.

"This year's monsoon crop season, Myaung Township has planned to cultivate 4,002 acres of monsoon paddy. We will provide necessary assistance to ensure that the targeted acreage is fully cultivated. We will provide the necessary agricultural techniques and quality seeds for monsoon paddy cultivation. We will also conduct field visits to help farmers grow monsoon paddy on time," said U Myint Thu, Head of the Township Agriculture Department in Myaung Township.

The relevant Township Agriculture Department and local farmers will cooperate to ensure that monsoon paddy is cultivated systematically without difficulties during this year's monsoon crop season.

In Myaung Township, farmers cultivating monsoon paddy will be provided with agricultural techniques, awareness on pest prevention and control, and guidance to prevent crop damage and losses. They will also be informed to ensure that harvested paddy is transported under shelter in a timely manner.

It is learnt that staff from the Township Agriculture Department will conduct field activities to provide agricultural technical assistance, including selecting and cultivating quality and pure seeds, monitoring pest infestations, weeding and loosening soil, removing off-type plants, and using fertilizers systematically, in order to ensure the successful growth and good yield of monsoon paddy fields cultivated in Myaung Township this year.

206

# Merchants dispatch 55,000 baskets of Pakhan paddy to Yangon market in May

**Danubyu July 11**

Local merchants from Danubyu Township in Ayeyawady Region supplied 55,000 baskets of Pakhan paddy to Yangon market in May, said Daw Ei Ei Tun, the owner of rice and paddy trading depot in Danubyu Township.

Pakhan strain of paddy exports from Danubyu Township to the Yangon market reached only 40,000 baskets during April this year, but increased to 55,000 baskets during the one-month period in May.

"During the past month, we exported up to 55,000 baskets of Pakhan paddy from Danubyu Township. The Pakhan paddy exported from Danubyu Township to the Yangon market is of very good quality. This type of paddy is classified as a coarse-grain variety. The volume of exports increased because buyers from the Yangon market have shown strong demand for this paddy variety. Paddy prices are also currently high. Pakhan paddy is also in high demand in the domestic rice and paddy markets," said Daw Ei Ei Tun.

The Pakhan paddy exported from Danubyu Township to the Yangon market during the past month is fetching up to K1.455 million per 100 baskets, it is reported. Due to the improved trade of this paddy variety, farmers, traders, loading and unloading workers, and cargo truck operators are gaining employment opportunities.

Kyaw Kyaw Lin



**This photo shows a pile of harvested paddy.**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

မြို့မိမြို့ဖများ၊ ဒေသခံပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတသည်အခမ်းအနားကျင်းပမည့် အနီးစခန်းလေဆိပ်သို့ ရောက်ရှိရာ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ ကျောင်းသား၊ ကျောင်းသူ ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအကအဖွဲ့များက ရင်းနှီးနွေးထွေးစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်နှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အနီးစခန်းလေဆိပ် အဆောက်အအုံအသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အနီးစခန်းလေဆိပ်ဖွင့်ပွဲ အထိမ်းအမှတ်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို လေဆိပ်အဆောက်အအုံသစ် ပထမထပ်၌ကျင်းပရာ ဦးစွာ နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ယနေ့သည် ပြည်တွင်း၊ ပြည်ပခရီးသွားလုပ်ငန်းအတွက် အထင်ကရဖြစ်ပြီး အေးချမ်းသာယာသည့် ပန်းမြို့တော်ပြင်ဦးလွင်၏ သမိုင်းတွင် စာမျက်နှာသစ်တစ်ခုဖွင့်လှစ်နိုင်သည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ အနီးစခန်းလေဆိပ်ဖွင့်လှစ်ခြင်းသည် နိုင်ငံတော်၏လေကြောင်းပို့ဆောင်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးတို့အတွက်ပါ အရေးပါသည့် ကြိုးပမ်းဆောင်ရွက်မှုမှတ်တိုင်တစ်ခုလည်း ဖြစ်ကြောင်း။

အနီးစခန်းလေဆိပ်သည် လွတ်လပ်ရေးမရမီကာလကတည်းက ဖောက်လုပ်တည်ရှိခဲ့သည့် သမိုင်းအစဉ်အလာကြီးမားသောလေဆိပ်တစ်ခုဖြစ်ကြောင်း၊ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက ထိန်းသိမ်းထားခဲ့ကြောင်း၊ ၁၉၅၂ ခုနှစ်မှ ၁၉၅၇ ခုနှစ်အတွင်း ဒါကိုတာလေယာဉ်များ၊ တပ်မတော်(လေ)မှ ဖော်ကာအက်ဖ်-၂၇ လေယာဉ်များဖြင့် ပျံသန်းပြေးဆွဲအသုံးပြုခဲ့ကြောင်း၊ ယခင်က လေယာဉ်ပြေးလမ်းအလျားပေ ၄၄၅၀ နှင့် အကျယ် ပေ ၂၀၀ ရှိသည့် ကျောက်ရောမြေကြီးကွင်းတစ်ခုသာဖြစ်ခဲ့ကြောင်း။

၂၀၀၄ ခုနှစ်တွင် မူလလေယာဉ်ပြေးလမ်းကို အလျားပေတစ်သောင်းထိ ရရှိရေးအတွက် တစ်ဆက်တည်းရှိနေသည့် မြောက်ဘက်ကို တိုးချဲ့တည်ဆောက်ခဲ့ပြီး ကွန်ကရစ်ခင်းလေယာဉ်ရပ်နားနေရာကိုလည်း အလျား ပေ ၆၀၀၊ အနံ ပေ ၃၀၀ တည်ဆောက်ခဲ့ရာ ၂၀၀၆ ခုနှစ်၌ပြီးစီးခဲ့ပြီးဖြစ်သည့်အတွက် လေယာဉ်များ ဘေးအန္တရာယ်ကင်းရှင်းစွာပြန်လည်ဆင်းသက်အသုံးပြုနိုင်ခဲ့ပြီဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက အနီးစခန်းလေဆိပ် လေဆိပ်အဆောက်အအုံဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို နေရာအရောက် ဂါရဝပြုပေးအပ်စဉ်။

လက်ရှိတွင် ရွေးကောက်တင်မြှောက်ခံရပြီး တာဝန်ယူနေသည့် နိုင်ငံတော်အစိုးရသစ်အနေဖြင့် နိုင်ငံတော်ကြီးကို ဘက်စုံခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ဖော်ဆောင်နိုင်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို အင်တိုက်အားတိုက် ဖြည့်ဆည်းတည်ဆောက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ဖြည့်ဆည်းတည်ဆောက်ရာတွင် နိုင်ငံ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကကျသည့်လေကြောင်းပို့ဆောင်ရေးကဏ္ဍကိုဦးစားပေးကဏ္ဍတစ်ရပ်အဖြစ် သတ်မှတ်ထားကြောင်း၊ ထို့ကြောင့်လည်း လေဆိပ်များအပါအဝင် အခြေခံအဆောက်အအုံများတိုးချဲ့ခြင်းနှင့် အသစ်တည်ဆောက်ခြင်းစီမံကိန်းများကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း။

လက်ရှိမြန်မာနိုင်ငံတွင် ပုံမှန်လေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာလေဆိပ် သုံးခုနှင့် ပြည်တွင်း လေဆိပ် ၂၈ ခုရှိကြောင်း၊ ယနေ့ဖွင့်လှစ်သည့် အနီးစခန်းလေဆိပ်သည်

---

ကျောဖုံးမှအဆက်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများမှသံတမန်များ၊ ကုလသမဂ္ဂဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယသမ္မတ ဦးညိုစောက ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ၏ ကိုယ်စား တက်ရောက်အမှာစကားပြောကြားခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့လူဦးရေနေ့အခမ်းအနားများကိုအစဉ်တစိုက် အလေးအနက်ထား ကျင်းပလာခဲ့သည်မှာ ၃၇ ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ လူဦးရေပြောင်းလဲမှုဆိုင်ရာအသိအမြင်၊ မူဝါဒနှင့် လက်တွေ့ဆောင်ရွက်မှုများကို လက်ရှိအခြေအနေနှင့် ကိုက်ညီမှုရှိအောင်ပြန်လည်သုံးသပ်ရန်နှင့် နိုင်ငံတော်၏ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများကို ပိုမိုထိရောက်အောင် အကောင်အထည်ဖော်ရန် အရေးပါသည့် အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ကြောင်း။

လူဦးရေပြောင်းလဲမှုဖြစ်စဉ်သည် ကုလသမဂ္ဂက ချမှတ်ထားသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနှင့် တိုက်ရိုက်ဆက်နွှယ်နေကြောင်း၊ ဆင်းရဲမှုလျှော့ချရေး၊ ကျန်းမာရေးကောင်းမွန်ရေး၊ အရည်အသွေးရှိသည့် ပညာရေးရရှိရေး၊ ကျားမတန်းတူညီမျှရေး၊ သင့်တင့်လျောက်ပတ်သည့်အလုပ်အကိုင်ဖန်တီးရေးနှင့် လူမှုကာကွယ်စောင့်ရှောက်ရေးစနစ် အားကောင်းရေးတို့သည် လူဦးရေဖွဲ့စည်းမှုနှင့် လူဦးရေပြောင်းလဲမှုဆိုင်ရာအချက်အလက်များကို နက်နက်ရှိုင်းရှိုင်းနားလည်ထားမှသာ ထိရောက်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို မဟာဗျူဟာမြောက် ဆောင်ရွက်ရာတွင် မျက်မှောက်ကာလ လူဦးရေအခြေအနေ၊ အနာဂတ်ခန့်မှန်းချက်နှင့် ဒေသအလိုက် လူဦးရေကွာခြားချက်များကို မဖြစ်မနေ အလေးထား သုံးသပ်လုပ်ဆောင်ကြရန် လိုအပ်ကြောင်း။

တိကျမှန်ကန်သည့် ဆုံးဖြတ်ချက်များကို ချမှတ်နိုင်ရန် နိုင်ငံတော်၏ နယ်မြေဒေသအသီးသီးရှိ လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာ အခြေခံအချက်အလက်များ ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန်ရရှိရန် လိုအပ်ကြောင်း၊ သန်းခေါင်စာရင်း၊ စစ်တမ်းများနှင့် စာရင်းအင်းစနစ်များသည် အနာဂတ်မူဝါဒချမှတ်ရေး၊ ရင်းနှီးမြှုပ်နှံမှုဦးစားပေးသတ်မှတ်ရေးနှင့် ပြည်သူ့ဝန်ဆောင်မှုများ တိုးတက်ကောင်းမွန်စေရေး၊ ဒေသန္တရဖွံ့ဖြိုးရေးအစီအမံများရေးဆွဲချမှတ်ရေးတို့သည် အသက်တမျှအရေးပါသည့် အခြေခံအချက်အလက်များပင်ဖြစ်ကြောင်း။

လူဦးရေပြောင်းလဲမှုသည် မိမိတို့နိုင်ငံအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်နိုင်သကဲ့သို့ နိုင်ငံ၏အနာဂတ်ကို မဟာဗျူဟာမြောက် ပြန်လည်ပုံဖော်နိုင်မည့်အခွင့်အလမ်းတစ်ရပ်လည်းဖြစ်ကြောင်း၊ ထို့ကြောင့် အစိုးရဌာနများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးက လူ့ဂုဏ်သိက္ခာကိုဗဟိုပြုပြီး အခွင့်အရေးကို အခြေခံသည့်၊ မျှတပြီး မျှော်လင့်ချက်ရှိသည့် လူမှုစီးပွားအသိုက်အဝန်းကောင်းတစ်ရပ်ကို အတူတကွ တည်ဆောက်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲမှုဖြစ်စဉ်နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် Animation Clip ကို ပြသပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ၂၀၂၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အဖြစ် ကျောက်စိမ်းခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းငယ်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ အနီးစခန်းလေဆိပ်တွင် လေယာဉ်ရပ်နားရန်နေရာအသစ် တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

**ခရီးသွားဧည့်သည်များ အချိန်တိုအတွင်း အဆင်ပြေချောမွေ့စွာ လာရောက်လည်ပတ်နိုင်စေရေးအတွက် နိုင်ငံတော်အနေဖြင့် အနီးစခန်းလေဆိပ်ကို လေဆိပ်တစ်ခု၏ အင်္ဂါရပ်နှင့် ညီညွတ်ပြည့်စုံမှုရှိစေရန် အဆင့်မြှင့်တင်ရေးစီမံကိန်းကို ၂၀၂၃ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ် . . .**

**ပန်းမြို့တော်ပြင်ဦးလွင်ဒေသ၏ အဓိကဂုဏ်ဆောင်ဖြစ်သည့် အဆင့်မြင့်ပန်းမန်များ၊ ကော်ဖီနှင့် စတော်ဘယ်ရီစသည့် လတ်ဆတ်မှုလိုအပ်သည့် အရည်အသွေးမြင့် စိုက်ပျိုးရေးထုတ်ကုန်များကို လေကြောင်းကုန်စည်ပို့ဆောင်ရေးစနစ်(**Air Cargo&Cold Chain Logistics**)ကိုအသုံးပြုပြီး ပြည်တွင်းဈေးကွက်များသာမက ပြည်ပနိုင်ငံများသို့ပါ အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက်တင်ပို့ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ် . . .**

ပြည်တွင်းလေဆိပ်ကွန်ရက်ကို ပိုမိုအားကောင်းလာစေမည့် လေဆိပ်တစ်ခုအဖြစ် ဂုဏ်ယူဝင့်ကြွားစွာရပ်တည်လာနိုင်တော့မည်ဖြစ်ကြောင်း။

ပြင်ဦးလွင်မြို့သည် ပင်လယ်ရေမျက်နှာပြင်အထက်အမြင့်ပေ ၃၅၀၀ ကျော်တွင် တည်ရှိကြောင်း၊ တစ်နှစ်ပတ်လုံးသင့်တင့်မျှတသည့်ရာသီဥတုရှိပြီး ပန်းမန်များဖူးပွင့်ဝေဆာကာ သာယာလှပသည့်မြို့ဖြစ်ကြောင်း၊ ထို့ပြင် သဘာဝကဖန်တီးပေးထားသည့် အပန်းဖြေစခန်းများတည်ရှိပြီး ရှေးဟောင်းဗိသုကာပညာလက်ရာများကိုပါ တွေ့မြင်ခံစားနိုင်သောကြောင့် ခေတ်အဆက်ဆက်ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များအကြား စိတ်ပါဝင်စားမှုများပြီး အထင်ကရကျော်ကြားခဲ့ကြောင်း၊ ပြင်ဦးလွင်ကို တောင်ပေါ်အပန်းဖြေမြို့တော်၊ ချယ်ရီပန်းမြို့တော်၊ ကော်ဖီမြို့တော်၊ ကျန်းမာရေးမြို့တော်၊ ပညာရေးမြို့တော်စသည်ဖြင့် မှော်မှန်းပြီး နိုင်ငံ့ဂုဏ်ဆောင်မြို့ကြီးတစ်ခုအဖြစ် တည်ဆောက်နေကြောင်း၊ ထို့ကြောင့်လည်း ခရီးသွားဧည့်သည်များ အချိန်တိုအတွင်း အဆင်ပြေချောမွေ့စွာလာရောက်လည်ပတ်နိုင်စေရေးအတွက် နိုင်ငံတော်အနေဖြင့် အနီးစခန်းလေဆိပ်ကို လေဆိပ်တစ်ခု၏ အင်္ဂါရပ်နှင့် ညီညွတ်ပြည့်စုံမှုရှိစေရန် အဆင့်မြှင့်တင်ရေးစီမံကိန်းကို ၂၀၂၃ ခုနှစ်ကတည်းက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်ရာတွင် တစ်နှစ်လျှင် ခရီးသည် ၁၀၀၀၀၀ ဝင်ထွက် အသုံးပြုနိုင်သည့် အလျား ပေ ၁၂၀၊ အနံ ပေ ၈၀ ရှိ steel structure နှစ်ထပ်လေဆိပ်အဆောက်အအုံသစ်ကိုတည်ဆောက်ခဲ့ကြောင်း၊ Boeing 737-800 တို့ကဲ့သို့ လေယာဉ်အမျိုးအစားသုံးစင်းတစ်ပြိုင်တည်း ရပ်နားအသုံးပြုနိုင်စေရန် အလျား ပေ၆၀၀၊ အနံ ပေ ၅၅၀ ထိ တိုးချဲ့ထားသည့် လေယာဉ်ရပ်နားနေရာ၊ အလျား ပေ ၃၀ ၊ အနံ ပေ၂၀ နှင့် အမြင့် ၅၆ ပေရှိ လေကြောင်းထိန်းမျှော်စင်သစ်တို့ကိုလည်း တည်ဆောက်နိုင်ခဲ့ကြောင်း၊ ထို့ပြင် လေယာဉ်ဆင်းသက်မှု အထောက်အကူပြုလမ်းညွှန်စက်များ၊ လေယာဉ်ပြေးလမ်း လျှပ်စစ်မီးစနစ်များနှင့် လေယာဉ်ရောက်ရှိနေရာပြလေကြောင်း လမ်းညွှန်စက်များကိုပါ တပ်ဆင်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုသို့ အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သည့်အတွက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးတို့ကိုဂုဏ်ပြုအသိအမှတ်ပြုပါကြောင်း။

အထူးသဖြင့် ယခုအနီးစခန်းလေဆိပ်သည် ပြင်ဦးလွင်ဒေသ၏ ခရီးသွားကဏ္ဍတစ်ခုတည်းအတွက်သာမကဘဲ နိုင်ငံတော်၏ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍ (ICT Sector)ကိုပါ တိုးတက်မြင့်မားရေးအတွက် ဗဟိုချက်မဖြစ်သည့် **“ရတနာပုံဆိုက်ဘာစီးတီး”**ကို ကမ္ဘာ့အဆင့်မီ Silicon Valley တစ်ခုအဖြစ် ပေါ်ထွန်းလာစေရေးရည်ရွယ်ဆောင်ရွက်ရာတွင် အဓိကကျသည့် လေကြောင်းဆက်သွယ်ရေး တံခါးပေါက် (Strategic Gateway) ဖြစ်လာမည်လည်းဖြစ်ပါကြောင်း၊ ပြည်တွင်းပြည်ပမှ နည်းပညာရှင်များ၊ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရတနာပုံဆိုက်ဘာစီးတီးကိုအချိန်တိုအတွင်း လျင်မြန်ချောမွေ့စွာ ဝင်ထွက်သွားလာနိုင်ခြင်းအားဖြင့် နိုင်ငံတော်၏နည်းပညာဖွံ့ဖြိုးမှုနှင့် ဒစ်ဂျစ်တယ်စီးပွားရေးကဏ္ဍကို အရှိန်အဟုန်ဖြင့် မြှင့်တင်ပေးနိုင်မည်ပင်ဖြစ်ကြောင်း။

ထို့ပြင် ပန်းမြို့တော်ပြင်ဦးလွင်ဒေသ၏ အဓိကဂုဏ်ဆောင်ဖြစ်သည့် အဆင့်မြင့်ပန်းမန်များ၊ ကော်ဖီနှင့် စတော်ဘယ်ရီစသည့် လတ်ဆတ်မှုလိုအပ်သည့် အရည်အသွေးမြင့် စိုက်ပျိုးရေးထုတ်ကုန်များကို လေကြောင်းကုန်စည်ပို့ဆောင်ရေးစနစ်(Air Cargo&Cold Chain Logistics)ကိုအသုံးပြုပြီး ပြည်တွင်းဈေးကွက်များသာမက ပြည်ပနိုင်ငံများသို့ပါ အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက်တင်ပို့ဖြန့်ဖြူးပေးနိုင်တော့မည်ဖြစ်ကြောင်း၊ ယင်းအခြေအနေသည် ဒေသခံတောင်သူများနှင့် လုပ်ငန်းရှင်များအတွက် စီးပွားရေးအခွင့်အလမ်းသစ်များစွာကိုဖန်တီးပေးပြီး ဒေသဖွံ့ဖြိုးရေးနှင့် ခေတ်မီစိုက်ပျိုးစီးပွားရေးကဏ္ဍကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

ထို့ကြောင့် အနာဂတ်တွင် အနီးစခန်းလေဆိပ်ကို ပိုမိုကြီးမားသည့် လေယာဉ်ကြီးများဆင်းသက်နိုင်မည့် ခေတ်မီလေဆိပ်တစ်ခုအဖြစ် ဆက်လက်ဖွံ့ဖြိုးတိုးတက်လာစေရေးဆောင်ရွက်ရန်စီစဉ်ထားကြောင်း၊ လေယာဉ်များအမြန်ဆင်းသက်ထွက်ခွာနိုင်မည့်ဝင်လမ်း၊ထွက်လမ်းများ၊ ကုန်စည်တင်လေယာဉ်ရပ်နားနေရာ၊ ကုန်စည်သိုလှောင်ရုံစသည့်အခြေခံအဆောက်အအုံများကိုလည်း အဆင့်ဆင့်ဖြည့်ဆည်း တည်ဆောက်ပြီး အဆင့်မြှင့်တင်သွားရန် လျာထားစီစဉ်ထားပြီးဖြစ်ကြောင်း၊ ယခုလေဆိပ်သည် ရှမ်းပြည်နယ်ရှိ လေဆိပ်များအပါအဝင် မြန်မာနိုင်ငံအနှံ့အပြားရှိ လေဆိပ်များနှင့် ကွန်ရက်ချိတ်ဆက်ပျံသန်းသည့် လေကြောင်းခရီးစဉ်များကိုအထောက်အကူပြုပြီး ကုန်သွယ်ရေးနှင့် နည်းပညာစီးဆင်းမှုများမှတစ်ဆင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ကြဉ်းပေးမည့် လေဆိပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်လိမ့်မည်ဟုလည်း ယုံကြည်ပါကြောင်း။

အနီးစခန်းလေဆိပ်အဆင့်မြှင့်တင်ရေးလုပ်ငန်းသည် နိုင်ငံတော်၏အရေးကြီးအခြေခံအဆောက်အအုံများမှ စီမံကိန်းလုပ်ငန်းတစ်ခုဖြစ်ပြီး နိုင်ငံတော်အစိုးရသစ်၏ ပထမရက် ၁၀၀ စီမံကိန်းကာလအတွင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအောင်မြင်မှုအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြသည့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ အင်ဂျင်နီယာများ၊ တပ်မတော်အင်ဂျင်နီယာများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံပြည်သူများအားလုံးကို နိုင်ငံတော်ကိုယ်စားအထူးကျေးဇူးတင်ရှိပါကြောင်း။

ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကိုရည်ရွယ်ပြီး နိုင်ငံတော်က ဘဏ္ဍာငွေအမြောက်အမြား အကုန်အကျခံတည်ဆောက်ပေးခဲ့သည့် အနီးစခန်းလေဆိပ်ကို ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် အားလုံးဝိုင်းဝန်း ထိန်းသိမ်းစောင့်ရှောက်ပေးကြရန်နှင့် လေဆိပ်ကိုအသုံးပြုပြီး သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို ပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက လေဆိပ်အဆောက်အအုံသစ်ဆိုင်ရာ အချက်အလက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် လေဆိပ်အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့မှုမှတ်တမ်းဗီဒီယိုနှင့် ဖွင့်ပွဲအထိမ်းအမှတ် ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အနီးစခန်းလေဆိပ်၊ လေဆိပ် အဆောက်အအုံဖွင့်ပွဲအထိမ်းအမှတ် အမှတ်တရလက်ဆောင်ကို နေရာအရောက်ဂါရဝပြုပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် အနီးစခန်းလေဆိပ် အဆင့်မြှင့်တင်ခြင်း ဆောင်ရွက်ခဲ့မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုရာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးတို့က ရှင်းလင်းတင်ပြကြသည်။


ဆက်လက်၍ နိုင်ငံတော်သမ္မတသည် လေဆိပ်အဆောက်အအုံနှင့် လေယာဉ်ရပ်နားရန်နေရာအသစ် တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

PPIB News

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ လိုက်လံကြည့်ရှုစစ်ဆေး






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

**ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် အသစ်လျှောက်ထားသည့် လုပ်ငန်းလုပ်ဆောင်မည့် မြေနေရာများကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုဆောင်ရွက်သွားရန်လို. . .**

**စီမံကိန်းအတွင်း လာရောက်ရင်းနှီးမြှုပ်နှံကြမည့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအနေဖြင့် နိုင်ငံတော်အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အပံ့ကောင်းများပေးနိုင်သည့် ကုမ္ပဏီများဖြစ်စေရေး စနစ်တကျစိစစ်ရွေးချယ်ခွင့်ပြုပေးသွားရန်လို. . .**

နေပြည်တော် ဇူလိုင် ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

## ဗဟိုမီးသတ်သင်တန်းကျောင်းသို့ ဝင်ရောက်သည့် လမ်းသစ်ဖောက်လုပ်ရေးလုပ်ငန်းခွင်

ဦးစွာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မန္တလေး-လားရှိုးလမ်းမကြီးမှ ဗဟိုမီးသတ် သင်တန်းကျောင်းသို့ ဝင်ရောက်သည့် လမ်းသစ်ဖောက်လုပ်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိကြပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လမ်းသစ်ဖောက်လုပ်နေသည့် အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ပြင်ဦးလွင်ဒေသအပါအဝင် နိုင်ငံအတွင်းရှိ မိမိတို့ပြည်သူများ၏ လူနေမှုအဆင့်အတန်းနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် မိမိတို့အနေဖြင့် လိုအပ်သည့် အခြေခံအဆောက်အအုံများကို အကောင်အထည်ဖော်တည်ဆောက်ပေးသွားရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင်လည်း ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရေးနှင့် အကျိုးရှိရှိအသုံးချနိုင်ရေး လုပ်ငန်းဆောင်ရွက်မှုအားလုံး စနစ်တကျဖြစ်ရန် လိုကြောင်း၊ ယခုဖောက်လုပ်လျက်ရှိသည့် လမ်းကြောင်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ စနစ်တကျထည့်သွင်းဖောက်လုပ်သွားရန်လိုကြောင်း၊ ကတ္တရာခင်းခြင်း၊ လမ်းပခုံးများ ထည့်သွင်းခြင်းတို့ကိုလည်း စနစ်တကျ ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ လမ်းနယ်များကိုလည်း စနစ်တကျ သတ်မှတ်သွားရန်လိုပြီး လမ်းနယ်အတွင်း၌ စိမ်းလန်းစိုပြည်မှုရှိစေရေးနှင့် အေးမြသာယာသည့် ရာသီဥတုကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် မဲဇလီကဲ့သို့သော အပင်ကြီးမျိုးများ၊ အရိပ်ရလေကာပင်များကို ပင်ကြားတန်းကြားမှန်ကန်စွာဖြင့် စနစ်တကျ ထည့်သွင်းစိုက်ပျိုးသွားရန်လိုကြောင်း၊ လမ်းကြောင်းတစ်လျှောက်ရှိ သင်တန်းကျောင်းများ အနေဖြင့်လည်း နယ်နိမိတ် သတ်မှတ်ချက်များအတိုင်း ဖြစ်ရန်လိုပြီး ခြံစည်းရိုးများစနစ်တကျ ကာရံထားရှိသွားရန်လိုကြောင်း၊ ဇီးပင်ကြီး အခြေခံပညာအထက်တန်းကျောင်းအတွင်း၌ အားကစားကွင်းတစ်ခုကိုလည်း သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် လမ်းကြောင်းတစ်လျှောက် လမ်းဖောက်လုပ်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ တံတားများ ထည့်သွင်းတည်ဆောက်ထားရှိမှုများနှင့် ဗဟိုမီးသတ် သင်တန်းကျောင်းအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## ရတနာပုံမြို့သစ်စီမံကိန်းနှင့် ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပြင်စာကျေးရွာအနီး ရတနာပုံမြို့သစ်စီမံကိန်းရှိ ရတနာပုံတယ်လီပို့ အဆောက်အအုံသို့ရောက်ရှိရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ကော်မတီနှင့်လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံတော်အကြီးအကဲရောက်ရှိစစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်ထားရှိမှု၊ ရတနာပုံဆိုက်ဘာစီးတီးအတွင်း Ever Green ဧရိယာများ ဖော်ဆောင်လျက်ရှိမှု၊ ဆိုက်ဘာစီးတီးစီမံကိန်း စက်မှုမြေကွက်များတွင် စက်ရုံတည်ဆောက်ထားရှိပြီး ပုံမှန်လည်ပတ်နေသော ကုမ္ပဏီများကို ဆက်လက် လုပ်ပိုင်ခွင့်ပေးထားကာ လုပ်ငန်းရပ်တန့်နေသည့် ကုမ္ပဏီများကို သတ်မှတ်ချက်နှင့်အညီ ဆက်လက်လုပ်ကိုင်လိုခြင်း ရှိ၊ မရှိ စိစစ်ဆောင်ရွက်ခဲ့မှု၊ ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း အပိုင်း(၁) ဧက ၂၂၀၀ အတွက် ဖြစ်တန်စွမ်းလေ့လာဆန်းစစ် ဆောင်ရွက်လျက်ရှိမှု၊ ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း ဧရိယာအတွင်း မြောက်ပိုင်းအိမ်ရာမြေကွက်များတွင် သတ်မှတ်ချက်များနှင့်အညီဖြစ်စေရေး ဆောင်ရွက်လျက်ရှိမှု၊ စီမံကိန်းအတွင်း စက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများကို ဖိတ်ခေါ်ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန၊



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် မန္တလေး-လားရှိုး လမ်းမကြီးမှ ဗဟိုမီးသတ်သင်တန်းကျောင်းသို့ဝင်ရောက်သည့် လမ်းသစ်ဖောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးက ရတနာပုံဆိုက်ဘာစီးတီးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု၊ စီမံကိန်းအတွင်းရှိ အဆောက်အအုံများ ဆက်လက်အသုံးပြုနိုင်ရေး **စာမျက်နှာ ၁၉ သို့**






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ ပိုးချည်စက်ရုံ(ပြင်ဦးလွင်)မှ တာဝန်ရှိသူတစ်ဦးက ပိုးမွေးမြူမှု၊ ပိုးအိမ်ထုတ်လုပ်မှုနှင့် ပိုးချည်၊ ပိုးထည်နှင့်တန်ဖိုးမြင့်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်မှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။

## ပိုးချည်နှင့် ပိုးထည်များသည် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပဈေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် ပိုးချည်ထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားရန်လို...

**စာမျက်နှာ ၁၈ မှအဆက်**

ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် သင်တန်းခန်းမများနှင့် ဝန်ထမ်းများနေထိုင်ရန် အိပ်ဆောင်များကို ပြည်တွင်းနည်းပညာကုမ္ပဏီများက ငှားရမ်းအသုံးပြုဆောင်ရွက်လိုမှု၊ စီမံကိန်းအတွင်းရှိ စက်ရုံများလုပ်ငန်းလည်ပတ်နေမှုနှင့် အသစ်လာရောက်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်ဆောင်ရွက်ထားရှိမှု၊ စီမံကိန်းအတွင်း ပြည်ပနည်းပညာကုမ္ပဏီများ လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး ဆွေးနွေးဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ရတနာပုံဆိုက်ဘာစီးတီး စီမံကိန်းအတွင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် အသစ်လျှောက်ထားသည့် လုပ်ငန်းလုပ်ဆောင်မည့် မြေနေရာများကို သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုဆောင်ရွက်သွားရန်လိုကြောင်း၊ စီမံကိန်းအတွင်း လာရောက်ရင်းနှီးမြှုပ်နှံကြမည့် ပြည်တွင်း၊ ပြည်ပကုမ္ပဏီများအနေဖြင့် နိုင်ငံတော်အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးတွင် အထောက်အပံ့ကောင်းများပေးနိုင်သည့်ကုမ္ပဏီများဖြစ်စေရေး စနစ်တကျ စိစစ်ရွေးချယ်ခွင့်ပြုပေးသွားရန်လိုကြောင်း၊ ဒေသတွင်းရှိ နည်းပညာဆိုင်ရာတက္ကသိုလ်များ၊ ကောလိပ်များမှ သင်တန်းဆင်းလာကြသည့် နည်းပညာတတ်ကျွမ်းသောကျောင်းသား၊ကျောင်းသူများအတွက်လည်း ယခုစီမံကိန်းမှ အလုပ်အကိုင်အခွင့်အလမ်းများ ပေးစွမ်းနိုင်ရမည်ဖြစ်ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရတနာပုံမြို့သစ်စီမံကိန်း မြေဧရိယာဧက ၃၀၀၀ ဆိုင်ရာအချက်အလက်များ၊ လက်ရှိအခြေအနေများအပေါ် ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့မှုအခြေအနေများ၊ စီမံကိန်းဧရိယာအတွင်းရှိ ကျေးရွာများဆိုင်ရာအချက်အလက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်သမ္မတက **ရတနာပုံမြို့သစ်စီမံကိန်း မြေဧရိယာဧက ၃၀၀၀ ကို ၂၀၀၆ ခုနှစ်ကတည်းကပင် အစိုးရပိုင်စီမံကိန်းမြေအဖြစ် သတ်မှတ်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်**ကြောင်း၊ သတ်မှတ်ထားသည့် စီမံကိန်းဧရိယာနယ်နိမိတ်တစ်လျှောက်၌ အမှတ်အသားများစိုက်ထူသတ်မှတ်ထားရန်လိုပြီး နယ်နိမိတ်တစ်လျှောက် အမြဲစိမ်းအပင်များ စိုက်ပျိုးသွားရန်လိုကြောင်း၊ **စီမံကိန်းဧရိယာအတွင်း ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံများ ကျူးကျော်ဆောက်လုပ် နေထိုင်မှုများကိုလည်း သတ်မှတ်ထားသည့် စည်းကမ်းနှင့်အညီ စိစစ်ဆောင်ရွက်သွားရန်လို**ကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် ရတနာပုံမြို့သစ်စီမံကိန်းဧရိယာအတွင်းရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ရတနာပုံမြို့သစ် ဆက်သွယ်ရေးစခန်း Incupation Center (IC) အဆောက်အအုံသို့ ရောက်ရှိစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် အဆောက်အအုံနှင့် ရေစနစ်၊ မီးစနစ်များကို စနစ်တကျပြန်လည်ပြင်ဆင်ဆောင်ရွက်သွားရန် လိုကြောင်း၊ အဆောက်အအုံများအနီး သစ်ပင်များစိုက်ပျိုးရာတွင် အဆောက်အအုံထိခိုက်မှုမရှိအောင် စိုက်ပျိုးသွားရန်လိုကြောင်း မှာကြားသည်။

ယင်းနောက် ရတနာပုံမြို့သစ်စီမံကိန်းအတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု၊ စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်ကို စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်ရေး သစ်ပင်များစိုက်ပျိုးထားရှိမှု၊ စက်ရုံ၊ အလုပ်ရုံများနှင့် အိမ်ရာများဖော်ဆောင်ထားရှိမှုတို့ကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

### ပိုးချည်စက်ရုံ(ပြင်ဦးလွင်)

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက်သီးနှံဌာနခွဲ ပိုးချည်စက်ရုံ (ပြင်ဦးလွင်)သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စက်ရုံအစည်းအဝေးခန်းမတွင် စက်ရုံတာဝန်ခံက စက်ရုံ၏နောက်ခံသမိုင်းကြောင်းဆိုင်ရာ အချက်အလက်များနှင့် ရည်ရွယ်ချက်များ၊ မြေအသုံးချနိုင်မှုနှင့် ဘဏ္ဍာနှစ်အလိုက် ပိုးစာပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများ၊ ပိုးမွေးမြူမှု၊ ပိုးအိမ်ထုတ်လုပ်မှုနှင့် ပိုးချည်၊ ပိုးထည်နှင့် တန်ဖိုးမြင့်ပစ္စည်းများ ထုတ်လုပ်ရောင်းချနိုင်မှု အခြေအနေများ၊ လုပ်ငန်းဆောင်ရွက်လျက်ရှိမှု အခြေအနေများနှင့်စက်ရုံဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက ပိုးမွေးမြူထုတ်လုပ်မှုများ တိုးတက်ထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းများကို ဆောင်ရွက်သွားရန် လိုကြောင်း၊ ပိုးချည်နှင့် ပိုးထည်များသည် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရုံသာမက ပြည်ပဈေးကွက်သို့ပါ တင်ပို့ရောင်းချနိုင်သဖြင့် ပိုးချည်ထုတ်လုပ်မှုများတိုးတက်ထုတ်လုပ်နိုင်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ ပိုးချည်ထုတ်လုပ်ခြင်းစက်မှုလုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေး လူသားအရင်းအမြစ်များ စဉ်ဆက်မပြတ်မွေးထုတ်ဆောင်ရွက်သွားရန် လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် စက်ရုံပြခန်းအတွင်း ပိုးစာနှင့်ပိုးထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှု၊ ပိုးချည်ကောင်များ အဆင့်အလိုက် မွေးမြူထားရှိမှု၊ ပိုးစာပင်စိုက်ခင်းအတွင်း ပိုးစာပင်အမျိုးအစားအလိုက် စိုက်ပျိုးထားရှိမှု၊ ပိုးချည်စက်ရုံအတွင်းရှိ ပိုးရွေးခန်း၊ ပိုးချည်ရစ်ခန်း၊ ပိုးချည်ငင်ခန်း၊ ပိုးချည်ထုပ်ခန်းတို့၌ လုပ်ငန်းများအဆင့်ဆင့် ဆောင်ရွက်လျက်ရှိမှု၊ ရှေးခေတ်သုံးပိုးချည်ငင်စက်များ အစဉ်အဆက်ထိန်းသိမ်းထားရှိမှုတို့ကို စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက သိရှိလိုသည်များ ပြန်လည်မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် ပိုးချည်စက်ရုံ(ပြင်ဦးလွင်)မှ ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ စက်ရုံတာဝန်ခံက လက်ခံရယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဝါနှင့် လျှော်မျှင်ထွက်သီးနှံဌာနခွဲ ပိုးချည်စက်ရုံ(ပြင်ဦးလွင်)အတွင်း လုပ်ငန်းများအဆင့်ဆင့်ဆောင်ရွက်လျက်ရှိမှုကို စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုစစ်ဆေးစဉ်။

PPIB News

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများကိုတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် မြို့၏အစဉ်အလာကောင်းများ စဉ်ဆက်မပြတ်ထိန်းသိမ်းနိုင်ရေး ဆွေးနွေးမှာကြား

## သမိုင်းကြောင်းစဉ်လာကောင်းများဖြင့် ပြည့်စုံပြီး တန်ဖိုးကြီးမားလှသည့် ပြင်ဦးလွင်မြို့၏ ထူးခြားသည့် ရေခံမြေခံနှင့် ဝိသေသဂုဏ်ပုဒ်များကို စဉ်ဆက်မပြတ် ထိန်းသိမ်းသွားကြရမည်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ရှိ မြို့မိမြို့ဖများကိုတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် မြို့၏အစဉ်အလာကောင်းများကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေး ဆွေးနွေးမှာကြားစဉ်။

**နေပြည်တော် ဇူလိုင် ၁၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် ဇူလိုင် ၁၀ ရက် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ မြို့မိမြို့ဖအဖွဲ့မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များကို အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်းရှိ ရှင်းလင်းဆောင်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့၏အစဉ်အလာကောင်းများ စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီ၊ ဦးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးထွန်းအောင်၊ ဒုတိယဗိုလ်ချုပ်ကြီးညွန့်ဝင်းဆွေ၊ ဦးဆန်းဦး၊ ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးကိုကိုဦး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြင်ဦးလွင်မြို့မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မြို့မိမြို့ဖအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်သမ္မတက ပြင်ဦးလွင်မြို့မှမြို့မိမြို့ဖအဖွဲ့ဝင်များကို ယခုကဲ့သို့တွေ့ဆုံရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ ပြင်ဦးလွင်ဒေသသည် သမိုင်းကြောင်း အစဉ်အလာအရ ထင်ရှားသည့်တောင်ပေါ်မြို့တစ်မြို့ဖြစ်ပြီး ပန်းမြို့တော်၊ အပန်းဖြေမြို့တော်ဟူ၍ ခေါ်ဆိုခဲ့ကြကြောင်း၊ မြို့၏ကောင်းမြတ်သည့် သမိုင်းကြောင်းစဉ်လာများကို မိမိတို့အနေဖြင့် လက်ဆင့်ကမ်းထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ခေတ်စနစ်များ ဖွံ့ဖြိုးတိုးတက်လာသည်

**စိမ်းလန်းစိုပြည်မှုနှင့် သာယာလှပပြီး မျက်စိပသာဒဖြစ်ဖွယ် မြင်ကွင်းများသည် ပြင်ဦးလွင်ဒေသ၏ အဖိုးမဖြတ်နိုင်သည့် Land Mark တစ်ခုပင်ဖြစ်သဖြင့် ဒေသတွင်နေထိုင်သူများအားလုံးက ကိုယ်စီအသိစိတ်ဖြင့် ဆက်လက်ဝိုင်းဝန်း ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို . . .**

နှင့်အညီ လူတို့၏နေထိုင်မှုပုံစံများသည်လည်း အဆင့်ဆင့်ပြောင်းလဲတိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ပြီး နေအိမ်အဆောက်အအုံများ၊ လမ်းတံတားများသည်လည်း များစွာတိုးတက်ပြောင်းလဲလာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်မြို့သည် ထူးခြားသည့်ရေခံမြေခံနှင့် သာယာလှပသည့် မြို့တစ်မြို့ဖြစ်ပြီး ကောင်းမွန်သည့်အစဉ်အလာကောင်းများကို စဉ်ဆက်မပြတ် ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ဒေသတွင်နေထိုင်သူများက ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပြင်ဦးလွင်မြို့ မြို့မိမြို့ဖအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်စေခဲ့ခြင်း ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသရှိ လူဦးရေ၏ ၇၂ ဒသမ ၅ ရာခိုင်နှုန်းသည် ဒေသခံများဖြစ်ကြပြီး ကျန်သည့်သူများသည် အခြားသောဒေသများမှ ပြောင်းရွှေ့ရောက်ရှိလာကြသူများဖြစ်ကြကြောင်း၊ မည်ကဲ့သို့ပင်ဖြစ်စေ မိမိတို့နေထိုင်သည့်မြို့ကို ဒေသတွင်နေထိုင်ကြသူများအားလုံးက စဉ်ဆက်မပြတ် ထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း။

ပြင်ဦးလွင်မြို့တော်သည် အပန်းဖြေမြို့တော်ဖြစ်ပြီး လက်ရှိအချိန်၌ ခေတ်စနစ်နှင့်လူနေမှုပုံစံများ တိုးတက်ပြောင်းလဲလာခြင်း၊ ဒေသတွင်းနေထိုင်သူများပြားလာခြင်းများကြောင့် သစ်တောဖုံးလွှမ်းမှုရာခိုင်နှုန်းမှာ ကျဆင်းလျက်ရှိကြောင်း၊ ပြင်ဦးလွင်ဒေသကို ချယ်ရီမြို့တော်အဖြစ် ပြန်လည်အသက်သွင်းနိုင်ရေး မိမိအနေဖြင့် လမ်းညွှန်မှာကြားခဲ့ပြီး အကောင်အထည်ဖော်စေလျက်ရှိကြောင်း၊ ဒေသနှင့်ကိုက်ညီပြီး ရာသီဥတုညီညွတ်မျှတမှုနှင့် စိမ်းလန်းစိုပြည်မှုကိုဖြစ်ပေါ်စေနိုင်သည့် ထင်းရှူးပင်၊ ခါတော်မီပင်၊ စိန်ပန်းပြာပင်များကိုလည်း တစ်အုပ်တစ်မ ပြန်လည်စိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ဒေသ၏ထူးခြားသည့် ဝိသေသများဖြစ်သည့် ချယ်ရီမြို့တော်၊ ပန်းမြို့တော် ဆိုသည့် အမည်နာမကို ပြန်လည်အသက်သွင်း အကောင်အထည် ဖော်ပေးရမည်ဖြစ်ကြောင်း၊ စိမ်းလန်းစိုပြည်သည့် ပတ်ဝန်းကျင်၊ အေးမြသာယာသည့် ရာသီဥတုတို့နှင့်အတူ ကျန်းမာရေးမြို့တော်၊ ကော်ဖီမြို့တော် ဖြစ်စေရေးအတွက်လည်း အကောင်အထည်ဖော် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ပြင်ဦးလွင်ဒေသမှ ထွက်ရှိသည့် ကော်ဖီထုတ်ကုန်များသည် ပြည်တွင်းပြည်ပ၌ နာမည်ကောင်းရပြီးဖြစ်ပြီး ဈေးကွက်လိုအပ်ချက်ရှိသည့် ထုတ်ကုန်တစ်ခုဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသသည် ရေခံမြေခံကောင်းများကို ပိုင်ဆိုင်ထားရှိပြီးဖြစ်သဖြင့် စိုက်ပျိုးရေးလုပ်ငန်းများလည်း အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း။

ထို့ပြင် ပြင်ဦးလွင်ဒေသသည် ပညာရေးနှင့်ပတ်သက်၍လည်း အစဉ်အလာကောင်းများနှင့် ပြည့်စုံသည့်ဒေသတစ်ခုဖြစ်ပြီး ပညာရေးမြို့တော်အဖြစ်သို့လည်း ရောက်ရှိလာပြီဖြစ်ကြောင်း၊ ထိုကဲ့သို့သောဒေသ၏ ကောင်းမြတ်သည့် ဝိသေသများနှင့် သာယာလှပမှုများကြောင့် ဒေသသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားများသည်လည်း တိုးတက်များပြားလာလျက်ရှိကြောင်း၊ **"အိမ်သာ၍ ညှော်လာသည်"**ဖြစ်သဖြင့် ပြင်ဦးလွင်ဒေသ၌ နေထိုင်ကြသူများအနေဖြင့် မိမိတို့ဒေသ၏ သန့်ရှင်းသာယာလှပရေး၊ နေထိုင်သွားလာ စားသောက်ရေးတို့အတွက် ဝန်ဆောင်မှုကောင်း ပေးနိုင်ရေးတို့အတွက် ဒေသခံတစ်ဦးချင်းစီက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရန်နှင့် ပြင်ဦးလွင်မြို့ မြို့မိမြို့ဖအဖွဲ့အနေဖြင့် မိမိတို့ဒေသကို မည်ကဲ့သို့ကောင်းအောင် ဆောင်ရွက်မည်ကို ဘက်ပေါင်းစုံက ဆွေးနွေးတိုင်ပင် ဆောင်ရွက်သွားကြရန် လိုကြောင်း ဆွေးနွေးပြောကြားသည်။

### မြို့မိမြို့ဖအဖွဲ့မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များက ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာများကို ဆွေးနွေးတင်ပြ

ထို့နောက် မြို့မိမြို့ဖအဖွဲ့မှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များကိုယ်စား မြို့မိမြို့ဖအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင်က ပြင်ဦးလွင်မြို့မိမြို့ဖအဖွဲ့ကို နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်မှာကြားချက်များနှင့်အညီ ဖွဲ့စည်းခဲ့မှု၊ ဖွဲ့စည်းပြီးသည့်နောက်ပိုင်းတွင် ဒေသ၏ကောင်းရာကောင်းကျိုးလုပ်ငန်းများ ဖြစ်ပေါ်လာစေရေးဆွေးနွေးတိုင်ပင် ဝိုင်းဝန်းဆောင်ရွက်လျက်ရှိမှု၊ ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ လူမှုရေးအခန်းကဏ္ဍတို့၌လည်း တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ပေးလျက်ရှိမှု၊ ကန်တော်လေး ပတ်လမ်းအနေဖြင့် လက်ရှိအချိန်တွင် ယိုယွင်းပျက်စီးလာပြီဖြစ်သဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှု၊ ကျန်းမာရေးမြို့တော်အဖြစ် ဖော်ဆောင်နေမှုနှင့်အတူ ဒေသ၌လိုအပ်လျက်ရှိသည့် ကျောင်းအားကစားကွင်းများ၊ ရေကူးကန်များ၊ တင်းနစ်ကွင်းများကို နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက်ပေးစေလိုမှု၊ ဂဲလောင်ချောင်းအတွင်း နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးထားသည့်အတွက် ရေစီးရေလာများကောင်းမွန်လျက်ရှိပြီး ရေရှည်ကောင်းမွန်တည်တံ့စေရေးအတွက် လိုအပ်သည့်နေရာများတွင် မြေထိန်းနံရံများနှင့် လျှောက်လမ်းနေရာများ ထည့်သွင်းဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သည့် သွင်းအားစုနှင့် အရင်းအနှီးများ ဆောင်ရွက်ပေးစေလိုမှု၊ ဒေသတွင်းရှိရပ်ကွက်၊ ကျေးရွာများအချင်းချင်းဆက်သွယ်ထားသည့် လမ်းကြောင်းများအနက် ကောင်းမွန်ခြင်းမရှိသည့် အချို့သောလမ်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုမှုတို့နှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးတင်ပြသည်။

**စာမျက်နှာ ၂၁ သို့**

စာမျက်နှာ ၂၀ မှအဆက်

ဆွေးနွေးတင်ပြမှုများအပေါ် နိုင်ငံတော်သမ္မတက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသ၏သမိုင်းတန်ဖိုးကြီးမားသည့် အမွေအနှစ်များ ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ဆွေးနွေးပြောကြားရာတွင် ရပ်ကွက်၊ ကျေးရွာချင်းဆက်လမ်းများ အနက် အဆင့်မြှင့်တင်ပေးသွားရန်လိုသည့် လမ်းကြောင်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် စည်ပင်သာယာရေးကော်မတီတို့မှ စိစစ်၍ ဖြည့်ဆည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လူတို့၏ နေ့စဉ်ဘဝစားဝတ်နေရေးတွင် စားသောက်ရေးသည် အရေးကြီးသည့် အခန်းကဏ္ဍ၌ ပါဝင်လျက်ရှိပြီး မိမိတို့နိုင်ငံနည်းတူ ကမ္ဘာ့နိုင်ငံများ အသီးသီး၌လည်း စားရေရိက္ခာလုံခြုံရေးနှင့်ပတ်သက်၍ အလေးထားဖြေရှင်း ဆောင်ရွက်ရလျက်ရှိကြောင်း၊ လူတစ်ဦးချင်းစီအလိုက် စားသောက်နေထိုင်ရေး အဆင်ပြေချောမွေ့စေရန်အတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို မဖြစ်မနေ အားပေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများရှိမှ သာလျှင် ရောင်းကုန်ပစ္စည်းများရရှိမည်ဖြစ်ပြီး ငွေကြေးလည်ပတ်မှုကို ဖြစ်ပေါ်စေမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသ၌ ဒေသတွင် နေထိုင်ကြသူများ၏ စားရေရိက္ခာဖူလုံမှုရှိစေရေး စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကိုလည်း စနစ်တကျဖြင့် လျာထားတွက်ချက် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သောက်သုံးရေများ လုံလောက်စွာ ရရှိစေရေးအတွက်လည်း မိမိတို့အနေဖြင့် စီမံဆောင်ရွက်ပေးလျက်ရှိပြီး ရေအရင်းအမြစ်များရှိရာ ဆည်တာတမံများ၊ ချောင်းများ၏ ရေအရင်းအမြစ်နေရာများကို စနစ်တကျ ထိန်းသိမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မြို့သာယာလှပရေးနှင့် ပတ်သက်၍ သန့်ရှင်းသာယာလှပသည့် ပတ်ဝန်းကျင်နှင့် စိမ်းလန်းစိုပြည်မှုကို ဖန်တီးပေးသွားရန်လိုကြောင်း၊ နေအိမ်တစ်အိမ်ချင်းစီအလိုက်၊ လမ်းတစ်လမ်းချင်းစီအလိုက်၊ ရပ်ကွက်၊ ကျေးရွာများ တစ်ခုချင်းစီအလိုက် စည်းကမ်းစနစ်တကျရှိခြင်း၊ သစ်ပင်ပန်းမန်များ စိုက်ပျိုးခြင်း၊ သန့်ရှင်းရေး စနစ်တကျ ဆောင်ရွက်ခြင်းတို့ဖြင့် သန့်ရှင်းသာယာလှပမှုနှင့် စိမ်းလန်းစိုပြည်မှုတို့ကို ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၏ တာဝန်ထမ်းဆောင်မှုများကို မြို့နေလူထုက တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားခြင်းဖြင့် မြို့၏ ကောင်းမြတ်သည့် ဂုဏ်သတင်းကို ဆက်လက် ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ချယ်ရီပင်များကို မိမိအနေဖြင့် ပြန်လည်စိုက်ပျိုးစေလျက်ရှိပြီး ချယ်ရီပင်များနှင့် ပြင်ဦးလွင်သည် ခွဲ၍မရသည့် အစဉ်အလာကောင်းများ ရှိခဲ့ကြောင်း၊ ချယ်ရီပင်များ ပြန်လည်စိုက်ပျိုးစေခြင်းအားဖြင့် သာယာလှပမှုနှင့် စိမ်းလန်းစိုပြည်မှုကို အထောက်အကူများစွာဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ စိမ်းလန်းစိုပြည်မှုနှင့် သာယာလှပပြီး မျက်စိပသာဒဖြစ်ဖွယ် မြင်ကွင်းများသည် ပြင်ဦးလွင်ဒေသ၏ အဖိုးမဖြတ်နိုင်သည့် Land Mark တစ်ခုပင်ဖြစ်သဖြင့် ဒေသတွင်နေထိုင်သူများ အားလုံးက ကိုယ်စီအသိစိတ်ဖြင့် ဆက်လက် ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ဒေသ၏ အေးချမ်းသာယာလှပမှုနှင့် အတူ ဒေသတွင်းသို့လာရောက်နေထိုင်ကြသည့်သူများနှင့် လာရောက်လည်ပတ်ကြသည့်သူများ များပြားလာသည်နှင့်အမျှ ဒေသ၏ လူမှုစီးပွားဘဝကို မြှင့်တင်ပေးနိုင်သည်ဖြစ်သော်လည်း မြို့ပြလုံခြုံရေးအတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိအမြဲရှိနေရမည်ဖြစ်ကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

## ပြင်ဦးလွင်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများသည်လည်း တန်ဖိုးဖြတ်၍ မရနိုင်သည့် အမွေအနှစ်များပင်ဖြစ်သဖြင့် ပျက်စီးယိုယွင်းမှုမရှိစေရေး စဉ်ဆက်မပြတ် ထိန်းသိမ်းခြင်း၊ မူလလက်ရာများ မပျောက်ပျက်အောင် စနစ်တကျထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်သွားကြရန်လို . . .

မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို စဉ်ဆက်မပြတ် ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်သကဲ့သို့ ကျေးလက်ဒေသများနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း စီမံဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသရှိ ရှေးဟောင်း အဆောက်အအုံများသည်လည်း တန်ဖိုးဖြတ်၍မရနိုင်သည့် အမွေအနှစ်များပင်ဖြစ်သဖြင့် ပျက်စီးယိုယွင်းမှုမရှိစေရေး စဉ်ဆက်မပြတ်ထိန်းသိမ်းခြင်း၊ မူလလက်ရာများ မပျောက်ပျက်အောင် စနစ်တကျထိန်းသိမ်းခြင်းတို့ကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသ၌ ယခင်က သစ်ပင်ကြီးများ များစွာ ပေါက်ရောက်လျက်ရှိပြီး လက်ရှိအချိန်တွင် အကြောင်းအမျိုးမျိုးကြောင့် လျော့နည်းလာလျက်ရှိသည်ကို တွေ့မြင်နေရကြောင်း၊ အန္တရာယ်ရှိသစ်ပင်များ၊ လမ်းမကြီးများနှင့် မလွတ်ကင်းသည့် သစ်ပင်များကို ဖယ်ရှားရှင်းလင်းခြင်းများ လိုအပ်ပါက ဆောင်ရွက်ကြရသော်လည်း သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုးခြင်းဖြင့်လည်း စဉ်ဆက်မပြတ်သည့် စိမ်းလန်းစိုပြည်မှုကို ဆက်လက်ထိန်းသိမ်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ပညာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံ၏ ပညာရေးသည် မဖြစ်မနေပြုပြင်ပြောင်းလဲရမည်ဖြစ်သဖြင့် ပညာရေးကဏ္ဍကို မိမိတို့အနေဖြင့် အလေးထား အားပေးဆောင်ရွက်လျက်ရှိကြောင်း၊ KG + 9 အထိကို မသင်မနေရပညာရေးအဖြစ်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပြင်ဦးလွင်ဒေသသည် ပညာရေးတွင် အစဉ်အလာကောင်းများရှိပြီး တန်းစဉ်ကူးပြောင်းမှုများရာခိုင်နှုန်းမြင့်မားစေရေးအတွက်လည်း ကျောင်းသား၊ မိဘ၊ ဆရာ အားလုံးက အလေးထားဆောင်ရွက်သွားကြစေလိုကြောင်းနှင့် အခြားလိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတသည် တက်ရောက်လာကြသည့် ပြင်ဦးလွင်မြို့ မြို့မိမြို့ဖအဖွဲ့များကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီး ဥယျာဉ်အတွင်း ဘာဂီယာဉ်ငယ်များဖြင့် လှည့်လည်၍ ဥယျာဉ်အတွင်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဝါးပင်တန်းလျှောက်လမ်း ဆောင်ရွက်ထားရှိမှု၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ နိုဗိုစီဗစ်ဒေသအစိုးရအဖွဲ့မှ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အပေါ် အလေးအနက်ထားလေးစားမှုရှိကြောင်း ဖော်ညွှန်းသည့်အနေဖြင့် လက်ဆောင်ပေးအပ်ခဲ့သည့် ဆိုက်ဘေးရီးယားစီဒါရ်ပျိုးပင် စိုက်ပျိုးထားရှိမှု၊ အမျိုးသားကန်တော်ကြီး ဥယျာဉ်နှစ် ၁၀၀ ပြည့်အထိမ်းအမှတ် ချယ်ရီပင် စိုက်ပျိုးထားရှိမှု၊ သစ်ပင်ပန်းမန်များ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ ခရိုင်အားကစားကွင်းသို့ရောက်ရှိကြပြီး ရေကူးကန်တည်ဆောက်ရန် လျာထားသည့်မြေနေရာကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

PPIB News

## မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလတွင် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်းတို့နှင့်အတူ မြစ်ရေများ မြင့်တက်လာမည်ဖြစ်ပါသည်။ မြစ်ရေတက်လာမှုအပေါ် မူတည်၍ ရေယာဉ်များ အန္တရာယ်ကင်းစွာ ခုတ်မောင်းသွားလာနိုင်ရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်သော်လည်း ရာသီဥတုဒဏ်ကြောင့် ၎င်းရေလမ်းညွှန် အမှတ်အသားများ တစ်ခါတစ်ရံ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် အထူးဂရုပြုခုတ်မောင်းကြရန် လိုအပ်ပါသည်။

၂။ ရေများကာလတွင် ရေလမ်းများအတွင်း ရေစီးသန်ခြင်းနှင့် ဝဲလှည့်ခြင်းတို့ ဖြစ်ပေါ်နိုင်သည့်အပြင် မြစ်ရေတက်လာမှုကြောင့် ရေနည်းကာလ၌ ပေါ်ထွန်းခဲ့သော သောင်နှင့် ကျွန်းများ ရေမြုပ်၍ ရေမြှုပ်ပေါက် ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်ပါသည်။ ထို့ကြောင့် ရေအနက်မလုံလောက်သော ရေမြှုပ်ပေါက်ဖြတ်လမ်းများကို ဖြတ်သန်းခုတ်မောင်းခြင်း မပြုကြရန်နှင့် မိမိရေယာဉ်၏ စက်စွမ်းအားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ သတ်မှတ်ရေလမ်းအတိုင်းသာ သတိပြုခုတ်မောင်းရပါမည်။

၃။ မြစ်ကူးတံတား ရေလမ်းများတွင် ရေယာဉ်များ ဝင်ရောက်ရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသား ပြသထားပြီး၊ ညအခါ မီးစိမ်းထွန်း၍ ပြသထားပါသည်။ ရေယာဉ်များ ဝင်ရောက်ဖြတ်သန်းခြင်း မပြုရမည့် ရေလမ်းတွင် နေ့အခါအနီရောင် ကြက်ခြေခတ် အမှတ်အသား ပြသထားပြီး ညအခါ မီးနီထွန်း၍ ပြသထားပါသည်။

၄။ ရေများကာလတွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင်အုတ်ခုံများမှာ ရေမြုပ်နေတတ်ပြီး တံတားတိုင်များအကြားတွင် ရေစီးသန်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတား ရေလမ်းကို ဖြတ်သန်းရာတွင် စက်နှင့် တက်မစနစ်တို့ကို ကြိုတင်စစ်ဆေးပြီး၊ လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ဖြတ်သန်းခုတ်မောင်းကြရပါမည်။ တံတားရေလမ်းကို ဖြတ်သန်းရာတွင် ရေယာဉ်(၂)စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန် လိုအပ်ပါသည်။ အထူးသဖြင့် သယ်ဆောင်သည့် ဝန်နှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းရမည်ဖြစ်ပြီး မနိုင်ဝန်ကို သယ်ဆောင်ခြင်း မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများကို ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရပါမည်။

၅။ ရာသီဥတု ပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုနှင့် မိုးမှောင်ကျမှုဖြစ်ပေါ်လာပါက ရေယာဉ်များ ဘေးအန္တရာယ်မဖြစ်စေရေးအတွက် သတိပြုခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် ဥပဒေ၊ စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် **ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ** ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားပါသည်။

# နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်း အကောင်အထည်ဖော်တည်ဆောက်ပြီးစီးခဲ့သည့် ရွှေမြို့ ၁၅ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံဖွင့်ပွဲ ကျင်းပ



နေပြည်တော် ဇူလိုင် ၁၁

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်အတွင်း Golden City Solar Power Co., Ltd. က တာဝန်ယူဆောင်ရွက်ခဲ့သည့် ရွှေမြို့ ၁၅ မဂ္ဂါဝပ် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ ဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် ကျင်းပရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဂုဏ်ပြုအားပေးတက်ရောက်ပြီး နိုင်ငံတော်ဓာတ်အားစနစ်သို့ နေရောင်ခြည်စွမ်းအင်အပြင် Battery Energy Storage System မှထုတ်လုပ်သောဓာတ်အားကို စက်ခလုတ်နှိပ်၍ ပေါင်းထည့်ပေးကာ လျှပ်စစ်ဓာတ်အားထုတ်လွှတ်မှုကို စတင်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်သည့် ရွှေမြို့ဆိုလာစက်ရုံ ၁၅ မဂ္ဂါဝပ်ကို တစ်နှစ်အတွင်းတည်ဆောက်ခဲ့ပြီး Energy Storage System ထည့်သွင်းတပ်ဆင် တည်ဆောက်ထားခြင်းဖြစ်သည့်အတွက် ဓာတ်အားတည်ငြိမ်စွာဖြန့်ဖြူးနိုင်ရေးအတွက် အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း၊ ဆက်လက်၍ စီမံကိန်းအပိုင်း(၂) ၂၅ မဂ္ဂါဝပ်နှင့် အပိုင်း(၃) မဂ္ဂါဝပ် ၃၀ စီမံကိန်းတို့ကိုလည်း တိုးတက်ပြောင်းလဲနေသည့် နည်းပညာများဖြင့် ယခုထက်ပိုမိုအဆင့်မြှင့်တင်ဆောင်ရွက်သွားရန် တိုက်တွန်းပါကြောင်း၊ ဆိုလာစီမံကိန်းများသည် အချိန်တိုအတွင်း ပြီးမြောက်နိုင်သည့်အတွက် နိုင်ငံတော်အနေဖြင့် လျှပ်စစ်ဓာတ်အား လျင်မြန်စွာရယူလိုနေသည့် အချိန်တွင် လွန်စွာအားကိုးအားထားပြုရသည့် စီမံကိန်းလုပ်ငန်းများဖြစ်သည့်အလျောက် သတ်မှတ်ချိန်အတွင်း အောင်မြင်စွာပြီးမြောက်စေရေး ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဓာတ်အားပေးစက်ရုံဧရိယာနှင့် စီမံကိန်းအပိုင်း(၂)နှင့် အပိုင်း(၃) ဓာတ်အားပေးစက်ရုံစီမံကိန်းတည်ဆောက်မည့်နေရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ရှစ်ကြိမ်မြောက် ဟေလုံကျန်းပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တက်ရောက်

နေပြည်တော် ဇူလိုင် ၁၁

မြန်မာ-တရုတ် နှစ်နိုင်ငံကြား ရှိရင်းစွဲဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာစေရန်ရည်ရွယ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဌာနနှင့် ကျီးရှီးမြူနီစီပယ်အစိုးရတို့၏ ဖိတ်ကြားချက်အရ ဇူလိုင် ၈ ရက်နှင့် ၉ ရက်တို့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ကျီးရှီးမြို့၌ကျင်းပသည့် ရှစ်ကြိမ်မြောက် ဟေလုံကျန်းပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးညီလာခံသို့ ဟိုတယ်၊ ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်နှင့်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

ဇူလိုင် ၈ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကျီးရှီးမြို့ မြို့တော်ဧည့်ခံရေးစင်တာ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟေလုံကျန်းပြည်နယ် ပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဥက္ကဋ္ဌနှင့် တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာ ကော်မတီအတွင်းရေးမှူး မစ္စတာရှွီချင်းနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကြီးနှင့် ဟေလုံကျန်း ကိုယ်စားလှယ်အဖွဲ့တို့ကြား ယခင်က ဆွေးနွေးခဲ့သည့် ဆွေးနွေးပွဲရလဒ်များကို မြန်မာနိုင်ငံအနေဖြင့် အလေးထား အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တရုတ်နိုင်ငံ၏ ထင်ရှားကျော်ကြားသော ဟာဘင်ရေခဲနှင့် ဆီးနှင်းကမ္ဘာ (Harbin Ice and Snow World) သည် မြန်မာပြည်သူများကြား အထူးရေပန်းစား လူကြိုက်များလျက်ရှိသည့်အတွက် မြန်မာနိုင်ငံရှိသက်ဆိုင်ရာ ကဏ္ဍအသီးသီးနှင့် ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပိုမိုသိရှိလာစေရန် မိတ်ဆက်ကြော်ငြာပေးသွားမည်ဖြစ်ကြောင်း၊ တစ်ဆက်တည်းအနေဖြင့် တရုတ်နိုင်ငံမှ ၂၀၂၇ ခုနှစ် ဇန်နဝါရီလအတွင်း ကျင်းပမည့် ရေခဲပွဲတော်တွင် မြန်မာနိုင်ငံ၏ အထင်ကရအထိမ်းအမှတ် (Landmark) တစ်ခုကို ရေခဲပုံထုဆစ်ပြသပေးပါရန် ကြိုတင်အဆိုပြုထားမှုအပေါ် တရုတ်-မြန်မာချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုထင်ဟပ်ပေါ်လွင်စေရန်အတွက် မြန်မာနိုင်ငံ၏ အထင်ကရအထိမ်းအမှတ်တစ်ခုကို ရေခဲပုံထုဆစ်ပြသသွားမည်ဖြစ်ပါကြောင်း ဆွေးနွေးခဲ့သည်။

တရုတ်ကွန်မြူနစ်ပါတီ၏ ဟေလုံကျန်းပြည်နယ်ဆိုင်ရာ ကော်မတီအတွင်းရေးမှူး ရှွီချင်းက ဟေလုံကျန်းပြည်နယ်၏ ထူးခြားဆန်းသစ်သော ရေခဲပြင်နှင့် ဆီးနှင်းရှုခင်းများ၊ မြန်မာနိုင်ငံ၏ လှပသောအပူပိုင်းဒေသ ရှုခင်းများကို အခြေခံ၍ ရေခဲပြင်၊ ဆီးနှင်းနှင့် အပူပိုင်းဒေသခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်မှုကဏ္ဍကို ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံလူငယ်များကြား လူငယ်လေ့လာရေးခရီးစဉ်များ ဖော်ဆောင်ရေးအပါအဝင် နှစ်နိုင်ငံကြား ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်သွားမည့်ကိစ္စရပ်များကို ဆွေးနွေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တရုတ်နိုင်ငံ၏ သတင်းမီဒီယာများဖြစ်သည့် ဟေလုံကျန်းနေ့စဉ်သတင်းဌာန၊ ဟေလုံကျန်းရေဒီယိုနှင့် ရုပ်မြင်သံကြားဌာနတို့၏ တွေ့ဆုံမေးမြန်းမှုကို ဖြေကြားသည်။

ညနေပိုင်းတွင် ကျီးရှီးမြို့ ကွန်ဗင်းရှင်းစင်တာ၌ ကျင်းပသည့် ၂၀၂၆ ဟေလုံကျန်း ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း မြှင့်တင်ရေးညီလာခံသို့ တက်ရောက် အမှာစကားပြောကြားသည်။



ဇူလိုင် ၉ ရက်တွင် ကျီးရှီးမြို့ရှိ ခရီးသွားဆွဲဆောင်ရာ နေရာများတွင် တစ်ခုအပါအဝင်ဖြစ်သည့် ပေ့တာဟွမ် လက်ရေးလှစာအနုပညာပြခန်း၊ မီဆန်းမြို့ရှိ အာရှတိုက်တွင် အကြီးဆုံးရေချိုနယ်စပ်ကန်ကြီးဖြစ်သည့် ရှင့်ခိုင်ရေကန်ရှုမျှော်စင်၊ ပိုင်ယွီဝမ်မြို့နယ်ရှိ ဟူရန်ကျေးရွာဒေသခံ တိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးတမ်းများ၊ ကျေးလက်ခရီးသွားလုပ်ငန်းတို့ကို သွားရောက်လေ့လာကြသည်။

ဇူလိုင် ၁၀ ရက် နံနက်ပိုင်းတွင် ကျီးရှီးမြို့ရှိ ကျီးရှီးရေခဲပြင်အားကစားကွင်းရှိ ရေခဲပြင်နှင့် ဆီးနှင်းအားကစားကို အခြေခံသည့် အားကစားခရီးသွားလုပ်ငန်း (Sports Tourism) ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ ဟေလုံကျန်းပြည်နယ်၏ ထူးခြားဆန်းသစ်သော ရာသီအလိုက် သဘာဝရှုခင်းများနှင့် ရေခဲပြင်၊ ဆီးနှင်းယဉ်ကျေးမှုဆိုင်ရာ အနုပညာပြကွက်များကို ခေတ်မီနည်းပညာများဖြင့် ပေါင်းစပ်ခင်းကျင်းပြသထားသော ဟာဘင်မြို့ရှိ Dream Ice and Snow Pavilion ရေခဲပြတိုက်တို့ကို သွားရောက်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ



တြိဂံဒေသတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ် ဒိုင်းဆုရရှိသည့်အသင်းကို ဒိုင်းဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော် ဇူလိုင် ၁၁

တြိဂံဒေသတိုင်းစစ်ဌာနချုပ် ၂၀၂၆ ခုနှစ် တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ ညနေပိုင်းတွင် တိုင်းစစ်ဌာနချုပ် ဘောလုံးအားကစားကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် အဖွဲ့ဝင်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဗိုလ်လုပွဲစဉ်ယှဉ်ပြိုင်ကစားမှုများကိုကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းအကောင်းဆုံးအားကစားသမားဆုရရှိကြသူများ၊ အသင်းလိုက် အကောင်းဆုံးဆုရရှိကြသူများနှင့် ဒိုင်းဆုရရှိသောအသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက်တပ်နယ်များမှ ပြိုင်ပွဲဝင်အသင်း ၁၄ သင်းဖြင့် ဇွန် ၂၆ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

❑ **မိုးထစ်ချုန်းရွာနိုင်မှု**

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်နှင့် ပြည်တွင်းလေကြောင်း ပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။ (မိုး/ဇလ)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ လှည်းကူးမြို့နယ် နိုဗထောကျေးရွာသို့ ကနဦးလေ့လာဆန်းစစ်ခြင်းလုပ်ငန်းလာရောက်ဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စိုက်ပျိုးရေးနှင့် ကျေးလက်ရေးရာဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေးပူးပေါင်းဆောင်ရွက်မှုစင်တာ(IPRCC)တို့ ပူးပေါင်းဆောင်ရွက်မည့် "အရှေ့-အာရှ ဆင်းရဲမှုလျှော့ချရေးပူးပေါင်းဆောင်ရွက်မှုစီမံကိန်း(အဆင့်-၂)" East-Asia Poverty Reduction Cooperation Project in Myanmar(Phase-II) အတွက် အပြည်ပြည်ဆိုင်ရာ ဆင်းရဲမှုလျှော့ချရေးပူးပေါင်းဆောင်ရွက်မှုစင်တာ (IPRCC)မှ ညွှန်ကြားရေးမှူး Mr. Tong Lang နှင့် အဖွဲ့သည် မြန်မာနိုင်ငံသို့ လာရောက်၍ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရန် ကနဦးလေ့လာဆန်းစစ်မှုများ ဆောင်ရွက်လျက်ရှိသည်။



အဆိုပါအဖွဲ့သည် ဇူလိုင် ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ညိုညိုဝင်းနှင့် တွေ့ဆုံပြီး ကနဦးလေ့လာဆန်းစစ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့်အခြေအနေကို အသေးစိတ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ဇူလိုင် ၇ ရက်မှ ၁၀ ရက်ထိ စီမံကိန်းဆောင်ရွက်ရန် လျာထားသည့် နိုဗထောကျေးရွာသို့ သွားရောက်ပြီး ကျေးရွာ၏လူနေမှုအဆင့်အတန်းမြင့်မားရေးနှင့်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ကဏ္ဍများအတွက် ကျေးရွာ၏ ပကတိလိုအပ်ချက်များကို ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံဆွေးနွေးဖော်ထုတ်ခြင်း၊ မြေပြင်အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခြင်း၊ ဖော်ထုတ်ရရှိသော ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေးအဆင့်များ သတ်မှတ်ခြင်း၊ စီမံကိန်းကျေးရွာမှ ဖော်ထုတ်ရရှိခဲ့သော ဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ တာဝန်ရှိသူများနှင့် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီးနှင့် နေပြည်တော်အတွင်းရှိ စီမံကိန်းဆောင်ရွက်ရန် လျာထားသည့် ကျေးရွာများတွင် ကနဦးလေ့လာဆန်းစစ်မှုများဆောင်ရွက်ခြင်း၊ ကနဦးလေ့လာဆန်းစစ်ခြင်း၊ ခရီးစဉ်တစ်လျှောက် တွေ့ရှိချက်များအပေါ် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်း အတည်ပြုခြင်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

**■ စပိန်အသင်းမှ**

ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့ရာ ဘယ်လ်ဂျီယံအသင်းအနေဖြင့် ခံစစ်ပိုင်းအားပြုပြီးသာ တုံ့ပြန်ကစားခဲ့ရာမှ ပွဲချိန် မိနစ် ၃၀ တွင် ဖော်ဘီယန်ရုဇ်က စပိန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့သကဲ့သို့ ပွဲချိန် ၄၁ မိနစ်တွင် ဒီကီတီလာရီယာက ဘယ်လ်ဂျီယံအသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း စပိန်အသင်းကပင် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဖိအားပေးကစားနိုင်ခဲ့သော်လည်း ဘယ်လ်ဂျီယံအသင်းခံစစ်ပိုင်းက အမှားအယွင်းမရှိ ကစားနိုင်ခဲ့သည့်အတွက် စပိန်အသင်းထိုးဖောက်ရခက်ခဲခဲ့သော်လည်း ပွဲချိန် ၈၈ မိနစ်တွင် လူစားဝင်ကစားသမား မီရီနိုက စပိန်အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ကာ လက်ကျန်ပွဲချိန်များတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိသောကြောင့် ပွဲပြီးဆုံးချိန်တွင် စပိန်အသင်းက ဘယ်လ်ဂျီယံအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

စပိန်အသင်းသည် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ချန်ပီယံဆုအတွက် ရေပန်းစားနေသည့် ပြင်သစ်အသင်းနှင့် ဇူလိုင် ၁၅ ရက်တွင် ဆက်လက်ယှဉ်ပြိုင် ကစားသွားရမည်ဖြစ်ကြောင်း သိရသည်။

STA

---

## ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ဖြင့်တင်သွင်းရောက်ရှိပြီးနောက် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသော မော်တော်ယာဉ်များအနေဖြင့် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အများပြည်သူသို့ အသိပေးကြေညာ

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြားအတုများ၊ အလှဆင်နံပါတ်ပြားများ တပ်ဆင်၍ အသုံးပြုနေသည်ကိုလည်းကောင်း၊ လုပ်ငန်းသုံးယာဉ်များနှင့် စက်ယန္တရားယာဉ်များသည်လည်း မှတ်ပုံတင်လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲ စီမံကိန်းများနှင့် လုပ်ငန်းခွင်များတွင် တရားမဝင်အသုံးပြုနေသည်ကိုလည်းကောင်း တွေ့ရှိရပါသည်။ အဆိုပါမော်တော်ယာဉ်များသည် တည်ဆဲ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေနှင့်အညီ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ပထမပိုင်းအနေဖြင့် ကုန်သွယ်ရေးဦးစီးဌာနမှ ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသော ယာဉ်များသည် ၃၀.၆.၂၀၂၆ ရက် နောက်ဆုံးထား၍ နီးစပ်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ကနဦးမှတ်ပုံတင်လုပ်ငန်းများဆောင်ရွက်နိုင်ရန်နှင့် သတ်မှတ်ကာလကျော်လွန်သည်ထိ မှတ်ပုံတင်လုပ်ငန်းများ လာရောက်ဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ပါကြောင်း အသိပေးကြေညာခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ ဒုတိယပိုင်းအနေဖြင့် ၂၀၁၅ ခုနှစ်မှ ၂၀၁၇ ခုနှစ်အတွင်းနှင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၁.၁၂.၂၀၂၆ ရက် နောက်ဆုံးထား၍ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို နီးစပ်ရာကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် ပြီးပြတ်အောင်ဆောင်ရွက်ကြရန်ဖြစ်ပါသည်။

သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးဝန်ကြီးဌာန**

---

**❖ မြစ်ရေကြီးမှုအခြေအနေမှ**

တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်နိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။

---

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | |
|---|---|
| ၁။ ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ Myawady Webportal | (https://myawady.net.mm) |
| ၅။ Myanmar National Portal | (https://myanmar.gov.mm) |

---

## ၂၀၂၆ ခုနှစ် ဇူလိုင် ၁၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၅၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

---

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

---

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊လူသတ်၊အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ရပ်စောက်မြို့နှင့် ထန်းတပင်မြို့တို့ရှိ သံဃာတော်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ဒေသခံတိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ကြည့်ရှုအားပေးစဉ်။



သံဃာတော်များအား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇူလိုင် ၁၁**

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးကဏ္ဍ တိုးတက်မြင့်မားစေရန်အတွက် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့ ထီးခမ်းကျေးရွာ ထီးတစ်ပင်ကျောင်းတိုက်အခြေပြု၍ အဆိုပါကျေးရွာနှင့်အနီးပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသရေးအဖွဲ့က သံဃာတော် လေးပါး၊ ဒေသခံပြည်သူ ၁၆၃ ဦးတို့ကို သွားနှင့်ခံတွင်းရောဂါ၊ သွေးတိုးရောဂါ၊ အရိုးကြောရောဂါ၊ အရေပြားဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ ဖျားနာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်း၊ Ultrasound စက်ဖြင့် ရောဂါရှာဖွေပေးခြင်း၊ ECG စက်ဖြင့်နှလုံးစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ အဆိုပါကျောင်းတိုက်ဆရာတော်အား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် တူးချောင်းကျေးရွာရှိ ရွာမပရိယတ္တိမဟာစည်ရိပ်သာကျောင်းတိုက်၌ အခြေပြု၍ သံဃာတော် ၃၂ ပါး၊ ဒေသခံပြည်သူ ဦးရေ ၁၂၀ တို့ကို အရိုးရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မော်ဘီတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်ဆေးရုံများနှင့် ဆေးတပ်ရင်းများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၁၁**

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းမှ ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများ၌ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအပြင် သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကိုလည်း လက်ခံဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နယ်ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အေးမင်းဦး ဆေးကုသမှုခံယူနေသူတစ်ဦးကို အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်စဉ်။

# ဘုရား၊ စေတီများနှင့် အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန်တိုင်းဒေသကြီးမြို့နယ်များ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။



ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

**နေပြည်တော် ဇူလိုင် ၁၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအဆောက်အအုံများ၊ မြို့၊ ရွာ၊ ရပ်ကွက်များနှင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းများ၊ ဆေးရုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ဈေးများ၊ ပန်းခြံများနှင့် သောက်သုံးရေကန်များ သန့်ရှင်းသာယာလှပစေရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အပါအဝင် မြို့နယ် လေးမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ဘုရား၊ စေတီပုထိုးများ၊ အခြေခံပညာကျောင်းများ၏ ကျောင်းအတွင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ ပူးပေါင်း၍ ချုံနွယ်ပေါင်းမြက်များနှင့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ရေကန်များတွင် အဘိတ်ဆေးများခတ်ပေးခြင်း၊ ခြင်ခိုအောင်းနိုင်သည့်နေရာများ ခြင်ဆေးဖျန်းခြင်း၊ ကျောင်းစာသင်ခန်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်ခြင်း၊ စာသင်ခုံများ နေရာချထားပေးခြင်းနှင့် ပြုပြင်ပေးခြင်းများကို စုပေါင်းဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတပ်နယ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# တရုတ်(တိုင်ပေ)တွင် တိုင်ဖွန်းမုန်တိုင်းဘာဗီ ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် ဒေသခံဦးရေ ၁၄၀၀၀ ကျော်ကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရ



ပေကျင်း ဇူလိုင် ၁၁

တရုတ်(တိုင်ပေ)တွင် တိုင်ဖွန်းမုန်တိုင်းဘာဗီ ဝင်ရောက်တိုက်ခတ်ခဲ့သဖြင့် ဒေသခံဦးရေ ၁၄၀၀၀ ကျော်ကိုဘေးလွတ်ရာသို့ရွှေ့ပြောင်းပေးခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

တိုင်ဖွန်းမုန်တိုင်းဘာဗီကြောင့် မိုးသည်းထန်စွာ ရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်လျက်ရှိသည့်အပြင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုအန္တရာယ်များ ဖြစ်ပေါ်နေသည်ဟု ဒေသအာဏာပိုင်များက ထုတ်ပြန်ထားကြောင်း သိရသည်။

လက်ရှိတွင် တိုင်ဖွန်းမုန်တိုင်းဘာဗီ၏ အမြင့်ဆုံးလေတိုက်နှုန်းသည် တစ်နာရီလျှင် ၁၉၈ ကီလိုမီတာထိရှိနေသဖြင့် အာဏာပိုင်များက အသက်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ကြိုတင်ကာကွယ်ရေးအစီအမံများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် တရုတ်(တိုင်ပေ)၏ နိုင်ငံတကာ လေကြောင်းခရီးစဉ် ၉၂၀ နှင့် ပြည်တွင်း လေကြောင်းခရီးစဉ် ၂၈၀ ကို ဖျက်သိမ်းခဲ့ပြီး လေပြင်း တိုက်ခတ်မှုကြောင့် သစ်ပင်များပြိုလဲကာ မြစ်ရေများလည်း လျှံတက်လျက်ရှိကြောင်း သိရသည်။

တိုင်ဖွန်းမုန်တိုင်းဘာဗီသည် ယနေ့တွင် လူဦးရေ ၁၀ သန်းခန့် နေထိုင်သည့် တရုတ်နိုင်ငံ အရှေ့ပိုင်း ဝမ်ကျိုးမြို့သို့ ဝင်ရောက်တိုက်ခတ်မည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ စထရက်ဖို့ဒ်ဘူတာအနီး တောမီးကူးစက်လောင်ကျွမ်းနေသဖြင့် ရထားဘူတာတချို့ကို ယာယီပိတ်ထားရ

လန်ဒန် ဇူလိုင် ၁၁

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် တောမီး ကူးစက်လောင်ကျွမ်းမှု ဖြစ်ပွားနေပြီး တောမီးသည် စထရက်ဖို့ဒ် ဘူတာအနီးသို့ ကူးစက်လောင်ကျွမ်းနေခြင်းကြောင့် ရထားဘူတာတချို့ကို ယာယီပိတ်ထားရကြောင်း လန်ဒန်မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘူတာအနီး တောမီးကူးစက်လောင်ကျွမ်းနေခြင်းကြောင့် မီးရထားခရီးစဉ်တချို့ကိုပါ ယာယီဆိုင်းငံ့လိုက်ကြောင်း၊ အခြေခံအဆောက်အအုံနေရာသို့ ကူးစက်နိုင်သည့်အတွက်ကြောင့် အရေးပေါ်အခြေအနေဖြင့် တောမီးကို ငြိမ်းသတ်ပေးနေခြင်းဖြစ်ကြောင်း၊ တောမီး ကူးစက်လောင်ကျွမ်းမှုကြောင့် အဲလ်ဘဘတ်၊ မစ်မေနှင့် ဂျာဘီလီမြို့များသို့ ပြေးဆွဲနေသော မီးရထားခရီးစဉ်တို့ကို ယာယီဆိုင်းငံ့ထားခြင်း ဖြစ်ကြောင်း လန်ဒန်မြို့ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"စထရက်ဖို့ဒ်ဘူတာအနီးကို တောမီး ကူးစက်လောင်ကျွမ်းနေပါတယ်။ တောမီးဟာ အခြေခံအဆောက်အအုံတွေဆီကို ကူးစက်လောင်ကျွမ်းနိုင်တဲ့အတွက် မီးရထားခရီးစဉ်တချို့ကို ယာယီဆိုင်းငံ့ထားပါတယ်။ စထရက်ဖို့ဒ်ဘူတာကိုလဲ ယာယီပိတ်ထားပါတယ်။ လန်ဒန်မီးသတ်တပ်ဖွဲ့ တပ်ဖွဲ့ဝင်တွေအနေနဲ့လဲ တောမီးကို အမြန်ဆုံးထိန်းချုပ်ပေးနိုင်ဖို့ ကူညီပေးနေပါတယ်။ အများပြည်သူ သယ်ယူပို့ဆောင်ရေးအတွက်အရေးပါတဲ့ အခြေခံအဆောက်အအုံတွေကိုကာကွယ်ပေးဖို့အတွက်မီးသတ်တပ်ဖွဲ့ဝင်အင်အားအမြောက်အမြားနဲ့ တောမီးကို ငြိမ်းသတ်ပေးနေတဲ့အတွက် မကြာခင်တောမီးကိုထိန်းချုပ်နိုင်တော့မှာပါ"ဟု လန်ဒန်မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# အယ်လ်ဂျီးရီးယားနိုင်ငံ ဂွီလ်မာနယ်မြေမြောက်ပိုင်းတွင် နေရာပေါင်း ၁၁၉ နေရာ၌ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေ

အယ်လ်ဂျီးယားစ် ဇူလိုင် ၁၁

အယ်လ်ဂျီးရီးယားနိုင်ငံ ဂွီလ်မာနယ်မြေ မြောက်ဘက်ပိုင်းတွင် နေရာပေါင်း ၁၁၉ နေရာ၌ တောမီး လောင်ကျွမ်းမှု ဖြစ်ပွားနေကြောင်း ပြည်သူ့ကာကွယ်ရေး အထွေထွေညွှန်ကြားရေးမှူးရုံးက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီး လောင်ကျွမ်းမှုသည် ဇူလိုင် ၉ ရက်တွင် စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ထိန်းချုပ်ရခက်သည့်အဆင့်သို့ ရောက်ရှိနေကြောင်း၊ နေရာပေါင်း ၁၁၉ နေရာထိ တောမီးကူးစက်လောင်ကျွမ်းနေခြင်းဖြစ်သည့်အတွက်ကြောင့် မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် လူနေအိမ်ခြေများဆီသို့ ကူးစက်လောင်ကျွမ်းနိုင်သည့် တောမီးများကို ဦးစားပေးငြိမ်းသတ်နေကြောင်း၊ မြေပြင်မှ သွားရောက်ငြိမ်းသတ်ရန် ခက်ခဲသည့်နေရာများမှ တောမီးကို ငြိမ်းသတ်ရန် လေကြောင်းအကူအညီကို ရယူသွားမည်ဖြစ်ကြောင်း၊ အပူချိန်မြင့်တက်မှုကြောင့် သဘာဝအလျောက် တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး အပူချိန်မှာ ၄၆ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေကြောင်း သိရသည်။




"ဂွီလ်မာနယ်မြေ မြောက်ဘက်ပိုင်းမှာ ဇူလိုင် ၉ ရက်က စတင်ပြီးတော့ တောမီးလောင်ကျွမ်းမှု ဖြစ်ပွားနေပါတယ်။ တောမီးဟာ ၂၄ နာရီအတွင်း ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိခဲ့တယ်။ နေရာပေါင်း ၁၁၉ နေရာမှာ တစ်ပြိုင်တည်းလောင်ကျွမ်းခဲ့တဲ့အတွက် မီးသတ်တပ်ဖွဲ့ဝင်တွေအတွက်တော့ တော်တော်လေးကို မီးငြိမ်းသတ်ရတာ ခက်ခဲနေတဲ့အခြေအနေ ဖြစ်ပါတယ်။ လူနေအိမ်ခြေတွေဆီကို ကူးစက်နိုင်တဲ့နေရာတွေကိုဦးစားပေးပြီး ငြိမ်းသတ်ပေးနေပါတယ်"ဟု ပြည်သူ့ကာကွယ်ရေး အထွေထွေညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အမေရိကန်နိုင်ငံ ရှုဒီဆိုနယ်မြေတွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်ပြီး မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်

ဝါရှင်တန် ဇူလိုင် ၁၁

အမေရိကန်နိုင်ငံ နယူးမက္ကဆီကိုပြည်နယ် ရှုဒီဆိုနယ်မြေတွင် မုန်တိုင်းဝင်ရောက်တိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာ ရွာသွန်းနေသဖြင့် အမေရိကန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အဖွဲ့အစည်းက ရေဘေးအန္တရာယ် သတိပေးချက် ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရေကြီးရေလျှံမှုသည် ရှုဒီဆိုနယ်မြေအပါအဝင် လင်ကွန်းကောင်တီ တွင်လည်း ဖြစ်ပေါ်လာနိုင်ပြီး လင်ကွန်းကောင်တီကိုလည်း ရေဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအစီအစဉ်များ ပြုလုပ်ထားရန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း၊ ထို့ပြင် နယူးမက္ကဆီကိုပြည်နယ် အရှေ့ဘက်ပိုင်းနှင့် တောင်ဘက်ပိုင်းတို့တွင်လည်း မိုးရွာသွန်းနေပြီး ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်သည့် အခြေအနေဖြစ်ကြောင်း သိရသည်။

"နယူးမက္ကဆီကိုပြည်နယ် အရှေ့ဘက်နဲ့ တောင်ဘက်ပိုင်းတို့မှာ မိုးသည်းထန်စွာရွာသွန်းနေပါတယ်။ ရှုဒီဆိုနယ်မြေမှာတော့ ရေကြီးရေလျှံမှု စတင်နေပြီဖြစ်ပါတယ်။ မုန်တိုင်းဝင်ရောက်ပြီး မိုးသည်းထန်စွာရွာသွန်းခဲ့တဲ့အတွက် အချိန်တိုအတွင်း ရေကြီးရေလျှံမှု စတင်ဖြစ်ပေါ်ခဲ့ပါတယ်။ လင်ကွန်းကောင်တီမှာလဲ ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်တဲ့ အခြေအနေ ဖြစ်ပါတယ်။ ရှုဒီဆိုနယ်မြေရဲ့ ကုန်းနိမ့်ပိုင်းဒေသ တချို့မှာတော့ ရေကြီးရေလျှံမှု စတင်နေပြီဖြစ်ပြီးတော့ လမ်းမကြီးတချို့ကိုလဲ ယာယီပိတ်ထားပါတယ်" ဟု အမေရိကန် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Sputnik News
Trs : Sai Sat

# ဗင်နီဇွဲလားနိုင်ငံတွင် အမြွှာငလျင်ကြောင့် သေဆုံးသူ ၄၁၁၈ ဦးထိ မြင့်တက်လာ

ကရာကက်စ် ဇူလိုင် ၁၁

ဗင်နီဇွဲလားနိုင်ငံ၌ ဇွန် ၂၄ ရက်က လှုပ်ခတ်ခဲ့သည့် အမြွှာငလျင်ကြောင့် ယနေ့တွင် သေဆုံးသူဦးရေ ၄၁၁၈ ဦးထိ မြင့်တက်လာကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ဗင်နီဇွဲလားအစိုးရ၏ အချက်အလက်များအရ ငလျင်ကြောင့် ဒဏ်ရာရရှိသူ ဦးရေ ၁၆၇၄၀ ရှိနေပြီး ပိတ်မိနေသူများထဲမှ ၆၄၆၂ ဦးကို အသက်ရှင်လျက် ကယ်တင်နိုင်ခဲ့ကြောင်း၊ ငလျင်ဒဏ်သင့်ဒေသများ၌ ရှာဖွေကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေသဖြင့် ထိခိုက်သေဆုံးမှုဆိုင်ရာ အချက်အလက်များကိုလည်း ဆက်လက်ကောက်ယူလျက် ရှိကြောင်း သိရသည်။

ငလျင်ကြောင့် လူနေအိမ်များနှင့် အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့သဖြင့် ဒေသခံပြည်သူအများအပြားမှာ နေအိမ်များကို စွန့်ခွာခဲ့ရပြီး လူပေါင်း ၁၇၂၆၆ ဦးသည် နိုင်ငံတစ်ဝန်းရှိ ယာယီကယ်ဆယ်ရေးစခန်း ၈၉ ခု၌ ခိုလှုံနေထိုင်လျက်ရှိကြောင်း သိရသည်။

အာဏာပိုင်များနှင့် ကယ်ဆယ်ရေးအဖွဲ့များအနေဖြင့် ငလျင်ဒဏ်သင့် ပြည်သူများအတွက် လိုအပ်သည့် အရေးပေါ်အကူအညီများ ပေးအပ်နိုင်ရေးနှင့် ထိခိုက်ပျက်စီးခဲ့သည့်ဒေသများတွင် ပုံမှန်အခြေအနေ ပြန်လည်ရရှိရေး အတွက် တုံ့ပြန်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ ပြည်တွင်းကယ်ဆယ်ရေးဝန်ထမ်း ၁၀၀၇၆ ဦး၊ စေတနာ့ဝန်ထမ်း ၂၈၈၄၃ ဦးနှင့် နိုင်ငံတကာ ကယ်ဆယ်ရေးဝန်ထမ်း ၃၄၅၅ ဦးတို့က ကယ်ဆယ်ရေးနှင့် တုံ့ပြန်ရေး လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

နောက်ဆက်တွဲငလျင်များ ဆက်လက် လှုပ်ခတ်နေခြင်းကြောင့် ငလျင်ဒဏ်သင့်ဒေသ များ၌ အခြေအနေကိုဆက်လက်စောင့်ကြည့်လျက်ရှိပြီး ဗင်နီဇွဲလားနိုင်ငံ၌ အမြွှာငလျင် လှုပ်ခတ်ခဲ့ပြီး နောက် နောက်ဆက်တွဲငလျင် ၁၁၇၃ ကြိမ်ထိ လှုပ်ခတ်ခဲ့ကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# ကမ္ဘာမြေကြီးစိမ်းလန်းစေဖို့ သစ်ပင်သစ်တောစိုက်ပျိုးကြစို့

ကျော်တင့်(ရွှေခရမ်း)



သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ခြင်းသည် တိုင်းပြည်တစ်ပြည် သာယာဝပြောရန်အတွက် အခြေခံအကျဆုံး လိုအပ်ချက်တစ်ခုဖြစ်သည်။ စိမ်းလန်းစိုပြည်သော သဘာဝပတ်ဝန်းကျင်သည် လူသားတို့၏ စိတ်နှလုံးကို ကြည်နူးချမ်းမြေ့စေပြီး လူသားတို့၏ အသက်၊ အိုးအိမ်၊ စည်းစိမ်ကို အချိန်ခဏတာအတွင်း ဖျက်ဆီးပစ်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို လျှော့ပါးစေသည်။ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်တွင် နေထိုင်ကြပြီး စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို လုပ်ကိုင်ကြသဖြင့် သင့်တင့်မျှတသော ရာသီဥတုအခြေအနေပေါ်တွင် များစွာမူတည်လျက်ရှိသည်။ မြန်မာနိုင်ငံသည် တစ်ချိန်က သယံဇာတနှင့် သစ်တောသစ်ပင်များ ပေါများကြွယ်ဝသည့် ရွှေမြေအဖြစ် ကမ္ဘာတွင်ကျော်ကြားခဲ့သော်လည်း ယနေ့ကာလတွင် သစ်တောဧရိယာများ လျော့နည်းလာပြီး ရာသီဥတုဖောက်ပြန်မှုဒဏ်ကို ရင်ဆိုင်နေကြရပြီဖြစ်သည့်အတွက် မြန်မာနိုင်ငံကြီး ပြန်လည်သာယာစိုပြည်လာစေရန် သစ်ပင်သစ်တောများ ပြန်လည်စိုက်ပျိုး ထိန်းသိမ်းကြရမည့် အချိန်အခါကို ရောက်ရှိလာပြီဖြစ်သည်။

သစ်ပင်စိုက်ပျိုးခြင်းသည် လက်ရှိမျိုးဆက်အတွက်တင်မကဘဲ နောင်လာနောက်သား မျိုးဆက်များအတွက်ပါ အဖိုးမဖြတ်နိုင်သည့် သဘာဝအမွေအနှစ်ကို ချန်ထားရစ်ခြင်းပင်ဖြစ်သည်။ ကမ္ဘာတစ်ဝန်း ရင်ဆိုင်နေရသည့် ရာသီဥတုပြောင်းလဲမှုနှင့် ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများကို ဖြေရှင်းနိုင်ရန် နည်းလမ်းအမျိုးမျိုးရှိသည့်အနက် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းသည် အလွယ်ကူဆုံး၊ ကုန်ကျစရိတ် အသက်သာဆုံးနှင့် လူတိုင်းပါဝင်ဆောင်ရွက်နိုင်သောအလုပ်ဖြစ်သည်။ သစ်ပင်များသည် ကမ္ဘာကြီးပူနွေးမှုကိုဖြစ်စေသည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့တွေကို စုပ်ယူပေးပြီး လူသားတို့အတွက် မရှိမဖြစ်လိုအပ်သည့် အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးခြင်း၊ ရာသီဥတုကို ပုံမှန်ဖြစ်စေပြီး အပူဒဏ်ကို လျှော့ချပေးခြင်း၊ သစ်တောများသည် ရေကြီးရေလျှံခြင်း၊ မြေပြိုခြင်းနှင့် လေမုန်တိုင်းဒဏ်များကို သဘာဝတံတိုင်းကြီးသဖွယ် ကာကွယ်တားဆီးပေးခြင်း၊ မြေဆီလွှာပြုန်းတီးမှုကို သက်သာစေခြင်း၊ သစ်တောများသည် တောရိုင်းတိရစ္ဆာန်များနှင့် ကျေးငှက်သတ္တဝါတို့၏ ခိုလှုံရာအိမ်ဖြစ်သောကြောင့် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းပေးခြင်း၊ သစ်တောများမှတစ်ဆင့် ဆေးဖက်ဝင်အပင်များ၊ သစ်သီးဝလံများနှင့် အဖိုးတန်သစ်များ ရရှိနိုင်ခြင်းစသည့် အကျိုးကျေးဇူးများစွာပေးစွမ်းနိုင်ပေသည်။

မြန်မာနိုင်ငံသည် အာဆီယံဒေသတွင်းနိုင်ငံများထဲတွင် သစ်တောဖုံးလွှမ်းမှုဧရိယာ ဒုတိယအများဆုံး ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်သည်။ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ ၂၀၂၀ ပြည့်နှစ် အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိပြီး ၂၀၂၅ ခုနှစ်တွင် ၄၂ ဒသမ ၁၅ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။ ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းယှဉ်ပါက သစ်တောဖုံးလွှမ်းမှုမှာ သုည ဒသမ ၀၄ ရာခိုင်နှုန်း လျော့နည်းသွားသည်ကိုတွေ့ရသည်။

ထင်းအတွက်ဖြစ်စေ၊ အခြားလိုအပ်ချက်များအရဖြစ်စေ သစ်ပင်များကို ခုတ်ယူသုံးစွဲမှုသာရှိပြီး ပြန်လည်စိုက်ပျိုးမှုမရှိပါက ရေရှည်တွင် သစ်တောသစ်ပင်များပျောက်ကွယ်ကာ ကန္တာရများအဖြစ်သို့ ပြောင်းလဲရောက်ရှိသွားမည်ဖြစ်သည်။

ကမ္ဘာတစ်ဝန်း ရာသီဥတုပြောင်းလဲမှုဆိုးကျိုးများကို ဆိုးရွားစွာခံစားရလျက်ရှိပြီး မြန်မာနိုင်ငံသည်လည်း ရာသီဥတုဖောက်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ်များကို နှစ်စဉ်ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။ ရာသီဥတုဖောက်ပြန်ချို့ယွင်းမှုကြောင့် စားနပ်ရိက္ခာအထွက်နှုန်းကျဆင်းလာခြင်း၊ မွေးမြူရေးတိရစ္ဆာန်များ ပျက်စီးဆုံးရှုံးခြင်း၊ ဂေဟစနစ်များယိုယွင်းပျက်စီးခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်လာခြင်း၊ ဇီဝမျိုးစိတ်များ မူရင်းဒေသများမှနေရာပြောင်းရွှေ့ခြင်း၊ ပင်လယ်နှင့်သမုဒ္ဒရာများ၏ဂေဟစနစ်များယိုယွင်းပျက်စီးခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်လာခြင်း၊ ရောဂါဖြစ်စေသော ပိုးမွှားများရှင်သန်ရာဒေသ ပိုမိုကျယ်ပြန့်လာခြင်း၊ သီးနှံစိုက်ခင်းနှင့် သစ်တောသစ်ပင်များပျက်စီးခြင်းတို့ကြောင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို ဆိုးရွားစွာထိခိုက်စေမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ကျရောက်မှုသည် ယခင်ကထက် ပိုမိုဖြစ်ပွားလာပြီး ထိခိုက်ဆုံးရှုံးမှုနှုန်းလည်း ပိုမိုပြင်းထန်လာသည်။ မိမိတို့နိုင်ငံ၏မိုးများသောဒေသများတွင် ရေကြီးရေလျှံမှုများနှစ်စဉ်ကြုံတွေ့နေရသလို မိမိတို့နိုင်ငံ၏ အပူပိုင်းမိုးနည်းဒေသများတွင် မိုးခေါင်ရေရှားမှုနှင့် ပြင်းထန်သည့်အပူချိန်မြင့်မားမှုတို့ကို ရင်ဆိုင်ကြုံတွေ့နေရသည်။ ယနေ့ကာလသည် အစွန်းရောက်ရာသီဥတုနှင့် မိုးလေဝသဖြစ်စဉ်များကို ပိုမိုကြုံတွေ့ရလျက်ရှိရာ မိမိတို့နေထိုင်ရာဒေသများတွင် ယခင်ကမဖြစ်ခဲ့ဖူးသော သဘာဝဘေးအန္တရာယ်မျိုးယခုဖြစ်လာနိုင်သည်ဟု ကြိုတင်မျှော်တွေးထားရန်လိုသည်။

မိုးလေဝသပညာရှင်များ၏ ခန့်မှန်းမှုများအရ ၂၀၂၆ ခုနှစ်နှင့် ၂၀၂၇ ခုနှစ်တို့သည် အယ်လ်နီညိုရာသီဥတုဖြစ်ပေါ်လာနိုင်ပြီး ကမ္ဘာ့သမိုင်းတစ်လျှောက် အပူဆုံးနှစ်များဖြစ်လာနိုင်ရာ ၎င်းအခြေအနေကို မြန်မာနိုင်ငံအပါအဝင် အာရှဒေသများတွင်ကြုံတွေ့ရမည်ဖြစ်သည်။ အရှေ့တောင်အာရှဒေသတွင် ပုံမှန်အောက်မိုးရွာသွန်းမှုလျော့နည်းခြင်းနှင့် မိုးခေါင်ရေရှားမှုများဖြစ်လာနိုင်ပြီး စပါးနှင့်အခြားသီးနှံစိုက်ပျိုးထုတ်လုပ်မှုနှုန်းများကျဆင်းကာ တောမီးလောင်ကျွမ်းမှု အန္တရာယ်လည်း ပိုမိုမြင့်မားလာနိုင်သည်ဟူ၍ ခန့်မှန်းလျက်ရှိသည်။ ထို့ကြောင့် ရာသီဥတုပူပြင်းသည့်ဒဏ်ကို မခံစားရစေရန်၊ ပူပြင်းမှုလျော့ကျစေရန်အတွက် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးစီမံကိန်းများအရ သစ်ပင်သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ကြခြင်းဖြင့် ပြန်လည်ကုစားရမည်ဖြစ်သည်။ မိမိတို့မြို့ရွာအလိုက် သစ်ပင်များစိုက်ပျိုးခြင်းဖြင့် လူလုပ်သစ်တောများဖန်တီးကာ အပူဒဏ်ကို အစိမ်းရောင်တံတိုင်းဖြင့် တွန်းလှန်ကြရမည်ဖြစ်ပြီး ဒေသများ စိမ်းလန်းစိုပြည်လာပါက ရာသီဥတုသည်လည်း လိုက်ပါပြောင်းလဲလာနိုင်မည်ဖြစ်သည်။ မြို့ရွာဒေသများ စိမ်းလန်းစိုပြည် သာယာလှပစေရေး၊ ရာသီဥတုဖောက်ပြန်မှု လျော့နည်းရေးနှင့် ထင်းအစားထိုးနိုင်ရေးအတွက် သစ်ပင်များစိုက်ပျိုးခြင်း၊ တစ်ပင်စိုက် တစ်ပင်ရှင်သန်ရေး ပြုစုခြင်းတို့တွင် လူတိုင်းပါဝင်ကြရမည်ဖြစ်သည်။

သစ်ပင်စိုက်ပျိုးခြင်းသည် အရေးကြီးသည့် ပြန်လည် ထူထောင်ရေးလုပ်ငန်းတစ်ခုဖြစ်သဖြင့် မိုးရာသီရောက်လာသည်နှင့် မြန်မာနိုင်ငံတစ်ဝန်းတွင် နိုင်ငံတော်အဆင့်၊ ဌာနဆိုင်ရာအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပ၍သစ်ပင်များ စိုက်ပျိုးလျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုတို့ကို ကြိုတင်ကာကွယ်ရာတွင် အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်သည့် နိုင်ငံတစ်ဝန်းသစ်တောဖုံးလွှမ်းမှုတိုးပွားလာစေရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတကိုယ်တိုင် နိုင်ငံတော်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့တက်ရောက်ပြီး သစ်ပင်ဦးဆောင်စိုက်ပျိုးပေးလျက်ရှိသည်။ ယခုနှစ်မိုးရာသီတွင် နိုင်ငံတစ်ဝန်း သစ်တောစိုက်ခင်း ဧက ၃၀၀၀၀ ကျော်၊ သစ်ပင်ပေါင်း ၂၁ ဒသမ ၃၆ သန်း စိုက်ပျိုးတည်ထောင်သွားမည်ဟုသိရပြီး အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အပူပိုင်းဒေသ ၁၃ ခရိုင်၊ မီးရထားလမ်းများ၊ အာဆီယံလမ်းမကြီးနှင့် ကားလမ်းဘေးဝဲယာများ၊ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ အင်းလေးကန်တစ်ဝိုက်ဧရိယာများနှင့် ကမ်းရိုးတန်းဒေသများတွင် သစ်ပင်များစိုက်ပျိုးခြင်းကို ဆက်စပ်ဌာနများ၊ ဒေသခံပြည်သူများနှင့်အတူ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ သစ်ပင်များစိုက်ပျိုးရာတွင် စက်မှုကုန်ကြမ်းသီးနှံပင်၊ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်၊ အရိပ်ရလေကာပင်ဟူ၍ အမျိုးအစားခွဲခြားစိုက်ပျိုးလျက်ရှိသည်။ နိုင်ငံတစ်ဝန်း၌ သစ်ပင်များစိုက်ပျိုးပေးခြင်းကြောင့် အပူချိန်မှာ ချက်ချင်းလျော့ပါးသွားမည်မဟုတ်သော်လည်း အချိန်ကာလအတိုင်းအတာတစ်ခုတွင် သစ်ပင်များကြီးထွားရှင်သန်ဖွံ့ဖြိုးပြီး သစ်ရိပ်ဝါးရိပ်များ၏ အရိပ်အာဝါသများကြောင့် အပူဒဏ်လျော့ပါးသက်သာသွားမည်ဖြစ်သလို စိမ်းလန်းစိုပြည်နေသော သစ်ပင်များကြောင့် လူသားတို့၏ စိတ်နှလုံးအေးချမ်းမှု အကျိုးကျေးဇူးကိုရရှိနိုင်သည်။ သစ်ပင်များစိုက်ပျိုးခြင်း၊ သစ်တောများ ထိန်းသိမ်းခြင်း၊ ပြုစုပျိုးထောင်ခြင်းတို့သည် လက်ငင်းအကျိုးခံစားရန်မဟုတ်ဘဲ အနာဂတ်နိုင်ငံနှင့်မျိုးဆက်သစ်များအတွက် အမွေအနှစ်များပေးခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် သစ်တောသစ်ပင်များ၊ မြစ်ချောင်းအင်းအိုင်များ၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် သဘာဝအရင်းအမြစ်များ ပေါများကြွယ်ဝသော ဂေဟစနစ်ကောင်းမွန်သည့် နိုင်ငံဖြစ်သည်။ အဆိုပါဂေဟစနစ်များသည် နိုင်ငံ၏စားရေရိက္ခာထုတ်လုပ်နိုင်မှု၊ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုနှင့် သဘာဝပတ်ဝန်းကျင်ကိုကောင်းမွန်စေပြီး သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေးတို့ကို စဉ်ဆက်မပြတ်ပံ့ပိုးပေးလျက်ရှိသည်။ မိမိတို့နိုင်ငံသည် ကောင်းမွန်သည့်သဘာဝပတ်ဝန်းကျင်များကို ပိုင်ဆိုင်ထားသော်လည်း လူတို့၏ပယောဂကြောင့် သစ်ပင်သစ်တောများနှင့် ဂေဟစနစ်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိရာ နိုင်ငံနှင့်ပြည်သူအတွက် များစွာထိခိုက်နစ်နာစေသည်။ လူသားတို့၏မိတ်ဆွေသဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရန်အားနည်းပါက လူသားတို့၏ရန်သူဖြစ်သည့် သဘာဝဘေးအန္တရာယ်နှင့် ထိပ်တိုက်ကြုံတွေ့ရမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်သည် ရှောင်လွှဲ၍မရနိုင်သော်လည်း ကြိုတင်ပြင်ဆင် ကာကွယ်မှုများဖြစ်သည့် နိုင်ငံ၏သစ်တောများနှင့် ရေအရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရန် မိမိတို့နေထိုင်ရာ ခြံဝန်း၊ ရပ်ကွက်၊ မြို့ရွာဒေသများ၊ လမ်းဘေးဝဲယာများနှင့် လွင်တီးခေါင်နေရာများတွင် သစ်ပင်သစ်တောများ ရှင်သန်အောင်စိုက်ပျိုးခြင်းဖြင့် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်အောင် ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**ကိုးကား**

- ၁၅-၆-၂၀၂၆ ရက်ထုတ် ကြေးမုံသတင်းစာ။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊
ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ယင်းမာပင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၁၉၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယင်းမာပင် ဇူလိုင် ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၁၉၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ဧက ၁၁၅၀၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက၁၉၂၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ယင်းမာပင်မြို့နယ်မှာ ဖူးစားပြောင်း ဧက ၁၁၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၉၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဖူးစားပြောင်းတွေ ဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ယင်းမာပင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

ယခုနှစ် ယင်းမာပင်မြို့နယ်တွင် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောဖြမြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေး ပြုလုပ်အသုံးပြုရေးစသည့် စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေး လျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးလှမြင့်က ပြောပြခြင်း ဖြစ်သည်။ (၂၀၆)

# ပြည်မြို့နယ် ရွှေကြို့ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ပြည် ဇူလိုင် ၁၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ရွှေကြို့ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေများကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေဇော်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ ရွှေကြို့ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်း လက်စွဲစာစောင်ပါ လမ်းညွှန်ချက်များ နှင့်အညီ ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပြည်မြို့နယ် ရွှေကြို့ပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၉ သန်းကို ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေဇော်ထံမှ သိရသည်။

ချိုလေး

# လှိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ပြုလုပ်

လှိုင်ကော် ဇူလိုင် ၁၁

ကယားပြည်နယ် လှိုင်ကော်ခရိုင် လှိုင်ကော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ပန်ကန်းကျေးရွာအုပ်စု ပန်ကန်းကျေးရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇူလိုင် ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ လူငယ်ရိပ်သာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကယားပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမြင့်က အဖွင့်အမှာစကားပြောကြားပြီး လှိုင်ကော်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အိအိခင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကြောင်းအရာများ၊ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များနှင့် ရရှိလာမည့်အကျိုးကျေးဇူးများကို မိတ်ဆက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနှားရယ်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ မြို့နယ်ဦးစီးမှူးက တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင် ကိုးဦးကို ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ သော်ဇင်ထူး

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း လယ်ကဏန်းပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ကျိုက်လတ် ဇူလိုင် ၁၁

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း လယ်ကဏန်း ပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလက လယ်ကဏန်း ပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လတစ်လအတွင်း လယ်ကဏန်းပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ လယ်ကဏန်းများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချနေတဲ့ လယ်ကဏန်းတွေက လယ်ကွင်းထဲက ဖမ်းယူရရှိတာဖြစ်ပါတယ်။ လယ်ကဏန်းတွေအပါအဝင် ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း လယ်ကဏန်းပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။



လက်ရှိမှာလဲ လယ်ကဏန်းတွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်။ လယ်ကဏန်းတွေဝယ်ယူအား ကောင်းလာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင် အဆင်ပြေလာပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဇာဇာဦးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ လယ်ကဏန်းများအပါအဝင် ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဇွန်လအတွင်း တင်ပို့ရောင်းချသည့် လယ်ကဏန်း ၁၀ ပိဿာလျှင် ငွေကျပ် ၉၈၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

ကျော်ကျော်လင်း

# ကျောက်တံခါးမြို့နယ် အင်းပတ်လည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး


ကျောက်တံခါး ဇူလိုင် ၁၁

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အင်းပတ်လည်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ပိုးအိဖြူကိုနှင့် မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ အင်းပတ်လည်ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ငွေစာရင်းဇယားပုံစံများ ဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စီမံကိန်းရန်ပုံငွေဖြင့် ဝက်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါ အင်းပတ်လည်ကျေးရွာ၌ စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် အခြားလုပ်ငန်းများလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၅၀ ကို ငွေကျပ် ၄၅၅ သိန်း ထုတ်ချေးပေးထားကြောင်း သိရသည်။ သူသူ

ကိုဗစ် - ၁၉ ရောဂါကူးစက်မှုနှုန်းကို ထိန်းချုပ်နိုင်ရန်



ကိုဗစ် - ၁၉ ရောဂါပိုးရှိသူထံမှ အခြားသူတစ်ဦးထံ အလွယ်တကူ ပိုးမကူးစက်နိုင်စေရန် အိမ်အပြင် ထွက်လျှင် နှာခေါင်းစည်း(Mask) တပ်ပါ။

# အာဇာနည်နေ့နှင့် မျိုးဆက်သစ်တို့၏ သမိုင်းပေးတာဝန်

ဇင်မင်းစိုး(ဗိုလ်ကလေး)

၂၀၂၆ ခုနှစ် ဇူလိုင် ၁၉ ရက်သည် မြန်မာနိုင်ငံ၏ ၇၉ နှစ်မြောက် အာဇာနည်နေ့ဖြစ်သည်။ "ဇူလိုင် ၁၉ မျက်ရည်မိုး၊ ၁၉ ဇူလိုင် မမေ့နိုင်" ဟူသည့်အတိုင်း ကျဆုံးသွားခဲ့သော အာဇာနည်သူရဲကောင်းကြီးများကို လွမ်းဆွေးတမ်းတသတိရလျက်ရှိကြသည်။ အာဇာနည်နေ့ရောက်တိုင်း နိုင်ငံတစ်ဝန်းရှိ အိမ်တိုင်းတွင် မြန်မာနိုင်ငံတော်အလံကို တိုင်တစ်ဝက်လွှင့်ထူကာ ဂါရဝပြုကြသည်။

ဇူလိုင် ၁၉ ရက်သည် မိမိတို့နိုင်ငံသားအားလုံးအတွက် အစဉ်အောက်မေ့လွမ်းဆွတ်ဖွယ်နေ့ရက်ဖြစ်ခဲ့သည်မှာ ယခုနှစ်ဆိုလျှင် ၇၉ နှစ်တိုင်ခဲ့ပြီဖြစ်သည်။ ကိုလိုနီလက်အောက် နှစ်ပေါင်း ၁၀၀ ကျော်မျှ နေထိုင်ခဲ့ရပြီး လွတ်လပ်ရေး၏ အသီးအပွင့်တို့ ဖူးပွင့်လာရန် လက်တစ်ကမ်းအလိုတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသည်။ ပြည်သူပြည်သားတို့ မျက်ရည်မဆည်နိုင် ဝမ်းနည်းယူကျုံးမရဖြစ်ရသည့် နေ့တစ်နေ့ပင်ဖြစ်သည်။

အာဇာနည်ဆိုသည့်ဝေါဟာရမှာ မြန်မာအဘိဓာန်၌မူ "အကြောင်းဟုတ်သည် မဟုတ်သည်ကို ကောင်းစွာသိသူ၊ သာမန်ထက် လက်ရုံးရည်၊ နှလုံးရည်ထူးကဲသာလွန်၍ အများအကျိုးအတွက် သက်စွန့်ကြိုးပမ်းဆောင်ရွက်သူ"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဓမ္မပဒတွင်မူ "အာဇာနည်တစ်ဦးပေါ်ပေါက်ခဲ့ပါက ထိုနေရာသည် ချမ်းသာရန်သေချာသွားပေပြီ"ဟု ညွှန်းဆိုထားသည်။ အာဇာနည်ဟူသည့်ဘွဲ့ထူးသည်ကား အများအကျိုးအတွက် ဉာဏ်အမြော်အမြင်နှင့်ပြည့်စုံ၍ ရဲစွမ်းသတ္တိကို အခြေခံကာ အသက်နှင့်ရင်းပြီး နိုင်ငံအတွက် စွန့်လွှတ်ကြိုးပမ်းသူများကို ပြည်သူများက "အာဇာနည်"ဟု နှလုံးသားထက်ဝယ် ဦးညွှတ်ချီးကျူးဂုဏ်ပြုကြသည်။

ထို့ကြောင့် နိုင်ငံလွတ်လပ်ရေးအတွက် အသက်ပေးကာ ကြိုးပမ်းဆောင်ရွက်ခဲ့သော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ ကျဆုံးလေပြီးသောခေါင်းဆောင်ကြီးများကို အာဇာနည်နေ့အဖြစ်သတ်မှတ်၍ နှစ်စဉ်နှစ်တိုင်း အာဇာနည်နေ့အခမ်းအနားများကျင်းပကြသည်။ ထိုသို့ကျင်းပရခြင်းမှာ နောင်လာနောက်သားများကို အာဇာနည်စိတ်ဓာတ်များ နိုးကြားလာအောင်ဖြစ်သည်။

မြန်မာတို့သည် ကိုယ့်ထီးကိုယ့်နန်းကိုယ့်ကြငှန်းနှင့် နှစ်ပေါင်းများစွာနေထိုင်လာကြပြီးမှ မြန်မာတို့၏ စည်းလုံးညီညွတ်မှုဖရိုဖရဲဖြစ်နေမှုကို အခွင့်ကောင်းယူကာ အင်္ဂလိပ်တို့သည် ကျူးကျော်စစ်သုံးကြိမ်ပြု၍ မတရားသိမ်းပိုက်ခဲ့လေသည်။ မြန်မာဘုရင်သီပေါမင်းနှင့် စုဖုရားလတ်တို့ကို ဖမ်းဆီးခေါ်ဆောင်ကာ မြန်မာနိုင်ငံကို နှစ်ပေါင်း ၁၀၀ ကျော် ဖိနှိပ်အုပ်ချုပ်ခဲ့လေသည်။

သူ့ကျွန်မခံလိုသောတိုင်းရင်းသားများနှင့် မြန်မာလူမျိုးအားလုံးတို့သည် ရရာလက်နက်စွဲကိုင်ကာ နေရာဒေသမျိုးစုံမှ ခုခံတော်လှန်တိုက်ခိုက်ကြသည်။ ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပွားပြီးနောက် အင်္ဂလိပ်အခက် မြန်မာအချက်ဟုခံယူ၍ နယ်ချဲ့တို့ကို ဂျပန်တို့နှင့်ပူးပေါင်းကာ တိုက်ထုတ်ပစ်ခဲ့သည်။ နောက်ပိုင်းတွင် ဂျပန်တို့သည်လည်း ဖက်ဆစ်ဝါဒနှင့် ဖက်ဆစ်စနစ်များကျင့်သုံးလာသည့်အတွက် တိုင်းရင်းသားများနှင့် ပြည်သူအားလုံးက စုပေါင်းကာ ဖက်ဆစ်ဂျပန်တို့ကို ထပ်မံမောင်းထုတ်ခဲ့ရပြန်သည်။

တိုင်းရင်းသားများဟူသည် "ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း" စသည့် ပြည်ထောင်စုသားများဖြစ်ကြပြီး စည်းလုံးညီညွတ်မှုစွမ်းအားကိုအသုံးချ၍ စုပေါင်းတော်လှန်တိုက်ခိုက်ကြခြင်းဖြစ်လေသည်။ ရှေ့က စည်းလုံးညီညွတ်မှုပြိုကွဲသဖြင့် ကုန်းဘောင်နန်းဆက် ပျက်သုဉ်းခဲ့ရသည်ကို သင်ခန်းစာယူကာ စည်းလုံးညီညွတ်သောစိတ်ဓာတ်များဖြင့် ဗိုလ်ချုပ်အောင်ဆန်းက ဦးဆောင်ကာ လွတ်လပ်ရေးကိုအရယူရန် ကြိုးပမ်းခဲ့ကြလေသည်။

**❖ မျိုးဆက်သစ်လူငယ်များအနေဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေလိုသောစိတ်ဓာတ်မျိုးကို ဆက်ခံပြီး နိုင်ငံတည်ဆောက်ရေးတွင် စွမ်းစွမ်းတမံပါဝင်ကြိုးပမ်းရန် တာဝန်ကိုယ်စီရှိကြပေသည်။ အသိပညာအတတ်ပညာများကိုကြိုးစားသင်ယူပြီး နိုင်ငံက အားကိုးအားထားပြုရသော လူတော်လူကောင်းများဖြစ်အောင် ကိုယ်တိုင်ထုဆစ်ပုံဖော်ကြရမည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ကိုအရင်းတည်၍ ပြည်ထောင်စုဖွားတိုင်းရင်းသားများပီပီ အေးအတူပူအမျှ အတူတကွလက်တွဲသွားကြရန်နှင့် စည်းလုံးညီညွတ်သောစိတ်ဓာတ်ဖြင့် ကိုယ့်မြေကိုယ့်ရေကိုယ့်လေကို ချစ်မြတ်နိုးသော မျိုးချစ်လူငယ်များဖြစ်လာအောင် ကြိုးစားနေထိုင်ကြရမည်ဖြစ်သည်။ ❖**

နယ်ချဲ့ဗြိတိသျှတို့သည် မြန်မာနိုင်ငံကို မတတ်သာ၍ လွတ်လပ်ရေးပေးရတော့မည်ဖြစ်သော်လည်း တောင်တန်းဒေသများကိုချန်လှပ်ထား၍ ပင်လုံကွန်ဖရင့်ထိ နိုင်ငံရေးအရ ခြေရှုပ်မှုများ၊ ခြေထိုးမှုများကို အစွမ်းကုန်လုပ်ဆောင်ခဲ့ကြလေသည်။ နယ်ချဲ့သမားတို့သည် ပရိယာယ်အရာတွင် အလွန်ပါးနပ်လိမ္မာကျွမ်းကျင်သူများပီပီ ဗိုလ်ချုပ်အောင်ဆန်းကို ကိုယ်တိုင်လုပ်ကြံဖယ်ရှားခြင်းမပြုဘဲ ၎င်းတို့အလိုကျ အတိုင်းဆောင်ရွက်သွားမည့် အမျိုးသားသစ္စာဖောက်လက်ပါးစေများကို ရှာဖွေခဲ့လေသည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာနိုင်ငံကို တစ်နှစ်အတွင်း လွတ်လပ်ရေးပေးမည်ဟူသော အောင်ဆန်း-အက်တလီစာချုပ်ကိုချုပ်ဆို၍ မြန်မာနိုင်ငံလွတ်လပ်ရေးရတော့မည့်အချိန်တွင် မစားရသည့်အမဲ သဲနှင့်ပက်မည်ဆိုသည့်အကြံဆိုးဖြင့် နိုင်ငံ့ခေါင်းဆောင်ကြီးများကိုလုပ်ကြံရန် အားပေးဆောင်ရွက်ခဲ့လေသည်။

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်သည် မြန်မာ့သမိုင်းတွင် တိုင်းပြည်အတွက် ကြီးမားသောဆုံးရှုံးမှုကြီးနှင့် ကြုံတွေ့ခဲ့ရသည့် မမေ့နိုင်စရာကြေကွဲဝမ်းနည်းဖွယ်နေ့တစ်နေ့ဖြစ်သည်။

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော အစိုးရအဖွဲ့ဝန်ကြီးများ ရန်ကုန်မြို့ အတွင်းဝန်များရုံးတွင် အစည်းအဝေးပြုလုပ်နေခိုက် နယ်ချဲ့သမားနှင့် ပြည်တွင်းသစ္စာဖောက်တို့၏ လုပ်ကြံသတ်ဖြတ်မှုကြောင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့လေသည်။

ကျဆုံးခဲ့သည့်အာဇာနည်ခေါင်းဆောင်ကြီးများမှာ ဗိုလ်ချုပ်အောင်ဆန်း၊ ဒီးဒုတ်ဦးဘချို၊ မန်းဘခိုင်၊ ဦးဘဝင်း၊ သခင်မြ၊ ဦးရာဇတ်၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၊ အတွင်းဝန် ဦးအုန်းမောင်၊ ရဲဘော်ကိုထွေးတို့ဖြစ်ကြသည်။

အတွင်းဝန်များရုံးအစည်းအဝေးခန်းမအတွင်း ကိုယ်ကျိုးမကြည့်၊ အတ္တမဖက်၊ တိုင်းပြည်အတွက် အသက်ပေးရင်းကျဆုံးခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မြင့်မြတ်သောဂုဏ်ဒြပ်တို့မှာ တုနှိုင်းစရာမရှိတော့ပေ။ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်အပေါင်းတို့၏ မျိုးချစ်စိတ်ဓာတ်၊ မြင့်မြတ်သောစိတ်ထား၊ တိုင်းပြည်အပေါ် စေတနာအမှန်ဖြင့် အသက်ပေးဆပ်ခဲ့မှုများကို ပြည်သူများက ဘယ်သောအခါမှ မေ့ဖျောက်၍ မရနိုင်ပေ။

ဗိုလ်ချုပ်အောင်ဆန်းသည် သေနတ်ဒဏ်ရာ ၁၃ ချက်ဖြင့် ကျဆုံးခဲ့ပြီး မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းနှင့် သခင်မြတို့က သေနတ်ဒဏ်ရာ နှစ်ချက်စီ၊ ဦးရာဇတ်က သေနတ်ဒဏ်ရာခြောက်ချက်၊ အာဇာနည်မန်းဘခိုင်မှာ သေနတ်ဒဏ်ရာ ၁၅ ချက်၊ အတွင်းဝန်ဦးအုန်းမောင်က သေနတ်ဒဏ်ရာ ငါးချက်တို့ဖြင့် အသီးသီးကျဆုံးခဲ့ပြီး ဒီးဒုတ်ဦးဘချိုမှာ သေနတ်ဒဏ်ရာငါးချက်ဖြင့် ထိုအချိန်က မကျဆုံးသေးဘဲ အသက်ရှူနေဆဲဖြစ်ပြီး မွန်းလွဲ ၁ နာရီ ၄၅ မိနစ်တွင် ကျဆုံးသွားခဲ့လေသည်။

ဦးဘဝင်းမှာ သေနတ်ဒဏ်ရာရှစ်ချက်ဖြင့် သူ၏ထိုင်ခုံတွင် ခေါင်းငိုက်စိုက်ကျထိုင်လျက်သား ကျဆုံးခဲ့လေသည်။ ဦးရာဇတ်၏သက်တော်စောင့် ရဲဘော်ကိုထွေးမှာ သေနတ်ဒဏ်ရာလေးချက်ဖြင့် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကျဆုံးခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးသွားသည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရုပ်အလောင်းကို ၁၉၄၇ ခုနှစ် ဇူလိုင် ၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ဂျူဗလီဟောခန်းမသို့ ပြောင်းရွှေ့သယ်ယူ၍ ဂါရဝပြုခံခဲ့လေသည်။ ဦးရာဇတ်နှင့် ရဲဘော်ကိုထွေးတို့၏ ရုပ်အလောင်းကို ဂျူဗလီဟောခန်းမမှ တာမွေကင်းဘဲလ်လမ်းရှိ မွတ်စလင်သင်္ချိုင်းသို့ သယ်ဆောင်ပြီး အစ္စလာမ်ဘာသာအရ မြှုပ်နှံသင်္ဂြိုဟ်ခဲ့သည်။

မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏ ရုပ်ကလာပ်ကို ပြည်နယ်မြို့တော်ဖြစ်သည့် မိုင်းပွန်မြို့သို့ သယ်ဆောင်ပြီး ဒေသထုံးတမ်းအစဉ်အလာအရ အခမ်းအနားဖြင့် သင်္ဂြိုဟ်ခဲ့ပြီး ၎င်း၏အရိုးပြာတစ်ဝက်ကို ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်တွင်ထားရှိရန် ပေးပို့ခဲ့ကာ ကျန်အရိုးပြာတစ်ဝက်ကို မိုင်းပွန်မြို့တော်၏ တောင်ဘက်ကုန်း၌ အာဇာနည်ဗိမာန်ပြာသဒ် တည်ဆောက်၍ ထားခဲ့လေသည်။

အာဇာနည်နေ့ရောက်တိုင်း အာဇာနည်ကြီးများ၏ စွန့်လွှတ်ပေးဆပ်မှုဂုဏ်နှင့် မြင့်မြတ်သော စိတ်ထားတို့ကို ရင်မှာအစဉ်အောက်မေ့သတိရလျက် ဦးညွှတ်မိသည်။ ဘိုးဘွားတို့၏ အသက်သွေးချွေးနှင့် ရင်းနှီးခဲ့ရသောလွတ်လပ်ရေးအမွေကို မပျောက်ပျက်အောင် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်ရမည်မှာ မျိုးဆက်သစ်လူငယ်များဖြစ်သော ကျွန်ုပ်တို့၏ တာဝန်ဖြစ်သည်။

အနာဂတ်မျိုးဆက်သစ်များဖြစ်ကြသော လူငယ်များအနေဖြင့် မြန်မာ့လွတ်လပ်ရေးအတွက် အသက်ပေးလှူခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အာဇာနည်စိတ်ဓာတ်နှင့် စွန့်လွှတ်အနစ်နာခံမှုများကို အောက်မေ့အတုယူပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျရာကဏ္ဍမှ ဝိုင်းဝန်းကူညီဆောင်ရွက်ကြရန် တာဝန်ရှိပြီး ခေါင်းဆောင်ကြီးများ၏ ရည်မှန်းချက်များ၊ လမ်းညွှန်ချက်များအတိုင်း အကောင်အထည်ဖော် တာဝန်ထမ်းဆောင်ကြရန် လိုအပ်မည်ဖြစ်သည်။

မျိုးဆက်သစ်လူငယ်များအနေဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေလိုသောစိတ်ဓာတ်မျိုးကိုဆက်ခံပြီး နိုင်ငံတည်ဆောက်ရေးတွင် စွမ်းစွမ်းတမံပါဝင်ကြိုးပမ်းရန် တာဝန်ကိုယ်စီရှိကြပေသည်။ အသိပညာအတတ်ပညာများကိုကြိုးစားသင်ယူပြီး နိုင်ငံက အားကိုးအားထားပြုရသော လူတော်လူကောင်းများဖြစ်အောင် ကိုယ်တိုင်ထုဆစ်ပုံဖော်ကြရမည်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းတည်၍ ပြည်ထောင်စုဖွားတိုင်းရင်းသားများပီပီ အေးအတူပူအမျှ အတူတကွလက်တွဲသွားကြရန်နှင့် စည်းလုံးညီညွတ်သောစိတ်ဓာတ်ဖြင့် ကိုယ့်မြေကိုယ့်ရေကိုယ့်လေကိုချစ်မြတ်နိုးသော မျိုးချစ်လူငယ်များဖြစ်လာအောင် ကြိုးစားနေထိုင်ကြရမည်ဖြစ်သည်။

အာဇာနည်စိတ်ဓာတ်ဖြစ်သော မိမိအကျိုးထက် နိုင်ငံနှင့်လူမျိုးအတွက် စွန့်လွှတ်အနစ်နာခံခဲ့ကြသော အာဇာနည်ကိုးဦး၏ပုံရိပ်တို့ကို အမြဲမြင်ယောင်ကာ ဇာတိသွေး ဇာတိမာန်နှင့် အမျိုးသားအားမာန်များပေါ်ထွက်လာစေရန် ပြုစုပျိုးထောင်တည်ဆောက်ကြရန်လိုအပ်သည့်အပြင် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ရှေးရှုကာ ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့စေရန် အစဉ်ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်သည်။

ယနေ့လူငယ် နောင်ဝယ်လူကြီးဖြစ်သော မျိုးဆက်သစ် လူငယ်လူရွယ်များအနေဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေလိုသော စိတ်ဓာတ်မျိုးကိုဆက်ခံပြီး နိုင်ငံတည်ဆောက်ရေးတွင် စွမ်းစွမ်းတမံပါဝင်သွားပြီး နိုင်ငံက အားကိုးအားထားပြုရသော လူတော်လူကောင်းများဖြစ်အောင် ကိုယ်တိုင်ထုဆစ်ပုံဖော်ကြရမည်ဖြစ်ကြောင်း တိုက်တွန်းရေးသားအပ်ပါသည်။

**ကိုးကား**


**၁။ မြန်မာ့အလင်း၊ ကြေးမုံ၊ မြဝတီသတင်းစာနှင့် နေ့စဉ်ထုတ်သတင်းစာများ။**

**၂။ အာဇာနည်နေ့နှင့်သက်ဆိုင်သော စာအုပ်စာတမ်းများ။**

# ချစ်စရာ့အရွယ် စာဖတ်မယ်

ကလေး စာပေကဏ္ဍ

## ဥမကွဲ သိုက်မပျက်

ကလေးတို့ရေ ဒီတစ်ပတ် ဦးဦးပြောပြမဲ့ ပုံပြင်လေးကတော့ **"ဥမကွဲ သိုက်မပျက်"** ဆိုတဲ့ ပုံပြင်လေးပဲ ဖြစ်ပါတယ်ကွယ်။

ဟိုးရှေးအခါက မြွေမကြီးတစ်ကောင်ဟာ ထာဝရစိမ်းစိုလန်းဆန်းတဲ့ တောကြီးရဲ့အနီးမှာ နေထိုင်သတဲ့ကွယ်။ မြွေမကြီးဟာ ကြာဖြူ၊ ကြာနီ၊ ကြာဝါ၊ ကြာပြာ၊ ကြာညိုပန်းတွေ ပေါက်နေတဲ့ ရေကန်ကြီးထဲမှာ သူ့ရဲ့အသိုက်ကို လှလှပပသေသေသပ်သပ်ဖြစ်အောင်နေချင်စဖွယ် ဆောက်လုပ်ထားပြီး မြွေမကြီးက သူ့ရဲ့သန္ဓေသားဥတွေကို ဥထားသတဲ့ကွယ်။ ဒီရေကန်ကြီးရဲ့အနီးမှာ တော်တော်ကျယ်လှတဲ့ လယ်ကွင်းပြင်ကြီးကရှိနေသလို လယ်ထွန်နေတဲ့ လယ်သမားတစ်ယောက်ကလဲ နေ့စဉ်နေ့တိုင်းရှိနေသတဲ့ကွယ်။

တစ်နေ့မြွေမကြီး အစာရှာထွက်နေတဲ့အချိန် ရေကန်အနီးမှာ တောမီးတွေ အကြီးအကျယ်လောင်ကျွမ်းနေတာကြောင့် လယ်ထွန်နေတဲ့ လယ်သမားဟာ မေတ္တာစေတနာနဲ့ မြွေရဲ့အသိုက်နဲ့ဥတွေကို တယုတယကိုင်တွယ်ပြီး မီးလောင်မဲ့ဘေးကလွတ်တဲ့နေရာကို ပြောင်းရွှေ့ထားလိုက်သတဲ့ကွယ်။

မြွေမကြီးအစာရှာထွက်ရာက ပြန်လာတဲ့အခါ အသိုက်နဲ့ဥတွေကို ပြောင်းရွှေ့နေတာကြောင့် ဒေါသထွက်ကာ အနီးအနားမှာရှိတဲ့ လယ်ထွန်နေတဲ့ လယ်သမားဟာ သူ့ကို သက်သက်ရန်စစော်ကားတယ်လို့ထင်မှတ်ပြီး မြွေမက သူ့ရဲ့ပြင်းထန်တဲ့ အဆိပ်ရည်ကိုအသင့်ပြင်ကာ ချွန်ထက်လှတဲ့ အစွယ်နှစ်ချောင်းနဲ့ လယ်သမားကို ပေါက်သတ်မယ်လို့ လုပ်သတဲ့။ ဒီတော့ လယ်သမားက "အသင်မြွေမ ငါဟာ သင့်ရဲ့အသိုက်နဲ့ဥတွေကို အရှိန်ပြင်းပြင်းလောင်နေတဲ့ တောမီးထဲကိုပါမသွားအောင်၊ မီးမလောင်အောင် စေတနာနဲ့ရွှေ့ပေးထားတဲ့အတွက် ငါ့ကျေးဇူးတွေ သင့်အပေါ်မှာရှိနေလို့ သင် ငါ့ကို မသတ်သင့်ဘူး"လို့ လယ်သမားက ပြန်ပြောလိုက်သတဲ့ကွယ်။

လယ်သမားက အဲဒီလိုပြောတော့ မြွေမက "သင်ဟာ ငါ့ရဲ့ကျေးဇူးရှင် ဟုတ်မဟုတ်သိနိုင်ဖို့ သင့်ရဲ့နွားတွေကိုသာ တရားစီရင်ဆုံးဖြတ်ခိုင်းပါ"လို့ မြွေမက ပြောတော့ လယ်သမားက မိမိရဲ့နွားတွေကို တရားစီရင်ပေးပါလို့ ပြောလိုက်သတဲ့။

လယ်သမားရဲ့နွားတွေက "လယ်သမားဟာ ကျေးဇူးမသိတတ်သူဖြစ်ကြောင်း၊ သူ့ရဲ့အကျိုးကို သယ်ပိုးကူညီဆောင်ရွက်ပေးနေတဲ့ ကျေးဇူးရှင်နွားကိုပင် ရက်ရက်စက်စက်သတ်စားကြောင်း၊ ဒါကြောင့် ဒီလယ်သမားကို အသင်မြွေမက ချွန်ထက်အဆိပ်ပြင်းထန်တဲ့ သင်ရဲ့အစွယ်နဲ့သာ ပေါက်သတ်လိုက်ပါ"လို့ နွားတွေကပြောတဲ့အခါ



လယ်သမားက "ငါ့ကို အခုမသတ်ပါနဲ့။ ခုနစ်ရက်မျှသာ ငါ့ကိုငဲ့ညှာပြီး ဆိုင်းငံ့ပေးပါ"လို့ မြွေမကို အသနားခံတောင်းပန်ပြီး လယ်သမားဟာ စိတ်မချမ်းမြေ့စွာနဲ့ အိမ်ကိုပြန်လာခဲ့သတဲ့။

လယ်သမားဟာ ပင်ပန်းနွမ်းနယ်စွာနဲ့ အိမ်ကိုပြန်ရောက်ပြီး ဇနီးဖြစ်သူကို မြွေမနဲ့ပြဿနာဖြစ်ခဲ့ရတဲ့အကျိုးအကြောင်းကို အကုန်အစင်ပြောပြတဲ့အခါ မိန်းမဖြစ်သူက ယောကျ်ားကို "ဒီအတွက်နဲ့တော့ စိတ်သောကမရောက်ပါနဲ့။ ကိုယ့်ရဲ့လယ်ကိုသာ ထွန်မြဲတိုင်းထွန်ပါ"လို့ ယောကျ်ားဖြစ်သူကို စိတ်ချမ်းသာအောင်ပြောလိုက်ပြီး ဇနီးဖြစ်သူဟာ မြွေမရှိရာရေကန်ဆီ အကြံထုတ်ရင်း ထွက်လာခဲ့သတဲ့။

လယ်သမားရဲ့ဇနီးဟာ ကြာမျိုးအလီလီ ထုံအီမွှေးမြရောင်စုံအလှတွေနဲ့ပြည့်စုံနေတဲ့ ရေကန်ကို ရောက်တယ်ဆိုရင်ပဲ မြွေမဆီကိုသွားကာ "အသင်မြွေမ ငါသိပ်ကိုရေဆာနေလို့ ဒီကန်ထဲကရေကို သောက်ခွင့်ပြုပါ"လို့ မြွေမဆီ ရေသောက်ခွင့်တောင်းတဲ့အခါ မြွေမက "ရေလဲမနောက်အောင်၊ ကြာလဲမပျောက်အောင် သောက်နိုင်ပါက ဒီကန်ရေကို သောက်ပါ"လို့ ပြောလိုက်တယ်ဆိုရင်ပဲ လယ်သမားရဲ့ဇနီးဟာ ကျူရိုးရဲ့အဆစ်ပိတ်နေရာတွေကို အပေါက်ဖြစ်အောင်ထွင်းဖောက်ပြီး ပါးစပ်မှာတပ်ကာ ရေကန်ထဲကရေကို စုပ်ပြီးသောက်သတဲ့။

ရေသောက်လို့ ဝသွားတဲ့အခါ လယ်သမားရဲ့ဇနီးက မြွေမရဲ့အနားကိုသွားပြီး မြွေမကို ကျူရိုးတုတ်နဲ့ ရိုက်သတ်မယ်လို့လုပ်တဲ့အခါ မြွေမက "ဟယ် အသင်မိန်းမ သင်ရေဆာလို့ ရေသောက်ခွင့်ပြုခဲ့တဲ့ ငါ့ရဲ့ကျေးဇူးကိုမထောက်ထားဘဲ ဘယ်အတွက်ကြောင့် ငါ့ကိုရိုက်သတ်ဖို့ ကြံရွယ်ရပါသလဲ"လို့ မြွေမကမေးတော့ လယ်သမားရဲ့ဇနီးက "အသင်မြွေမ သင်ဟာ ငါ့ရဲ့ယောကျ်ားလယ်သမားက မေတ္တာစေတနာနဲ့ တောမီးတွေ အကြီးအကျယ်လောင်နေတဲ့ကြားက သင့်ရဲ့အသိုက်နဲ့ဥတွေကို တောမီးထဲပါမသွားရလေအောင် အပင်ပန်းအဆင်းရဲခံပြီး ပြောင်းရွှေ့ပေးခဲ့တယ်။ သင်ဟာ ဒီကျေးဇူးကို မထောက်ထားဘဲ ငါ့ရဲ့ယောကျ်ားကို သင်က အသေပေါက်သတ်ဖို့ရန်လိုပြီး ကြံရွယ်ခဲ့တယ်မဟုတ်လား" လယ်သမားရဲ့ ဇနီးပြောတဲ့ စကားဆုံးတာနဲ့၊ အမျက်ဒေါသထွက်ရန်လိုနေတဲ့ မြွေမဟာ ခဏအတွင်းမှာပဲ အသိသတိဝင်လာကာ အသိမှန်အမြင်မှန်ရအောင်ပြောပြတဲ့ လယ်သမားရဲ့ဇနီးကို-

"အသင်ပြောတဲ့စကားဟာ ရိုးသားမှန်ကန်ဖြူစင်မွန်မြတ်ပါပေတယ်။ သင်ရဲ့ယောကျ်ား လယ်သမားက ငါ့ရဲ့ အသိုက်နဲ့ဥတွေကို ပြောင်းရွှေ့ထားပေမဲ့ ဥလဲမကွဲသလို အသိုက်လဲမပျက်ပါဘူး။ ဒါကြောင့် သင့်ရဲ့ယောကျ်ားကို ငါက ရန်မပြုတော့ပါဘူး။ သင်လဲ ငါ့ကို ရန်မပြုပါနဲ့။ ငါတို့တွေ ဒေါသကို ချိုးနှိမ်ပြီး မေတ္တာတရားနဲ့ ငြိမ်းချမ်းသာယာပျော်ရွှင်အောင်နေကြပါစို့"လို့ မြွေမက ပြောတဲ့အခါ လယ်သမားရဲ့ဇနီးကလဲ မြွေမကိုအပြစ်မမြင်၊ ရိုက်မသတ်တော့ဘဲ နှစ်ဦးနှစ်ဖက်နားလည်မှုရရှိသွားကာ အသက်ထက်ဆုံးအဆင်ပြေငြိမ်းချမ်းစွာ နေထိုင်သွားကြသတဲ့ကွယ်။

ကလေးတို့ရေ ဒီဖြစ်ရပ်ကို ဥပမာပြုပြီး လောဘ၊ ဒေါသ၊ မောဟတွေကို အတတ်နိုင်ဆုံးထိန်းသိမ်းကြပြီး စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်နဲ့နေထိုင်ကြရမယ်နော်။

ကလေးတို့ရေ လူဆိုတာ အတ္တမာန်မာန၊ လောဘဒေါသတွေက မကင်းကြပါဘူးကွယ်။ ဒါပေမဲ့ လူဟာ တိရစ္ဆာန်မဟုတ်ကြဘူးလေ၊ ဒီတော့ လူဖြစ်ကြတဲ့ လူသားတိုင်းဟာ အကောင်းအဆိုး၊ အကြောင်းအကျိုးတွေကို မှန်မှန်ကန်ကန်ဝေဖန်သုံးသပ်ပြီး မေတ္တာနဲ့သီးခံခွင့်လွှတ်ကြရမယ်နော်။ နောက်ပြီး တိုင်းပြည်နဲ့လူမျိုးအတွက် ငြိမ်းချမ်းသာယာဝပြောပြီး အစဉ်ဖွံ့ဖြိုးတိုးတက်အောင် ကလေးတို့က ကိုယ်စွမ်းရှိသလောက်၊ ဉာဏ်စွမ်းရှိသလောက်နဲ့ စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်ကြရမယ်နော်။ ။

ကိုမောင်လှသိန်း(ညိုမြတို့ရွာ)

## စာနာတတ်သူလေး



- အားနည်းသူကို ဖေးမကူ
  စိတ်ထားကောင်းမြတ်သူ၊
  တန်းတူညီတူ သဘောထား
  ဘယ်ခါမခွဲခြား။
- သူငယ်ချင်းများ အပေါ်ဝယ်
  အမြဲသည်းခံတယ်၊
  ငယ်ရွယ်သူကို ကူညီပေး
  စာနာတတ်သူလေး။ ။

တေးရတု(ညောင်လေးပင်)

## ခြ ပျားပမာ စုဆောင်းပါ



- လောကလူသား မင်းသူငါ
  ခြ ပျားပုံပမာ၊
  စုဆောင်းဖွေရှာ ဥစ္စာများ
  တိုးပွားကြစေသား။
- မနေမနား ကြိုးစားမယ်
  ဖွဲလို့လဆောင်ကွယ်၊
  ရိုးသားမှုရယ် တူယှဉ်လျက်
  လျှောက်လှမ်းခရီးဆက်။ ။

လမင်းခန့်(ပညာရေး)

ဝမ်းနည်းကြေကွဲခြင်း

စည်သူဘွဲ့၊ အလင်္ကာကျော်စွာဘွဲ့၊

အမျိုးသားစာပေတစ်သက်တာဆု(၂၀၂၁ ခုနှစ်)နှင့် အမျိုးသားစာပေဆုရှင်

ဆရာမကြီး ဒေါက်တာ မတင်ဝင်း

အသက်(၈၇)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ ဆရာမကြီး ဒေါက်တာ မတင်ဝင်း သည် ၁၀-၇-၂၀၂၆ ရက်(သောကြာနေ့)နံနက် ၇ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ


## မီးငြိမ်းပြီးပါက ပြုလုပ်ရန်အချက်များ။



၁။ မိသားစုဝင်များကို စုံ၊မစုံစစ်ဆေးပါ။

၂။ ထိခိုက်ဒဏ်ရာရသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာန၏ ခွင့်ပြုချက်ရရှိမှသာ မီးလောင်ပြီးသောအဆောက်အအုံအတွင်းသို့ဝင်ပါ။

၄။ လုံခြုံရေးအစီအမံများအတွက် ကူညီဆောင်ရွက်ပါ။

# ဝန်းသိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၁၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကောလင်း ဇူလိုင် ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ်တွင် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၁၁၈၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝန်းသိုမြို့နယ်တွင် စပါး ၃၈၉၉၂ ဧကစိုက်ပျိုးရန် လျာထားပြီး အဆိုပါ စပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လပထမပတ်မှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၁၁၈၀ ထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဝန်းသိုမြို့နယ်မှာ စပါး ၃၈၉၉၂ ဧကစိုက်ပျိုးဖို့အတွက်လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၁၈၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေ ဆောင်ရွက်ပေးမယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့၊ ပိုးမွှား အန္တရာယ်ကင်းစင်ဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေပါတယ်"ဟု ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြသည်။

ဝန်းသိုမြို့နယ်တွင် စပါးစိုက်တောင်သူများကို ခရိုင်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး၊ ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေး အသိပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် စပါးကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း ကောလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မာချိုက ပြောပြ၍ သိရသည်။

(၂၀၆)



# AMM ေအာင်ပြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ စုပေါင်းအသက်အာမခံ
၆။ မြွေဟန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ချင်းအသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ



## မိသားစုဘဝ လုံခြုံစိတ်ချဖို့
## "ကျန်းမာရေးအာမခံ" ထားကြစို့!

**WE PROTECT THE FAMILY**

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃

အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃

၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇

## ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်၊ ၄၈ လမ်း၊ ၁၁၈ လမ်း၊ မြရည်နန္ဒာ အိမ်ရာနေ လွင်မျိုးသော် (ဘ) ဦးသူရမြင့်(၉/ခမစ(နိုင်)၀၆၄၂၅၀) ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-789456062

## ဖခင်အမည်မှန်

စစ်ကိုင်းမြို့၊ မေဂဝန်းဘကကျောင်း၊ Grade-9 တွင် ပညာသင်ကြားနေသော မနှင်းရတီ၏ဖခင်အမည်မှန်မှာ **ဦးခင်မောင်ချင်း** ဖြစ်ပါကြောင်း။

**ဦးခင်မောင်ချင်း(၅/စကန(နိုင်)၁၉၀၉၃၂)**

## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ CAE ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-10 တွင် ပညာသင်ကြားနေသော မဆုပြည့်မောင်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးဇော်မျိုးထွန်း** ဖြစ်ပါကြောင်း။ **ဦးဇော်မျိုးထွန်း(၉/အမရ(နိုင်)၁၂၀၃၃၀)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စံဟိန်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-4 တွင် ပညာသင်ကြားနေသော မောင်နေလင်းခန့်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **ဦးစိုး** ဖြစ်ပါကြောင်း။ **ဦးစိုး(၉/ခမစ(နိုင်)၀၂၆၄၄၄)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သူရသီဟ ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-11 တွင် ပညာသင်ကြားနေသော မသက်ဦးမေ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးမင်းမင်းနိုင်** ဖြစ်ပါကြောင်း။ **ဦးမင်းမင်းနိုင်(၉/ခမစ(နိုင်)၀၃၀၀၇၂)**

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## မီးလောင်မှုဖြစ်ပွားသည့်ပုံစံနှင့် မီးငြိမ်းသတ်ရန်နည်းလမ်းများ။

၁။ လူနှင့်အဝတ်အစားများကို မီးလောင်ခြင်း။
- ကြောက်လန့်တကြားမပြေးပါနှင့်။
- မြေကြီး(သို့) ကြမ်းပြင်ပေါ် သို့ လှဲချ၍ ခန္ဓာကိုယ်ကို လှိမ့်ပါ။
- ရေစိုသောအဝတ်စဖြင့် မီးလောင်သူကို ဖုံးအုပ်ပါ။



၂။ သစ်သား၊ စက္ကူများလောင်ကျွမ်းခြင်း။
- ရေ၊ ရေစိုအဝတ်(သို့) သဲ၊ မီးသတ်ဆေးဘူးဖြင့် ငြိမ်းသတ်ပါ။

၃။ ဓာတ်ဆီ၊ စက်သုံးဆီများလောင်ကျွမ်းခြင်း။
- ရေစိုအဝတ်၊ သဲတို့နှင့် အုပ်၍ (သို့) မီးသတ်ဆေးဘူး အသုံးပြု၍ မီးငြိမ်းသတ်ပါ။( ရေဖြင့်မငြိမ်းရ)

၄။ လျှပ်စစ် ဝါယာရှော့ဖြစ်ခြင်း။
- ပင်မ မိန်းခလုတ်ကိုပိတ်ပါ။ (မိန်းခလုတ်မပိတ်ဘဲရေဖြင့် မငြိမ်းရ။)
- ခြောက်သွေ့သောအဝတ်ပိတ်စတို့ဖြင့် ရိုက်ပုတ် ငြိမ်းသတ်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။

၅။ အိမ်သုံးဂက်စ်အိုး မီးလောင်ခြင်း။
- ဓါတ်ငွေ့ထွက်ပေါက်ကို လက်(သို့)သင့်လျော်သော ပစ္စည်းဖြင့် ပိတ်ပါ။ ဓါတ်ငွေ့ ပိုက်လိုင်းကို ခေါက်၍ အမြန်ဆုံး ပိတ်နိုင်အောင် ဆောင်ရွက်ပါ။
- မီးသတ်ဆေးဘူး အသုံးပြုပါ။
- မီးသတ်ဌာနကိုဆက်သွယ်ပါ။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြင်ဦးလွင်မြို့ မြို့ပြဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ လိုက်လံကြည့်ရှုစစ်ဆေး

စာမျက်နှာ – ၁၈

- ❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
- ❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
- ❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဒုတိယသမ္မတ ဦးညိုစော၂၀၂၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇူလိုင် ၁၁

၂၀၂၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၁ ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ဒုတိယသမ္မတ ဦးညိုစော တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊

စာမျက်နှာ ၁၆ ကော်လံ ၁ ☆





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညိုစော ၂၀၂၆ ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# အနီးစခန်းလေဆိပ်သစ်ဖွင့်လှစ်၍ လေကြောင်းလိုင်းများ စတင်ပျံသန်းပြေးဆွဲ

နေပြည်တော် ဇူလိုင် ၁၁

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြင့် ဒေသတွင်းခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ ခရီးသွားလာနိုင်ရေးနှင့်စီးပွားရေးကဏ္ဍပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အသစ်တည်ဆောက်ပြီးစီးခဲ့သော အနီးစခန်းလေဆိပ်ကို ယနေ့တွင် နိုင်ငံတော်သမ္မတက ဖွင့်လှစ်ပေးပြီး ယနေ့၌ပင် မြန်မာအမျိုးသားလေကြောင်းလိုင်းက ရန်ကုန်-ဟဲဟိုး-အနီးစခန်း - နေပြည်တော် - ရန်ကုန်ခရီးစဉ်နှင့် မင်္ဂလာလေကြောင်းလိုင်းက ရန်ကုန်-တာချီလိတ်-အနီးစခန်း-ရန်ကုန် ခရီးစဉ်တို့ကို စတင်ပျံသန်းပြေးဆွဲကြောင်း သိရသည်။

အနီးစခန်းလေဆိပ်ကို အခြေပြု၍ ရှမ်းပြည်နယ်အတွင်းရှိ တာချီလိတ်၊ ဟဲဟိုးမြို့တို့နှင့် ရန်ကုန်၊မန္တလေး၊နေပြည်တော် စသည့် မြို့ကြီးများသို့ တိုက်ရိုက်ခရီးစဉ်များကို မြန်မာအမျိုးသားလေကြောင်းလိုင်း၊ မင်္ဂလာလေကြောင်းလိုင်း၊ အဲသံလွင်လေကြောင်းလိုင်း၊ မန်းရတနာပုံ လေကြောင်းလိုင်းတို့က ယနေ့မှစတင်၍ အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေနေ့တို့တွင် ပုံမှန်ပျံသန်းပြေးဆွဲသွားရန် စီစဉ်ထားရှိကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

## အာဇာနည်နေ့နှင့် မျိုးဆက်သစ်တို့၏ သမိုင်းပေးတာဝန်

ဆောင်းပါး

စာမျက်နှာ – ၂၈

## ဇူလိုင်လအတွင်း အင်အားအသင့်အတင့်ရှိ အယ်လ်နီညိုအခြေအနေ ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ(Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေတွင် တည်ရှိနေသည်။နိုင်ငံတကာမိုးလေဝသဌာနများ၏သင်္ချာပုံစံပြုမော်ဒယ်လ်များ ခန့်မှန်းချက်အရ ဇူလိုင်လအတွင်း အားအသင့်အတင့်ရှိသော အယ်လ်နီညိုအခြေအနေတွင် ဆက်လက်တည်ရှိနိုင်ပြီး ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါအယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှုမမှန်ခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများမူမမှန်ခြင်း၊ လာမည့်နွေကာလများတွင် နေ့အပူချိန်များ မြင့်မားခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်၍ မိမိတို့သက်ဆိုင်ရာကဏ္ဍများအလိုက် ကြိုတင်ပြင်ဆင်နိုင်ကြရန် အသိပေးအပ်ပါသည်။ (မိုး/ဇလ)

## မြစ်ရေကြီးမှု အခြေအနေ

နေပြည်တော် ဇူလိုင် ၁၁

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် တစ်လက်မခန့်တွင် ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနေပြီး နောက်တစ်ရက်အတွင်း

စာမျက်နှာ ၂၃ ကော်လံ ၄ ❖



# ဘယ်လ်ဂျီယံအသင်းကို အနိုင်ရရှိပြီး စပိန်အသင်း ဆီမီးဖိုင်နယ်အဆင့်တက်ရောက်

ဝါရှင်တန် ဇူလိုင် ၁၁

၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ် ယနေ့နံနက်ပိုင်းက အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်ရှိ လေ့အိန်ဂျလိစ်အားကစားကွင်းတွင် စပိန်အသင်းနှင့် ဘယ်လ်ဂျီယံအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ စပိန်အသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့် တက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစတင်ကတည်းက စပိန်အသင်းက

စာမျက်နှာ ၂၃ ကော်လံ ၁ ■